The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 22 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 12 , 2017

# အီးယူ၏ P2P Programme အရ မဟာဗျူဟာမြောက် ကုန်စည်ကုန်သွယ်မှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အီးယူ၏ P2P Programme နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် နှစ်မျိုးသုံး ကုန်စည်များ၏ ပို့ကုန်ထိန်းချုပ်ရေးဆိုင်ရာ ဥရောပသမဂ္ဂ (အီးယူ) ၏ ၂၀၁၅-၂၀၁၇ မိတ်ဖက်အစီအစဉ် တစ်ခုဖြစ်သည့် မဟာဗျူဟာမြောက် ကုန်စည်ကုန်သွယ်မှုထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် Hilton Hotel တွင် ဇွန် ၅ ရက် မှ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရပါသည်။

စာမျက်နှာ - ၈ ➤




## ကုန်စည်ပြပွဲဆိုင်ရာ နမူနာထုတ်ကုန်ပစ္စည်းများကို တင်ပို့တင်သွင်းရာတွင် ပိုမိုလွယ်ကူလျင်မြန်စေမည့် ATA Carnet စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ATA Carnet အလုပ်ရုံဆွေးနွေးပွဲကို မေလ ၃၀ ရက်က ရန်ကုန် မြို့၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် UMFCCI ၏ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားရာတွင် ATA Carnet စနစ်သည် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းအသိုက်အဝန်းကို ကောင်းစွာအထောက်အကူပေးနိုင်မည်ဟုယူဆပါကြောင်း၊

စာမျက်နှာ - ၁၇ ➤

### မကွေးတိုင်းဒေသကြီးမှ စမုံနှမ်းနက်များကို ဂျပန်နှင့် အီးယူနိုင်ငံများသို့ တင်ပို့နိုင်တော့မည်

စာမျက်နှာ - ၂၂ ➤

### ရေကြည်မြို့တွင် ရေကြည်ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက် ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေထုတ်ပေး

စာမျက်နှာ - ၂၃ ➤

### ထိုင်းပို့ကုန်သွင်းကုန်ဘဏ်၏ ပထမဆုံး ပြည်ပကိုယ်စားလှယ်ရုံးကို မြန်မာနိုင်ငံ၌ စတင်ဖွင့်လှစ်

စာမျက်နှာ - ၃၀ ➤




No.686, Kyan Sitt Thar Road,(108) Word East Dagon Myothit Township, Yangon, Myanmar.
Tel: 095051682, 09 265088881, 09 265088882, 09 265088883, Email : royalherculespower@gmail.com

# EFD

## EXCELLENT FORTUNE DEVELOPMENT GROUP COMPANY LIMITED.

- BANKING
- INSURANCE
- FINANCE
- INDUSTRY
- PLANTATION
- ELECTRICITY
- MINING
- CONSTRUCTION
- FOUNDATION


CEMENT




CONSTRUCTION



INSURANCE




MINING



INDUSTRY



PLANTATION



NO. (5 - A), PYAY ROAD, WARD (10), HLAING TOWNSHIP, YANGON, MYANMAR.
TEL: (0095-1) 507 496, 507 497. FAX: (0095-1) 535 768
EMAIL : SERVICE@EFDGROUP.COM, WEBSITE : WWW.EFDGROUP.COM

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြိတ်မြို့ကတန်ကျွန်းနှင့် ပထော်ပတက်ကျွန်းများရှိ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုအားပေး



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့သို့ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၃ ရက်က မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတန်ကျွန်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ ခေတ်မီရေငန်ပုစွန်မွေးမြူရေး ဧက ၁၂၀၀ စီမံကိန်းရုံးသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ဒါရိုက်တာ ဦးကျော်လင်းက ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုစွန်ပျော့မွေးမြူရေး စီမံကိန်းနယ်မြေအတွင်း ပုစွန်သားဖောက် ပြုစုကန်၊ ပုစွန်မွေးမြူရေး

စာမျက်နှာ - ၁၂ ➤

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်
# Myanmar Investor Development Association မှ
# ဦးခင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Myanmar Investment Forum 2017 သို့ တက်ရောက်ခဲ့သည့် Investor Development Association ဥက္ကဋ္ဌ၊ ဦးခင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇွန် ၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၇ သို့တက်ရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု (One Belt One Road) အစီအစဉ်တွင် တက်ကြွစွာ လိုက်ပါဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ပြီး ပြည်ပတိုက်ရိုက်ရင်း



နှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည့်အခြေအနေများ၊ အလားအလာရှိသော ကုန်သွယ်မှုဆိုင်ရာ ကဏ္ဍများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်းသတင်း ရရှိသည်။

**MOC(IR)**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး
# H.E. Mr. Roland Kobia ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek, EURO-CHAMBRES ၏ CEO ဖြစ်သူ Mr. Arnaldo Abruzzini နှင့် EuroCham Myanmar ၏ Chairman ဖြစ်သူ Mr. David Levrat တို့အား နေပြည်တော်ရှိ KEMPINSKI HOTEL ၌ ၂၀၁၇ ခုနှစ်၊ ဇွန် ၈ ရက်တွင် လက်ခံ တွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများကို ဆက်လက်ရှင်သန်ခိုင်မာအောင်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ တိုးမြှင့်ထုတ်လုပ်၍ ဥရောပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းပညာအကူအညီပေးရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်ကဏ္ဍများ ဖန်တီးဖော်ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မေလတွင် ဆန်နဲ့ဆန်ကွဲ အနီးစပ်ဆုံးကာလထက် ပိုမိုတင်ပို့

မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၂၈ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၃၆၂၇၁ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၅၂၈တန်ကျော်နဲ့ဧည့် မထဆန် တန်ချိန် ၁၉၈၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ငစိန်ဆန် ၁၂၄ တန်ကျော်နဲ့ ဧည့်မထဆန် ၂၁၃ တန် ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန်၁၅၀၅၀ ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၇တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဆန်အပြင် ကောက်ညှင်းဆန် ၅၀၄တန်ခန့် ကို မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့ပြီး ချင်းရွှေ ဟော်ကုန်သွယ်ရေးစခန်းမှ ကောက်ညှင်းဆန် ၁၅တန်ခန့်တင်ပို့ ခဲ့ပါတယ်။

မေတစ်လလုံး တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ၅၉ဒသမ ၀၉၄သန်းဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် တန်ချိန် ၁၈၈၇၉၀ခန့် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဧပြီနဲ့နှိုင်းယှဉ်ပါက ဧပြီက အမေရိကန်ဒေါ်လာ ၂၆ဒသမ ၁၇၃ သန်း တန်ဖိုးရှိ ဆန်တန် ချိန် ၈၃၈၇၀ တင်ပို့ခဲ့တဲ့အတွက် မေလမှာ တန်ချိန် ၁၀၄၉၂၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁သန်း တန်ဖိုးရှိ ဆန်ကွဲ ၅၂၈၈ တန် တင်ပို့ခဲ့ပါတယ်။ ဆန် ကွဲကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၃၁၉၄ တန်ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၀၉၄ တန်ကျော် တင်ပို့ခဲ့ပါ တယ်။ မေတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁၈ သန်းတန်ဖိုးရှိဆန်ကွဲ ၂၃၃၁၁တန်ကျော်တင်ပို့ပြီး အနီးစပ်ဆုံး ဧပြီက အမေရိကန်ဒေါ်လာ ၂ ဒသမ၆၃၈သန်းတန်ဖိုးရှိဆန်ကွဲ ၁၁၃၉၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလ ဆန်ကွဲတင်ပို့မှုမှာ ၁၁၉၁၈ တန် ပိုမို တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၂၈ ရက်မှ ဇွန် ၃ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၉၁သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၉၁၁၅တန် တင်ပို့ ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၆၄၃၀၊ရုရှား နိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၄၅၀ နဲ့ ဧည့်မထဆန် တန်ချိန် ၁၅၀၊ မက်ဒါဂါစကာနိုင်ငံသို့ ဧည့်မထဆန် ၆၂၅ တန်၊ အင်ဒို ရာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၅၀၊ တိုဂိုနိုင်ငံသို့ ဧည့်မထ ဆန် တန်၁၀၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၇၅၄၈ တန်၊ အိုင်ဗရီကိုစ့်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၀၀၀၀၊ အီးယူ နိုင်ငံများသို့ ဧည့်မထဆန် ၂၅၆၄ တန်နဲ့ ပေါင်းဆန်တန်ချိန်၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၄၈တန်တင်ပို့ခဲ့ပါတယ်။

မေ တစ်လလုံးမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ၁၂၇သန်း တန်ဖိုးရှိဆန်၇၂၀၄၆ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဧပြီက အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၃၃သန်းတန်ဖိုးရှိဆန် ၂၇၁၂၂တန် တင်ပို့ခဲ့တဲ့အတွက် မေမှာ ၄၄၉၂၄တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ဆန်ကွဲကို မေလအတွင်း အမေရိကန်ဒေါ်လာ၁၂ဒသမ ၉၄၁ သန်းတန်ဖိုးရှိ ၅၁၂၇၁တန် တင်ပို့ခဲ့ပြီး ဧပြီ လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဧပြီက အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀၈သန်း ဖိုးနဲ့ ၁၈၂၆၈ တန် တင်ပို့ခဲ့တဲ့အတွက် မေလအတွင်းမှာ ဆန် ကွဲ ၃၃၀၀၃တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မေလအတွင်းမှာ ကုန်သွယ်ရေးစခန်းနဲ့ ပင်လယ်ရေ ကြောင်းနည်းလမ်း နှစ်သွယ်စလုံးမှ ဆန်နဲ့ဆန်ကွဲကို အနီးစပ် ဆုံး ဧပြီလထက် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## ပုသိမ်မြို့ဆန်၊ စပါးဈေးကွက် မေလနောက်ဆုံးပတ်အတိုင်း စပါးဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း ဆန်ဈေးအနည်းငယ်ကျဆင်း

ပုသိမ်မြို့ဆန်၊ စပါးဈေးကွက်တွင် မေလနောက်ဆုံးပတ်က ဧရာဝတီပေါ်ဆန်းကြီး (၁၀၅) ပေါင် တင်း ၁၀၀ ကို ကျပ် ၁၀သိန်း၀န်းကျင်၊ ပေါ်ဆန်းရင်စပါး (၁၀၅) ပေါင်တင်း ၁၀၀ကို ကျပ်ရှစ်သိန်းရှစ်သောင်းခန့်၊ မနောသုခမိုးစပါး (၄၆) ပေါင်တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း၀န်းကျင်၊ နွေသီးထပ်ရင် စပါး (၄၆ ) ပေါင်တင်း ၁၀၀ ကို ကျပ်လေးသိန်းငါး သောင်းနှင့် ရောင်း၀ယ်လျက်ရှိပြီး ဆန်ဈေးနှုန်းမှာ ပေါ်ဆန်းကြီးတစ်အိတ်လျှင် ကျပ်၃၇၀၀၀၊ပေါ်ဆန်းရင်တစ်အိတ်လျှင် ကျပ် ၃၅၅၀၀၊ မနောသုခတစ်အိတ်လျှင် ကျပ် ၁၉၅၀၀၊ နွေသီးထပ်ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ ဖြင့် ရောင်း၀ယ် လျက်ရှိကြောင်း ဆန်စပါးလက်ကားဈေးကွက်မှ သိရသည်။

ဇွန်ပထမပတ်အတွင်း ပေါ်ဆန်းကြီးဆန်တစ်အိတ်လျှင် ကျပ် ၃၆၅၀၀၊ ပေါ်ဆန်းရင်ဆန်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ မိုးမနောသုခဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀၊ နွေသီးထပ်ရင် ဆန်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀ ဈေးနှုန်း ဖြစ်သွား၍ ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ၀န်းကျင်ကျဆင်း သွားကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

ပုသိမ်ဈေးကွက်အနေဖြင့် မိုး၊ နွေစပါးဈေးနှုန်းမှာ ယခင်မေလနောက်ဆုံးပတ်ကအတိုင်း ပြောင်းလဲမှုမရှိဘဲ ရန်ကုန် နှင့် အညာဒေသများမှ ၀ယ်လိုအား အတက်/အကျ ပေါ်မူတည်၍ အရောင်းအ၀ယ်အေးလျှင် ဈေးနှုန်းကျဆင်းပြီး အရောင်းအ၀ယ်သွက်လျှင် ဈေးနှုန်းမြင့်တက်ကြောင်း ဆန်စပါးအသိုင်းအ၀ိုင်းမှသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ဆန်ချောအရောင်းအ၀ယ်ပုံမှန်ရှိပြီး ပို့ကုန်ဆန်အရောင်းသွက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအရောင်း အ၀ယ်ပုံမှန်ရှိပြီး ပို့ကုန်အတွက် ၂၅ မှတ်ဆန် အရောင်းအ၀ယ် သွက်တယ်လို့သိရပါတယ်။ ဆန်ချော အရောင်းအ၀ယ်အေး သလို ဈေးနှုန်းလည်းငြိမ်နေပါတယ်။ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်လျှင် ကျပ် ၃၄၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ်၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ် ဆန်းတစ်အိတ်ကျပ် ၄၂၀၀၀ မှ ကျပ် ၄၄၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။

ဧည့်မထ ၂၅ မှတ်ဆန် ထိပ်စတစ်အိတ်ကျပ် ၁၈၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၁၆၈၀၀၊ မနောသုခတစ်အိတ်ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀ နဲ့ဈေးငြိမ်နေပြီး၊ နွေသီးထပ်ရှယ် တစ် အိတ်ကျပ် ၁၈၀၀၀မှ ကျပ်၁၈၅၀၀၊ နွေဆန်ရက် ၉၀တစ်အိတ် ကျပ်၁၉၀၀၀မှ ကျပ် ၂၁၀၀၀နဲ့အရောင်းအ၀ယ်အေးပြီး အ၀င် လည်းပါးတဲ့အတွက် တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးကျပါ တယ်။ အရောင်းအ၀ယ်သွက်တဲ့ပို့ကုန်အတွက် ၂၅ မှတ်ဆန် ကတော့ တစ်အိတ်ကိုကျပ် ၁၆၅၀၀မှ ကျပ်၁၆၇၀၀ဖြစ်ပြီးတစ် အိတ်ကို ကျပ် ၂၀၀ ခန့်ဈေးတက်ကြောင်း ဝါးတန်းကုန်စည် ဒိုင်မှသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅ မှတ်မော်ဘီတစ် အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်နဲ့ စူပါတစ်အိတ် ၁၃၂ ယွမ်မှ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၂ ယွမ်နဲ့ စူပါတစ်အိတ်ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ် အိတ် ၁၁၈ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်ဆန်တစ်အိတ် ၁၁၂ယွမ် မှ ၁၁၄ ယွမ်နဲ့ မနောသုခတစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်ရှိ ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အ၀င်မှာ ဇွန် ၁ ရက်မှ ၇ရက်အထိ တန်ချိန် ၂၀၀၃၀ရှိပါတယ်။ ဆန်အရောင်းအ၀ယ် ပုံမှန်ရှိနေပြီး ဇွန် ၉ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၄ ကျပ် ဈေးပေါက်ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၇-၆-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၅၃ | ၄၇၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၀ | ၄၅၅ | △ | ၃၇၂ | ၃၇၂ | □ | ၄၀၀ | ၄၀၀ | □ | ၄၃၂ | ၄၃၂ | □ |
| ဆန်ဖြူ ၁၀% | ၄၂၉ | ၄၄၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၂၅ | ၄၄၁ | △ | ၃၅၈ | ၃၅၈ | □ | - | - | - | ၄၂၀ | ၄၂၀ | □ |
| ဆန်ဖြူ ၂၅% | ၄၁၄ | ၄၂၉ | △ | ၃၅၀ | ၃၅၀ | □ | ၃၆၅ | ၃၆၅ | □ | ၃၈၀ | ၃၇၅ | ▽ |
| ပေါင်းဆန် | ၄၆၀ | ၄၇၀ | △ | - | - | - | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၂၅ | ▽ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၉-၆-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပို့ဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | △ | ၁၉၅၀၀ | △ | ၇၇၀၀ | △ | ၃၅၅၀၀ | △ |
| ပဲခူး | ၄၂၀၀ | △ | ၁၇၀၀၀ | △ | ၆၅၀၀ | △ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၅၀၀၀ | □ | ၁၁၅၀၀ | △ | ၃၈၀၀၀ | △ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၅၀ | △ | ၁၆၈၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | △ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | △ | - | - | ၃၈၀၀၀ | ▽ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | △ | ၃၂၀၀၀ | ▽ | - | - | ၄၅၀၀၀ | ▽ |
| မြိတ် | ၃၈၀၀ | □ | ၂၂၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၄၂၀၀ | △ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၅-၆-၂၀၁၇ မှ ၉-၆-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 608 | 27,961,182.256 |
| 2 | Form D | 64 | 2,938,495.290 |
| 3 | Form E | 75 | 1,418,509.310 |
| 4 | Korea GSP | 6 | 81,116.750 |
| 5 | Form AK | 62 | 4,689,418.689 |
| 6 | Form AJ | 5 | 463,812.400 |
| 7 | Form AI | 149 | 7,303,291.470 |
| 8 | Form AANZ | 10 | 56,944.080 |
| 9 | Form DFTP | - | - |
| **Grand Total** | | **979** | **44,912,770.245** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၆-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၃၃ | ၁၃၉၁ | ▼ | ၁၄၆၇ | ၁၄၆၇ | ■ | ၁၄၇၅ | ၁၄၁၅ | ▼ | ၁၅၀၀ | ၁၄၄၀ | ▼ |
| ပဲစင်းငုံ | ၁၀၇၀ | ၁၀၄၅ | ▼ | ၉၇၅ | ၁၀၁၇ | ▲ | ၉၉၀ | ၁၀၁၀ | ▲ | ၉၇၅ | ၁၀၀၀ | ▲ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၃၆၅ | ▼ | ၂၂၉၃ | ၂၃၄၇ | ▲ | ၂၂၃၇ | ၂၁၀၅ | ▼ | ၂၀၀၀ | ၁၉၅၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၆၅၀ | ▼ | ၂၁၀၃ | ၂၁၄၈ | ▼ | - | - | - | ၂၀၅၅ | ၂၀၃၀ | ▼ |
| ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၀၀ | ■ | ၁၅၀၀ | ၁၅၀၀ | ■ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၅၆၅ | ▼ | ၁၇၄၂ | - | - | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၆-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၇၅ | ၆၆၀ | ▼ | ၇၃၇ | ၇၂၃ | ▼ | ၇၄၅ | ၇၄၇ | ▲ |
| ပဲစင်းငုံ | ၄၇၅ | ၄၉၀ | ▲ | ၅၄၃ | ၅၅၆ | ▲ | ၅၉၀ | ၆၀၇ | ▲ |
| ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၆၃၆ | ၆၃၈ | ▲ | ၆၈၃ | ၆၈၅ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၈၂၃ | ၈၄၈ | ▲ | ၈၂၃ | ၈၂၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၇.၅.၁၇)ထိ | ယခုတစ်ပတ် (၃.၆.၁၇)ထိ | (၁.၁.၁၇) မှ (၃.၆.၁၇) ထိ |
| မတ်ပဲ | ၂၀၀၉၈၆ | ၁၅၂၈၅ | ၂၁၆၂၇၁ |
| ပဲတီစိမ်း | ၇၉၉၆၄ | ၄၉၂၁ | ၈၄၈၈၅ |
| ပဲစင်းငုံ | ၁၁၆၈၇၆ | ၅၃၅၁ | ၁၂၂၂၂၇ |
| ကုလားပဲ | ၂၇၁၈၆ | ၉၉၆ | ၂၈၁၈၂ |
| ပဲလွန်းဖြူ | ၁၀၆၄၉ | ၃၉၀ | ၁၁၀၃၉ |
| မြေထောက်ပဲ | ၇၄၀၀ | ၈၄ | ၇၄၈၄ |

## ပြည်မတ်ပဲဈေးအေးနေသလို အရောင်းအဝယ်လည်းအေး

ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇွန်လဆန်းပိုင်းအတွင်း မတ်ပဲသီးနှံနေ့စဉ်ဝင်ရောက်လျက်ရှိသော်လည်း ပဲအဝင်ပါးခဲ့လို့ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက် ခေါင်းမြို့နယ်များမှ တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ ဝင်ရောက်ခဲ့ပါတယ်။ မေလမှစ၍ ပဲဈေးနှုန်းများ ကျဆင်းနေတဲ့အတွက် အချို့လှောင်လက်သမားနှင့်တောင်သူများက ထုတ်မရောင်းတော့ဘဲ လက်ဝယ်မှာ ဆက်လက်သိုလှောင်ထားရှိတယ်လို့သိရပါတယ်။

ရန်ကုန်ဝယ်လက်က နေ့စဉ်ဝယ်ယူခဲ့ပေမယ့် တစ်ရက်လျှင် အိတ် ၂၀၀ မှ ၃၀၀ ကျော်ခန့်သာ ရောင်းရပြီး ဈေးအေးခဲ့သလို အရောင်းအဝယ်လည်း အေးနေခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၉၀၀၀ခန့်ဖြင့် မေလကုန်ပတ်ရဲ့ကျဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲဈေးကွက်အတွင်းမှာ ပဲကြီးဈေးအမြင့်ဆုံးရ

ပြည်ပဲဈေးကွက်အတွင်း ပြည်ပဝယ်လိုအားရှိတဲ့ ပဲများဈေးအေးနေပေမယ့် ပဲကြီးသီးနှံကတော့ ဈေးအမြင့်ဆုံးနဲ့ဈေးကွက်မှာ တစ်ရက်အိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိနေခဲ့ပါတယ်။ ပဲကြော်ဖိုသမားများ ပုံမှန်ဝယ်ယူနေကြပြီး(ရွှေကျွန်း) တစ်တင်းကျပ်၄၈၀၀၀(ကမ်းနား)တစ်တင်းကျပ်၄၆၅၀၀ဖြင့် မေလကုန်ဈေးအတိုင်း ဈေးငြိမ်နေပေမယ့် ပဲဈေးကွက်အတွင်းမှာ ဈေးကောင်းရလျက်ရှိတဲ့သီးနှံဖြစ်ပါတယ်။ ပဲဝင်ရောက်မှုသိပ်မရှိတော့ဘဲ တစ်ခါတစ်ရံ ရက်ခြားဝင်ရောက်ခဲ့ကာ လက်ကျန်ပဲများရှိနေတာကြောင့် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် မေလအတွင်းနှစ်အလိုက်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲမျိုးစုံ သီးနှံများရဲ့ ဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် မေလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲသီးနှံများတွင် ပြည်ပဝယ်လက်ပဲများ ဈေးလျော့နည်းကျဆင်းခဲ့ပြီး ပြည်တွင်း ဝယ်လက်ပဲအချို့မှာ ဈေးကောင်းရလျက်ရှိခဲ့တာကို တွေ့ရပါတယ်။ မေလအတွင်း နှစ်အလိုက်ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများအရ ၂၀၁၆ ခုနှစ်က ပဲအားလုံးဈေးကောင်းရတဲ့နှစ်ဖြစ်ခဲ့ပြီး ပြည်ပဝယ်လိုအားရှိတဲ့ပဲအချို့မှာ ၂၀၁၆ခုနှစ်ရဲ့ဈေးနှုန်းကို မမီခဲ့ဘဲရောင်းဝယ်ခဲ့ကြတာကို ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိရပါတယ်။

မတ်ပဲသီးနှံအနေဖြင့် ၂၀၁၅ နဲ့ ၂၀၁၆ခုနှစ် ဈေးနှုန်းများမှာ ယခုနှစ်ထက်ဈေးကောင်းရခဲ့သလို အခြားပဲများထက်လည်း ယခင်နှစ်များမှာ ဈေးမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်မှာ တစ်တင်းကျပ် ၃၈၆၀၀ မှ ကျပ် ၄၀၂၀၀၊ ၂၀၁၆ခုနှစ်တွင် တစ်တင်းကျပ် ၅၃၅၀၀မှ ကျပ် ၅၅၀၀၀ ဖြင့် တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းရလာပေမယ့် ယခုနှစ်မှာတော့မတ်ပဲဈေးမှာပဲသစ်ပေါ်ချိန်မှစပြီးတစ်တင်းကျပ်လေးသောင်းအောက်ဈေးစဖွင့်ခဲ့ကာ ဈေးမြင့်တက်လာခြင်းမျိုးမတွေ့ရဘဲ ဈေးအေးခဲ့တဲ့ နှစ်ဖြစ်ခဲ့ပါတယ်။ တောင်သူအချို့ကလည်း တဖြည်းဖြည်း ဈေးကျဆင်းနေတာကြောင့် တက်ဈေးရနိုးရနိုးစောင့်ရင်း လက်ဝယ်သိုလှောင်ထားရှိကြကာ ရောင်းချမှုနည်းပါးခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံကလည်း မတ်ပဲသီးနှံကဲ့သို့ပင် ၂၀၁၅၊ ၂၀၁၆ခုနှစ်အတွင်းဈေးကောင်းရနေပြီး ၂၀၁၇ခုနှစ်တွင် ဈေးအေးခဲ့တဲ့သီးနှံဖြစ်ခဲ့သလို မတ်ပဲဈေးထက်ပင် ဈေးလျော့နည်းခဲ့တဲ့အတွက် တစ်တင်းကျပ်နှစ်သောင်းဝန်းကျင်သာရရှိခဲ့ပါတယ်။ ၂၀၁၅မေလတွင် မတ်ပဲနဲ့ဈေးပြိုင်ရခဲ့လို့ တစ်တင်းကျပ် ၃၆၅၀၀ မှ ကျပ် ၃၉၃၀၀ ရရှိခဲ့သလို ၂၀၁၆ ခုနှစ်တွင် ယခင်နှစ်ထက် ဈေးပိုရလာတဲ့အတွက် တစ်တင်း ကျပ် ၄၈၀၀၀မှ ကျပ် ၄၉၀၀၀ အတွင်းရရှိခဲ့ပြီး ၂၀၁၇ခုနှစ်မှာတော့ မတ်ပဲဈေးနှုန်းများလျော့နည်းလာသလို ပဲစင်းငုံသီးနှံဈေးလည်း လျော့နည်းသွားပါတယ်။ ပဲဈေးက မေလအတွင်း တစ်တင်းကျပ် ၁၉၅၀၀ မှ ကျပ် ၂၀၀၀၀ အတွင်းသာ ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။


ကုလားပဲသီးနှံမှာ ပြည်တွင်းဝယ်လက်များ အဓိကထား ဝယ်ယူပေမယ့် ပြည်ပဝယ်လက်ပဲဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်မှ ယခုအချိန်ထိ တစ်နှစ်ပြီးတစ်နှစ်ဈေးမြင့်တက်လာတာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်တွင် တစ်တင်းကျပ် ၂၁၅၀၀ မှ ကျပ် ၂၃၅၀၀အတွင်းသာ ရရှိပြီး ပြည်တွင်းဝယ်ယူမှုသာရှိတဲ့ ပဲများဈေးအေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ကုလားပဲသီးနှံတစ်တင်းကျပ် ၃၈၀၀၀ မှ ကျပ် ၄၀၅၀၀ ထိရလာကာ ယင်းနှစ်တွင် ပြည်ပဝယ်လက်ပဲများနည်းတူ ဈေးနှုန်းများမြင့်တက်လာခဲ့ပါတယ်။ ၂၀၁၇ခုနှစ်တွင်လည်း ကုလားပဲသီးနှံဈေးဟာ လျော့နည်းသွားခြင်းမရှိဘဲ ယခင်နှစ်က ဈေးအတိုင်း ဈေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်တာကြောင့် တစ်တင်းကျပ်၃၈၅၀၀မှ ကျပ် ၄၀၀၀၀အထိဒေသတွင်း ဝယ်ယူသူများနဲ့ရောင်းဝယ်မှုရှိခဲ့ပါတယ်။

ပဲလွန်းဖြူသီးနှံမှာလည်း လက်လီ၊ လက်ကားပြည်တွင်းရောင်းဝယ်မှုရှိခဲ့လို့ အခြားပဲများကဲ့သို့ သိသိသာသာဈေးအတက်အကျ ပြောင်းလဲခြင်းမျိုးမဖြစ်ခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် ဈေးအနည်းငယ်စီပိုရလာခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်အတွင်း ကျပ် ၂၁၀၀၀ မှ ကျပ် ၂၂၀၀၀၊ ၂၀၁၆ ခုနှစ်တွင် ကျပ် ၂၀၀၀၀ မှ ကျပ် ၂၄၀၀၀၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၂၇၅၀၀ မှ ကျပ် ၂၈၅၀၀ အတွင်းရရှိခဲ့လို့ ကုလားပဲသီးနှံလောက်ဈေးကောင်းမရသော်လည်း ဈေးလျော့နည်းခြင်းမဖြစ်ခဲ့ဘူးလို့သိရပါတယ်။

ပဲကြီးသီးနှံများမှာတော့ ကုလားပဲသီးနှံကဲ့သို့ပင် တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းရခဲ့လို့ ယခုအချိန်မှာတော့ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေတဲ့ ပဲသီးနှံဖြစ်ခဲ့တာကြောင့်(ရွှေကျွန်း)တစ်တင်းကို ကျပ် ၄၀၀၀၀ မှ ကျပ်၅၀၀၀၀၊ (ကမ်းနား) တစ်တင်းကိုကျပ် ၃၈၀၀၀ မှ ကျပ် ၄၇၀၀၀ ဖြင့် ယခင်နှစ်များကထက် ဈေးနှုန်းသိသိသာသာ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံမှာ ဈေးမကောင်းခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် ဈေးပိုရလာခဲ့ပါတယ်။ ၂၀၁၅ခုနှစ်တွင် တစ်တင်းကျပ် ၁၆၀၀၀ ဖြင့် မေလအတွင်း ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်ခဲ့သလို ၂၀၁၆ခုနှစ်အတွင်းမှာ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ယခင်နှစ်ထက်ဈေးပိုရလာသော်လည်း ဈေးကွက်အတွင်းမှာယင်းနှစ်များအတွင်း ဈေးအနိမ့်ဆုံးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ်မှာ တစ်တင်းကျပ် ၂၃၀၀၀မှ ကျပ် ၂၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့လို့ ရှေ့နှစ်များထက် ပိုရလာကာ ပဲစင်းငုံဈေးထက်ပင် ဈေးပိုနေခဲ့ကြောင်းလေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**



| ပဲအမျိုးအစား | ၂၀၁၅ မေလ | | ၂၀၁၆ မေလ | | ၂၀၁၇ မေလ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၃၈၆၀၀ | ၄၀၂၀၀ | ၅၃၅၀၀ | ၅၅၀၀၀ | ၂၉၀၀၀ | ၃၂၂၀၀ |
| ပဲစင်းငုံ | ၃၆၅၀၀ | ၃၉၃၀၀ | ၄၈၀၀၀ | ၄၉၀၀၀ | ၁၉၅၀၀ | ၂၀၀၀၀ |
| ကုလားပဲ | ၂၁၅၀၀ | ၂၃၅၀၀ | ၃၈၀၀၀ | ၄၀၅၀၀ | ၃၈၅၀၀ | ၄၀၀၀၀ |
| ပဲလွန်းဖြူ | ၂၁၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၇၅၀၀ | ၂၈၅၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၄၅၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၂၈၅၀၀ | ၄၀၀၀၀ | ၅၀၀၀၀ |
| ပဲကြီး(ကမ်းနား) | ၂၁၅၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၃၈၀၀၀ | ၄၇၀၀၀ |
| ပဲပုပ် | ၁၆၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | - | ၂၃၀၀၀ | ၂၇၀၀၀ |

## ပြည်ပဲစင်းငုံကို ရက်ခြားသာ ရန်ကုန်ဝယ်လက်အဝယ်ရှိ

ပြည်ပဝယ်လက် ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ယခုနှစ်အတွင်း ဈေးအေးခဲ့တဲ့အတွက် လှောင်လက်သမားများ အရှုံးပေါ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများလည်း တွက်ခြေမကိုက်သလောက် ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ပဲစင်းငုံသီးနှံသည်လည်း ယခုကာလတွင် ပဲအဝင်မရှိဘဲ လက်ကျန် ပဲများဖြင့်သာ ရောင်းချ ခဲ့ကြပြီး ရန်ကုန်ဝယ်လက်သာ အဝယ်ရှိခဲ့ပါတယ်။ သို့ သော်လည်း နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီးဝယ်လိုအားရှိတဲ့ရက်မှာ အိတ် ၃၀၀ ကျော်ခန့်ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်း နှစ်သောင်းအောက်ဖြင့်ဈေးငြိမ်လျက်ရှိသလို မတ်ပဲဈေးထက်လည်း လျော့နည်းလျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

Vol: 17, No.22 Monday June 12 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၈ . ၆ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO(1) | အလုပ်မလုပ် |
| အေးရှားဝေါလ်ဆိပ်ကမ်း | - MERATUS GORONTALO | ကုန်သေတ္တာ ၅၂၀လုံးကုန်တင်ဆဲ<br>ကုန်သေတ္တာ ၅၇၂ လုံးကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - TOVE MAERSK | ကုန်သေတ္တာ ၅၁၄ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - VTC GLOBE | ဆန် ၁၇၅၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၃) | - SEA MERAY | ဆန် ၁၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - ACACIA | Steel Bar တန် ၁၀၆၂၅ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - RONG HAI | Fertilizer& Steel ၃၁၄၈၇ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - EOLUS | Coal (In Balk) ၂၈၆၀ တန်ကုန်ချဆဲ |
| နန်းသီတာဆိပ်ကမ်း | - WEI THU KAMMA | G/C တန် ၁၀၀၀ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DA QIANG | Ammonlum Nitlate ၃၀၁၁ တန်ကုန်ချရန် | | ၈ ၊ ၆ ၊ ၂၀၁၇ |
| BARGE NO 101 TAISU | SITTWE-KOREA | | ၉ ၊ ၆ ၊ ၂၀၁၇ |
| LEO STAR-1 | ဆန် ၂၀၅၀၀ တန် ကုန်တင်ရန် | SINGAPORE | ၉ ၊ ၆ ၊ ၂၀၁၇ |
| DZ QINGDAO | (50)Units Truck & Steel ၃၁၆၉၈ တန်ကုန်ချရန် | CHINA | ၉ ၊ ၆ ၊ ၂၀၁၇ |
| SIGAP | Cement(In Bulk) ၈၀၀၀ တန်ကုန်ချရန် | MALAYSIA | ၉ ၊ ၆ ၊ ၂၀၁၇ |
| TRUE LIGHT | Units Vehicle ၅၁ & STEEL ၁၈၉၅ တန် ကုန်ချရန် | JAPAN | ၉ ၊ ၆ ၊ ၂၀၁၇ |
| YU HENG XIAN PENG | Units Vehicle (RO/RO) ၁၅၀ တန် ကုန်ချရန် | CHINA | ၉ ၊ ၆ ၊ ၂၀၁၇ |
| MORNING CAPO | Units Vehicle(RO/RO) ၃၆၈တန် ကုန်ချရန် | CHINA | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| EVER PROGRESS | Steel ၂၅၀၀၀ တန်ကုန်ချရန် | CHINA | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| NAVIOS HORIZON | Steel,G/C &Vehicle Bus ၂၈၈၀၀ တန် ကုန်ချရန် | CHINA | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| VIKING CORAL | Units Vehicle(RO/RO) ၄၃၄ တန် ကုန်ချရန် | JAPAN | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| DREAM BEAUTY | Units Vehicle(RO/RO) ၁၆၁၅တန် ကုန်ချရန် | JAPAN | ၁၃ ၊ ၆ ၊ ၂၀၁၇ |
| MIDWEST ANGELA II | G/C တန် ၁၇ကုန်တင်ရန် | SINGAPORE | ၁၄ ၊ ၆ ၊ ၂၀၁၇ |
| AZURIT | Steel Product ၃၁၁၁၂ တန်ကုန်ချရန် | CHINA | ၁၄ ၊ ၆ ၊ ၂၀၁၇ |
| MARLLIA | ဆန်တန် ၂၀၀၀၀ ကုန်တင်ရန် | SINGAPORE | ၁၄ ၊ ၆ ၊ ၂၀၁၇ |
| LORD VISHNU | Units Vehicle(RO/RO) ၅၈၈ တန် ကုန်ချရန် | JAPAN | ၁၄ ၊ ၆ ၊ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BITUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈ ၊ ၆ ၊ ၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၉ ၊ ၆ ၊ ၂၀၁၇ |
| X-PRESS YAMUNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၉ ၊ ၆ ၊ ၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၀ ၊ ၆ ၊ ၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၀ ၊ ၆ ၊ ၂၀၁၇ |
| PACIFIC STAR | SINGAPORE | စက်မှုဆိပ်ကမ်း၊ | ၁၀ ၊ ၆ ၊ ၂၀၁၇ |
| HANSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၀ ၊ ၆ ၊ ၂၀၁၇ |
| MAERSK AVON | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| MATHU BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| KOTA HASIL | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| MCC MERGUI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၂ ၊ ၆ ၊ ၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ် | ၁၂ ၊ ၆ ၊ ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GURNARD | MOGAS 92 RON | - | ၈ ၊ ၆ ၊ ၂၀၁၇ |
| MT.CHAO ANOMA | P'Oil | - | ၈ ၊ ၆ ၊ ၂၀၁၇ |
| MT.AU VIRGO | P'Oil | MALAYSIA | ၉ ၊ ၆ ၊ ၂၀၁၇ |
| MT.INTAN PREMIER | ဒီဇယ်ဆီ | SINGAPORE | ၁၀ ၊ ၆ ၊ ၂၀၁၇ |
| MT.PRIMROSE | P'Oil | INDONESIA | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| MT.OCEAN LYNX | ဒီဇယ်ဆီ | SINGAPORE | ၁၁ ၊ ၆ ၊ ၂၀၁၇ |
| MT.GOLDEN COVENANT | ဒီဇယ်ဆီ | SINGAPOREN | ၁၂ ၊ ၆ ၊ ၂၀၁၇ |
| MT.MESON | P'Oil | INDONESIA | ၁၃ ၊ ၆ ၊ ၂၀၁၇ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၁၃ ၊ ၆ ၊ ၂၀၁၇ |
| MT.SK LINE -1 | P'Oil | INDONESIA | ၁၄ ၊ ၆ ၊ ၂၀၁၇ |
| MT.GAEA | MOGAS 92 RON | SINGAPORE | ၁၅ ၊ ၆ ၊ ၂၀၁၇ |

# ဧရာဝတီတိုင်းနှင့် ရခိုင်ဘက်မှ ဝင်ရောက်မှုရှိသဖြင့် ပြည်ဈေးကွက်တွင် မြေပဲဆန်အရောင်းအဝယ်ဖြစ်

ပြည်ခရိုင်တွင် ယခုအချိန်၌ မိုးမြေပဲများ စိုက်ပျိုးချိန်ဖြစ်သဖြင့် မိုးမြေပဲစိုက်ဧကမှာ လျာထားစိုက်ဧက ၄၃၃၁၁ ဧကရှိပြီး အမှန်စိုက်ဧကမှာ ၁၆၂၉ ဧကရှိတဲ့အတွက် ရာခိုင်နှုန်းမှာ ၃ ဒသမ ၇၆ ရာခိုင်နှုန်းသာရှိတာ တွေ့ရပါတယ်။ ယခင်နှစ်ကာလတူ စိုက်ဧကမှာ ၉၈၇ ဧကရှိလို့ ယခင်နှစ် နဲ့ နှိုင်းယှဉ်ပါက ယခုနှစ်မှာ စိုက်ဧကပိုလာတာ တွေ့ရပါတယ်။

မိုးမြေပဲများ စိုက်ပျိုးချိန်ဖြစ်သော်လည်း ဈေးကွက်သို့ ဧရာဝတီတိုင်း ငသိုင်းချောင်းဘက်နှင့် ရခိုင်ပြည်နယ်ရှိ ရမ်းဗြဲ၊ မန်အောင်ဘက်မှ တစ်နေ့လျှင် မြေပဲဆန် အိတ် ၅၀၀ ခန့် ဝင်ရောက်နေတာ တွေ့ရပါတယ်။ ဝင်ရောက်လာတဲ့ မြေပဲဆန်ကို မန္တလေးဝယ်လက်များ၊ ပဲကြော်ဖိုသမားများက အဝယ်ရှိနေတာ တွေ့ ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၂၀၅၀၊ လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ၂၄၇၅ ကျပ်နှင့် လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

# ဇွန်ပထမပတ်အတွင်း ပခုက္ကူ ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူ ကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၉၉၀၀ ဈေးနှုန်းသာရှိခဲ့ပြီး လက်ကျန်နည်း၍ တက်ဈေးကိုမျှော်သော်လည်း မျှော်သလို ဖြစ်မလာသည်ကို တွေ့ရသည်။

ကုလားပဲအုပ်စုတွင် ကုလားပဲဖြူ V2 မှာ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ကျပ်နှင့် ကုလားပဲဝါ H1 မှာ တစ်တင်းလျှင်ကျပ် ၃၆၅၀၀ နှင့် ကုလားပဲဖြူလုံးကြီး 929 မှာ တစ်တင်းလျှင်ကျပ် ၃၇၅၀၀ ဈေးများဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပါသည်။

ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၄၀၃၀၀ ဈေးဖြင့် ဈေးအနည်းငယ်မြင့်တက်လျက် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ်များထက် ဈေးနှုန်းကျဆင်းရခြင်းမှာ ပဲတီစိမ်းကောက်ချိန်တွင် မိုးရွာသွန်းခဲ့ခြင်းကြောင့် သီးနှံအရည် အသွေး မကောင်းသည့်အတွက် ယခင်နှစ်များထက် ဈေးနှုန်းကျဆင်းကြောင်း သိရသည်။

ပြောင်းဖူးစေ့ စီပီတစ်တင်းလျှင် ကျပ် ၇၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒေသတွင်း ပြည်တွင်းဈေးကွက် တိရစ္ဆာန်အစာအစာ ပုံမှန်ဝယ်ယူခြင်း၊ တရုတ်မှ အဆွဲရှိခြင်းတို့ကြောင့် ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အခြားပဲများဖြစ်သည့် ပဲဇီးကွက်တစ်တင်း ကျပ် ၂၅၀၀၀ ၊ စွန်တာနီပြာ တစ်တင်း ကျပ် ၂၄၂၀၀ ၊ ပဲလွန်းပြာ တစ်တင်း ကျပ် ၂၁၇၀၀ ၊ ပဲနီပြား တစ်တင်းကျပ် ၁၉၅၀၀ ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ထိပ်စကျပ် ၈၂၀ ၊ အလတ်စကျပ် ၇၀၀၊ အနိမ့်ကျပ် ၅၀၀ ဈေးဖြင့် တစ်နေ့ပိဿာချိန် ၂၀၀၀၀ မှ ၃၀၀၀၀ ကြား အရောင်းအဝယ် ဖြစ်လျက် ရှိနေပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# ပြည်ထောပတ်ပဲ လက်ကျန်ဈေးမြင့်တက်

ဇွန်လဆန်း ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီပဲသီးနှံအချို့ မြင့်တက်လာတာကြောင့် လက်ကျန်ထောပတ်ပဲသီးနှံများအား လက်လီသမားအချို့နဲ့ အိတ်အနည်း ငယ်အရောင်းအဝယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။

မေလဆန်းက တစ်တင်း ကျပ် ၂၃၅၀၀ နဲ့ ရောင်းဝယ်ခဲ့ကြရာမှာ လလယ်ပိုင်းမှစ၍ ဈေး တဖြည်းဖြည်းမြင့်တက်လာလို့ မေလကုန်မှာ တစ်တင်း ကျပ် ၂၈၅၀၀ ထိ လဆန်းရက်ထက် ကျပ် ၅၀၀၀ ခန့် ဈေးပိုရလာခဲ့ ပါတယ်။ ယခုဇွန်လဆန်းရက်မှာလည်း ဈေးထပ်ပိုလာလို့ တစ်တင်း ကျပ် ၃၀၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း ဈေးကွက်မှ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲနီပြားဈေးပိုရလာပေမယ့် လက်လီသာ အရောင်းအဝယ်ဖြစ်

ဇွန်လဆန်းရက်မှာ ပြည်ပဲဈေးကွက်အတွင်း နေ့စဉ်လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ ပဲသီးနှံတစ်မျိုးက ပဲနီပြားသီးနှံဖြစ်ပါတယ်။ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်း ကျပ် ၂၅၀၀၀ ရရှိခဲ့တဲ့အတွက် မေလကုန်မှာ ဖြစ်ပေါ်ခဲ့တဲ့ဈေးထက် ဈေးပိုရလာခဲ့တယ်လို့ သိရပါတယ်။ မေတစ်လလုံး ပဲနီပြားသီးနှံဈေးမှာ အတက်အကျမဖြစ်ခဲ့ဘဲ တစ်တင်း ကျပ် ၂၄၀၀၀ နဲ့ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ယခုလမှာ လဆန်းရက်ကတည်းက ဈေးမြင့်လာတဲ့အတွက် လက်ကျန် ရှားချိန်မှာ ဈေးထပ်မံတက်လာမလားစောင့်ကြည့်ရမှာဖြစ်ပါတယ်။

ယခင်နှစ်က ဇွန်လအတွင်း တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် တစ်လလုံးဈေးငြိမ်လျက် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# ပင်လယ်ရေကြောင်းမှ မန်ကျည်း တန်ချိန် ၂၅၀ တင်ပို့

မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၂၅၀ ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀ နဲ့ ဘင်္ဂလားဒေရှ့်နိုင်ငံသို့ တန်ချိန် ၂၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၅၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### မူဆယ်ရော တာချီလိတ်နယ်စပ်မှပါ ကြက်သွန်နီတင်ပို့

မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ- တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၉ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၆၁၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၀၅ တန်နဲ့ နှိုင်းယှဉ်ပါက ၅၉၄ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။ မေလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကြက်သွန်နီ တန်ချိန် ခြောက်ထောင်ခန့် တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၇၅၄၈ တန်ဖိုးရှိကြက်သွန်နီ ၆၈ တန်ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅၄၉၉၅၀ တန်ဖိုးရှိ ကြက်သွန်ဖြူ ၄၁၅ တန်ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကြက်သွန်နီတင်ပို့မှု မရှိဘဲ ကြက်သွန်ဖြူ တန် ၁၀၀ သာ တင်ပို့ခဲ့ပြီး မေတစ်လလုံး ကြက်သွန်နီ တန် ၇၀၀ နဲ့ ကြက်သွန်ဖြူတန် ၁၀၀၀ ကို တာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်သို့ ကြက်သွန်နီ အဝင်နည်း၍ ဈေးမြင့်

ပြည်ကြက်သွန်နီဈေးကွက်သို့ ယခုတစ်ပတ်တွင် မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ ကြက်သွန်နီများ ဝင်ရောက်မှုသိသာစွာနည်းသွားကြောင်း သိရပါတယ်။ ကြက်သွန်နီ အဓိက စိုက်ပျိုးထွက်ရှိတဲ့ မုံရွာ၊ဆိပ်ဖြူ စတဲ့ကုန်စည်ဒိုင် ဈေးကွက်များမှာပင် ကြက်သွန်နီများ ဝင်ရောက်မှု သိသိသာသာ နည်းသွားတဲ့အတွက် ပြည်ဈေးကွက်သို့လည်း ကုန်စည်စီးဆင်းမှု နည်းသွားခြင်းဖြစ်ကြောင်း သိရပါတယ်။ ဝင်ရောက်မှုနည်းသဖြင့် ကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ပျမ်းမျှတစ်ပိဿာလျှင် လက်လီလက္ကား ကျပ် ၁၅၀ နှုန်းခန့် ဈေးမြင့်သွားတာတွေ့ရပြီး ပြည်ပွဲရုံ လက္ကားဈေး တစ်ပိဿာ (ကြီး/လတ်) ကျပ် ၁၀၀၀-၁၀၅၀၊ (အသေးစ) ကျပ် ၉၀၀-၉၅၀နှင့်လက်လီဈေး အသေးများမှာ (ကြီး/လတ်)ကျပ် ၁၂၀၀-၁၃၀၀ ၊ (အသေးစ)ကျပ် ၁၀၀၀-၁၁၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိတာတွေ့ရပါတယ်။

ဈေးနှုန်းအနည်းငယ်မြင့်ပေမယ့် အရောင်းအဝယ်မှာ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်းဝယ်လက်သမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးရန်အဖြစ် တင်ပို့မှုအပါအဝင် တစ်နေ့လျှင် ပိဿာချိန် ၄၀၀-၄၅၀ ခန့်နှင့် ပုံမှန်ရောင်းဝယ်မှုဖြစ်နေကြောင်းသိရပါတယ်။ကြက်သွန်နီဈေးနှုန်းအနေဖြင့် ယခုဖြစ်ပေါ်နေတဲ့ဈေးနှုန်းသည် ယခင်နှစ် ကာလတူဈေးနှုန်းကြက်သွန်နီ(အလတ်စ)လက်ကား၊ လက်လီ တစ်ပိဿာကျပ် ၆၀၀-၇၀၀ နှင့် နှိုင်းယှဉ်ပါက ဈေးကောင်းရနေတဲ့ ကာလဖြစ်ကြောင်းတွေ့ရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**



### ကြက်သွန်ဖြူအဝင်လှိုင်ပြီး ပြည်ဈေးကွက်တွင် ဈေးနှုန်းများကျ

ပြည်ဈေးကြီး၊ ပွဲရုံများသို့ ရှမ်းပြည်ထွက်နဲ့ တရုတ်ပြည်ထွက် ကြက်သွန်ဖြူအိတ်များ အဝင်လှိုင်လျက်ပါတယ်။ ဒေသတွင်းသုံးစွဲမှုမတူညီတာကြောင့် အရောင်းအဝယ်သွက် ပုံခြင်းမတူတာ တွေ့ရပါတယ်။ တချို့က ရှမ်းကြက်သွန်ဖြူဟာ အစိုဓာတ်နည်းပြီး အထားခံတာကြောင့် အဝယ်လိုက်နေပြီး တချို့ကတော့ လုပ်ငန်းအသုံးပြုရန် ဈေးသက်သာတဲ့ တရုတ် (ကြူကုတ်စ) ကြက်သွန်ကို အစိုဓာတ်များပေမယ့် ဝယ်ယူ သုံးစွဲနေတာ တွေ့ရပါတယ်။ ပွဲရုံသမားများနဲ့ လှောင်လက်ပွဲစားများက အများကြီး လှောင်မထားဘဲ လက်ပြောင်းရောင်းဝယ်မှုလောက်သာပြုကြပါတယ်။ ပြည်မြို့ရဲ့ရာသီဥတု ပူပြင်းတာကြောင့် အစိုဓာတ်များတဲ့ကြက်သွန်ဖြူတွေဟာ အခွံအပေါ်ယံများမည်းလာပြီး ရောင်းပန်းမလှတဲ့အတွက် အခွံခွာကာ အခွံဖြူအောင်ချွတ်ရောင်းရသဖြင့် အလုပ်ပိုလာတာလည်း တွေ့ရပါတယ်။ ယခုဇွန် ဒုတိယပတ် ကြက်သွန်ဖြူပေါက်ဈေးတွေကတော့ ကြက်သွန်ဖြူတစ်ပိဿာလျှင် ပွဲရုံဈေး (ရှမ်းစ) ကျပ် ၂၈၀၀ မှ ကျပ် ၃၂၀၀ ထိ ဖြစ်ပြီး၊ (ကြူကုတ်စ) ကျပ် ၂၀၀၀ နှင့် ကျပ် ၂၅၀၀ဈေးတို့ဖြင့်ရောင်းချလျက်ရှိပါတယ်။ ပြည်ဒေသတွင်း လက်လီဈေးများတွင် တစ်ပိဿာလျှင် (ရှမ်းစ)ကျပ် ၃၅၀၀ မှ ကျပ် ၄၀၀၀ ထိဖြစ်ပြီး (ကြူကုတ်စ) ကျပ် ၃၀၀၀ ဈေးတို့ဖြင့် ရောင်းချနေပါတယ်။ အိတ်ဆွဲသမားများနှင့် လက်လီသမားများက ယခင်လိုများများစားစားအဝယ်နည်းပေမယ့် နေ့စဉ်ပုံမှန်အဆွဲရှိပြီး၊ ပုံမှန်အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။

**နီနီဝင်း**

## ချင်း

### ရှမ်းချင်း အရောင်းအဝယ်ပါးလို့ အဝင်နည်း

အောင်ပန်းဈေးကွက်မှာ ချင်း(စို) ကအဝင်နည်းလာပါတယ်။ ဥမတွေပေါ်ချိန်နီးပေမယ့် ချင်းတက်(စို)က အရောင်းအဝယ် ပါးနေတာကြောင့် အဝင်နည်းနေတာလို့ သိရပါတယ်။ ပြည်တွင်းဝယ်လက်တွေအနေနဲ့လည်း အဝယ်နည်းလာပြီး ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဥမတွေ ပေါ်လာရင် ဈေးကျလာ နိုင်တာကြောင့် ချင်းတက်က ထင်သလောက်လည်း အရောင်းအဝယ် မဖြစ်ဘူးလို့ သိရပါတယ်။ မေလအတွင်းက တောင်ကြီးဈေးကွက်မှာ ချင်းတက်လက်လီဈေး တစ်ပိဿာကျပ် ၁၂၀၀ ဈေးရှိပေမယ့် ယခုလမှာ တစ်ပိဿာကျပ်၈၀၀ အထိဈေးကျ လာပါတယ်။ ဒေသတွင်းကတော့ မျိုးအဖြစ် ပြန်ဝယ်ယူတာရှိလို့ အရောင်းအဝယ် ဖြစ်နေတာလို့လည်း သိရပါတယ်။ မိုးမှန်ရင်တော့ နောက်လတွေမှာချင်း(ဥမ)ကိုပြန်ဖော်လို့ ရတော့မှာလို့လည်း ဆိုပါတယ်။ရှမ်းပြည်နယ်တောင်ပိုင်းမှာ အများဆုံးစိုက်ပျိုးတဲ့ ချင်းကို တောင်ကြီးခရိုင်မှာရှိတဲ့ မြို့နယ်တွေအပြင် လွိုင်လင်ခရိုင်မှာရှိတဲ့ နမ့်စန်မြို့နယ်မှာလည်း စိုက်ပျိုးပါတယ်။ ၂၀၁၄- ၂၀၁၅တုန်းက ချင်း(စို)ဈေးအလွန်ကောင်းခဲ့ပြီး တစ်ပိဿာကျပ် ၁၅၀၀ -၁၈၀၀ အထိဈေးရခဲ့ပါတယ်။ အဲ့ဒီတုန်းက နမ့်စန်ချင်းတွေလည်း အရောင်းအဝယ်သွက်ခဲ့ပေမယ့် ၂၀၁၅-၂၀၁၆ မှာချင်းတစ်ပိဿာကျပ် ၈၀၀-၅၀၀-၄၀၀ အထိ ဈေးကျဆင်းလာလို့ နမ့်စန်မှာလည်း ချင်းစိုက်သူနည်းလာခဲ့ပါတယ်။ ဒီနှစ်မှာလည်း ကလောမြို့နယ်မှာ သာပုံမှန် စိုက်ဧကရှိပေမယ့် ဟိုပုံးမှာလည်းစိုက်ဧက လျော့လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို)တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၂၀၀ မှ အမြင့်ဆုံးကျပ် ၄၀၀ ဈေးရှိပြီး ချင်း(ခြောက်) ကတော့တစ်ပိဿာကျပ်၁၀၀၀ မှ ၁၂၅၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### ပင်လယ်ရေကြောင်းမှ ယခင်တစ်ပတ်ထက် ချင်းပိုမိုတင်ပို့

မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၂၀၅ ဒသမ ၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၀၈ တန်၊ ဂျာမနီနိုင်ငံသို့ ၁၈ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၇၉ ဒသမ ၅ တန် တင်ပို့ ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်း ၁၈၇ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁၈ တန် ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၅၂၄၃ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ မေလအတွင်းချင်းတန်ချိန် ၁၁၂၂ ဒသမ ၄၉၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၉၈၈၉၁ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်း ဈေးအနည်းငယ်တက်

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်မှာ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ခန့် ဈေးမြင့်လာပြီး၊ ပိဿာ ၃၀ ဝင်အိတ် ၃၀ ခန့် ပုံမှန်အဝင်ရှိနေတယ်လို့ ဆို ပေမယ့်၊ အချို့ရက်တွေမှာတစ်ရက်လုံးအဝင်မရှိတဲ့နေ့တွေလည်း ရှိနေပါတယ်။ ပုံမှန်အားဖြင့် နယ်ဝယ်လက်များသာ ဝယ်ယူနေတယ်လို့ ချင်းပွဲရုံ များမှ သိရပါတယ်။ ပြည်ချင်းပွဲရုံများမှာ ယခုတစ်ပတ် ချင်းတစ်ပိဿာကို (ဂျွန်) ကျပ် ၆၀၀ မှ ကျပ် ၇၀၀ ရှိပြီး၊ (ရှယ်)ကျပ် ၉၀၀ မှ ကျပ် ၁၁၀၀ တို့ဖြင့်ရောင်း ဝယ်လျက်ရှိပါတယ်။ ပြည်ချင်းဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး နှင့်ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် တစ်ရက်ပိဿာချိန် ၂၀၀ခန့် တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### မူဆယ်နယ်စပ်ရော မြဝတီနယ်စပ်မှပါ နနွင်းတက်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၂၃၄၀ တန်ဖိုးရှိ နနွင်း တက်(ရှမ်းစ) ၂၁၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၂ တန်ကျော်နဲ့ နှိုင်း ယှဉ်ပါက ၄၄ တန် ပိုမိုတင်ပို့ခဲ့ကြောင်း၊ မေလအတွင်း မူဆယ်မှ နနွင်းတက် တန်နှစ်ထောင်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ နနွင်းတက်တစ်တန်ရဲ့ လိုင်စင်ဈေးမှာ (ငွေလဲနှုန်းအရ) အမေရိကန်ဒေါ်လာ ၇၁၀-၇၁၅ ခန့်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၀၁၅၆ တန်ဖိုးရှိ နနွင်းတက်(ကျောက်ဆည်) ၄၅တန်ကို တင်ပို့ခဲ့ကြောင်း၊ ယခင်တစ်ပတ်က မြဝတီမှ နနွင်းတက် တင်ပို့မှုမရှိဘဲ မေလ တစ်လလုံးနနွင်းတန် ၆၀ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ မြဝတီမှာ နနွင်းတစ်တန်လိုင်စင်ဈေးမှာ (ငွေလဲနှုန်းအရ) အမေရိကန်ဒေါ်လာ ၆၇၀ ရှိကြောင်း မြဝတီ ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### စင်ကာပူနိုင်ငံသို့ နနွင်း တန်ချိန်၃၀ကျော် ပိုမိုတင်ပို့

မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) ၉၀ ဒသမ ၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကိုပျမ်းမျှကန်ဒေါ်လာ၇၁၅ ဝန်းကျင်ရရှိခဲ့လို့ အမေရိကန်ဒေါ်လာ ၆၄၅၇၀၀ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ မေလမှာ စုစုပေါင်းနနွင်းတန်ချိန် ၇၂၀ ကျော်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မိုးရာသီကြောင့် ရှမ်းနနွင်းအဝင်ပါး

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာရော ဟိုပုံးဈေးကွက်မှာပါရှမ်းနနွင်း အဝင်နည်းသွားပါတယ်။ မိုးရာသီရောက်လာတာကြောင့်ရော ယခင်တစ်ပတ်က မုန်တိုင်းဝင်ခဲ့လို့ ရေကြီးတာကြောင့်ရောဝယ်လက်တွေ အဝယ်နည်းသွားခဲ့တယ်လို့ သိရပါတယ်။

ဈေးကွက်မှာ နနွင်း(ထိပ်စ) တွေကိုဝယ်လက်တွေက ပိုကြိုက်နှစ်သက်တာကြောင့် အခုနောက်ပိုင်းမှာ နနွင်းမျိုးကောင်း မျိုးသန့်ရွေးပြီးစိုက်ပျိုးလာကြတယ်လို့လည်း သိရှိရပါတယ်။ ဆင်တောင်နနွင်းရယ်၊ ပင်းတယမြို့နယ်က တောင်ပို့လစ နနွင်းရယ်၊ ဟိုပုံးနနွင်းရယ်ကဈေးကွက်ဝင်ပေမယ့် ဒီနှစ်မှာ ပြည်ပပို့မယ့် ဝယ်လက်တွေက ဟိုပုံးနနွင်းကို အတန်အသင့် သာဝယ်ယူပြီး၊ ဆင်တောင်နဲ့ တောင်ပို့လစကို ပိုပြီး ဝယ်ယူကြတယ်လို့လည်းသိရပါတယ်။

အစောပိုင်းက အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာစတဲ့ နိုင်ငံတွေကို ပို့ခဲ့ပေမယ့်၊ လတ်တလောမှာတော့ အိန္ဒိယနိုင်ငံတစ်နိုင်ငံထဲကိုသာ တင်ပို့တာကြောင့် ဝယ်ယူမှုလျော့သွားတယ်လို့ဆိုပါတယ်။ မူဆယ်ဝယ်လက်တွေကတော့ တစ်ခါတစ်ရံမှသာ ဝယ်ယူမှုရှိပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၉၅၀ မှအမြင့်ဆုံးကျပ် ၃၀၀၀ ဈေးရှိတယ်လို့သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**



# အီးယူ၏ P2P Programme အရ မဟာဗျူဟာမြောက် ကုန်စည်ကုန်သွယ်မှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



အီးယူ၏ P2P Programme နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်း ကျင်းပသည့် နှစ်မျိုးသုံး ကုန်စည်များ၏ ပို့ကုန် ထိန်းချုပ်ရေးဆိုင်ရာ ဥရောပသမဂ္ဂ (အီးယူ)၏ ၂၀၁၅-၂၀၁၇ မိတ်ဖက်အစီအစဉ် တစ်ခုဖြစ်သည့် မဟာဗျူဟာမြောက် ကုန်စည် ကုန်သွယ်မှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ Hilton Hotel တွင် ဇွန် ၅ ရက် မှ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရှိ အီးယူမစ်ရှင်မှ ပထမအတွင်းရေးမှူး Mr. Andreas Magnusson က နှုတ်ခွန်းဆက်စကားများ ပြောကြားကာ မလေးရှားနိုင်ငံမှ ဒေသဆိုင်ရာကျွမ်းကျင်သူ Mr. Mohamed Shahabar က နှစ်မျိုးသုံး ကုန်စည် ထိန်းချုပ်မှုအကြောင်း မိတ်ဆက်ခြင်းနှင့် မြန်မာနိုင်ငံအတွက် အကျဉ်းချုပ် ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်လတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဝန်ကြီးဌာနအတွင်းမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး သင်တန်းသားများအနေဖြင့် ဆက်စပ်ဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် မဟာဗျူဟာမြောက် ကုန်စည်များဆိုင်ရာ ကျွမ်းကျင်သူများဖြစ်သည့် မလေးရှားနိုင်ငံမှ ဒေသဆိုင်ရာ ကျွမ်းကျင်သူ Mr. Mohamed Shahabar၊ အီတလီနိုင်ငံ ပို့ကုန်ထိန်းချုပ်ရေး ယူနစ်မှ ခေါင်းဆောင် Mr. Massimo Cipolletti၊ မဟာဗျူဟာမြောက် ကုန်စည်ဒေသဆိုင်ရာ ကျွမ်းကျင်သူ Mr. Junichi Takano၊ လန်ဒန်မြို့ Kings College မှ Senior Research Analyst ဖြစ်သူ Mr. John Durce တို့က အသီးသီး ဆွေးနွေးခဲ့ကြသည်။

အီးယူပရောဂျက် အစီအစဉ်အရ ပထမ အကြိမ် Awareness Workshop နှင့် နှစ်မျိုးသုံး ကုန်စည်များ ပို့ကုန်ထိန်းချုပ်မှု ဆိုင်ရာသင်တန်းကို ၂၀၁၆ ခုနှစ်အတွင်းက ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်အဖြစ် မဟာဗျူဟာမြောက် ကုန်စည်ကုန်သွယ်မှု ထိန်းချုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ ဘေးအန္တရာယ်များ လျော့ပါး လာစေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ပညာရေးဝန်ကြီးဌာနမှ Focal Ministry အဖြစ် တာဝန်ယူပြီး ဇီဝလက်နက် တားဆီးပိတ်ပင်ရေး စာချုပ်ဆိုင်ရာ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အကောင်အထည်ဖော် ဆောင်ရွက်မှုအဖွဲ့ (National Authority ) နှင့် ဓာတုလက်နက် တားဆီးပိတ်ပင်ရေး စာချုပ်ဆိုင်ရာ မြန်မာနိုင်ငံ၏ National Authority တို့ကို ဖွဲ့စည်းထားကာ စာချုပ်ပါအချက်များကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာဘေးအန္တရာယ် လျော့ပါးစေရေး စီမံကိန်းများအနက် စီမံကိန်းအမှတ်စဉ် (၄၇) (Chemical Biological Radiological and Nuclear Risk Mitigation Centers of Excellence (CBRN–CoE) Project 47) ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ဌာနအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နှစ်မျိုးသုံး ကုန်စည်ထိန်းချုပ်မှု၏ အဓိက ဦးတည်ချက်များအနေဖြင့် ဖျက်အားပြင်းလက်နက်များနှင့် ဖောက်ခွဲမှုများ ဖြစ်ပေါ်စေသော နှစ်မျိုးသုံး ကုန်စည်များနှင့် ထိတွေ့၍ မရသော နည်းပညာ၊ software များနှင့် ပတ်သက်သော ပစ္စည်းများတင်ပို့ခြင်း၊ တစ်ဆင့်ဖြတ်သန်းသယ်ယူခြင်း၊ တစ်ဆင့်ခံ သင်္ဘောတင်ပို့ခြင်း၊ ပွဲစားပြုလုပ်ခြင်းနှင့် အခြား နည်းပညာဆိုင်ရာ လွှဲပြောင်းခြင်းများကို စနစ်တကျ ထိန်းချုပ်နိုင်စေရန်ဖြစ်ကြောင်း၊ ထိန်းချုပ်မှု စနစ်အနေဖြင့် ပါမစ် / လိုင်စင်ဖြင့် ထိန်းကျောင်းနိုင်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်ထံတွင် လျှောက်ထားခြင်းကို နောက်ဆုံး အသုံးပြုသူနှင့် အသုံးပြုမှုတို့ကို ဖော်ပြလျက် အခြားလိုအပ်သော အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ တင်ပြရန်ဖြစ်ကြောင်း၊ အဆိုပါ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ လျှောက်ထားမှုအား ငြင်းပယ်နိုင်ခြင်း၊ ခွင့်ပြုနိုင်ခြင်း ပြုလုပ်နိုင်ကြောင်း၊ မလေးရှားနိုင်ငံတွင် ကျင့်သုံးမှုအနေဖြင့် ပါမစ် အမျိုးအစားများကို ခွဲခြားထားကြောင်း၊ တစ်ခုတည်းသော ပစ္စည်းကို နိုင်ငံ/ခရီးဆုံး ဦးတည်ချက်အတွက် တစ်ကြိမ်သာ တင်ပို့ခွင့်/ပြောင်းလဲခွင့် ပါမစ်ဖြစ်သော တစ်ကြိမ်သုံး ပါမစ်ကို သက်တမ်း ခြောက်လဖြင့်လည်းကောင်း၊ ခရီးဆုံးဦးတည်ချက်အတွက် အကြိမ်ကြိမ်တင်ပို့ခွင့်ဖြစ်သည့် အသုတ်လိုက်ပါမစ်ကို သက်တမ်းနှစ်နှစ်ဖြင့်လည်းကောင်း၊ အဆုံးသတ် သုံးစွဲသူသည် ကန့်သတ်ထားသော အဆုံးသတ် သုံးစွဲသူဖြစ်နေသည့်တစ်ခုတည်းသော ခရီးဆုံးဦးတည်ချက် အတွက် တစ်ကြိမ်သာ တင်ပို့ခွင့်ပြုသည့် အထူးပါမစ်ကို ခွင့်ပြု သက်တမ်း တစ်နှစ်ဖြင့်လည်းကောင်း၊ မတူညီသော ခရီးဆုံးဦးတည်ချက်များအတွက် အကြိမ်ကြိမ်တင်ပို့ခွင့်ပြုသည့် အကြိမ်ကြိမ်သုံး ပါမစ်ကို ခွင့်ပြုသက်တမ်း နှစ်နှစ်ဖြင့်လည်းကောင်း ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် UNSCR1540 သည် ဗျူကလီးယား၊ ဓာတု သို့မဟုတ် ဇီဝလက်နက်များနှင့် ၎င်းတို့အား သယ်ဆောင် ဖောက်ခွဲနိုင်သည့် နည်းလမ်းများ ပြန့်ပွားလာခြင်းကို တားဆီးရေးအတွက် ပြည်တွင်းအဆင့် ထိန်းချုပ်မှုများ ထူထောင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးက ထိရောက်သော လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော်ရေးအတွက် ချမှတ်ခြင်းဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများနှင့် ဆက်စပ် ပစ္စည်းများကိုလည်း ပြည်တွင်းပို့ကုန်၊ တစ်ဆင့်သယ်ယူတင်ပို့မှု၊ ပြောင်းလဲ တင်ပို့မှုနှင့် ပြန်လည် တင်ပို့မှုများတွင် ထိန်းချုပ်နိုင်ရန်အတွက် လိုအပ်သော ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း အပါအဝင် ထိန်းချုပ်မှုများကို တည်ဆောက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများက လိုက်ပါဆောင်ရွက်ရန်လိုအပ်ကြောင်း သိရပါသည်။

လက်နက် ပြန့်ပွားမှုကြောင့် နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ပေါ်နေသည့် ခြိမ်းခြောက်မှုများအနေဖြင့် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလတွင် အစွန်းရောက် အကြမ်းဖက်များ၏ တိုက်ခိုက်မှု၊ မြောက်ကိုရီးယားကဲ့သို့ လျှို့ဝှက် ဗျူကလီးယားလက်နက် ထုတ်လုပ်ခြင်းဖြင့် ခြိမ်းခြောက်မှု၊ အီရတ်၊ ဆီးရီးယားကဲ့သို့သော ဓာတုနှင့် ဇီဝလက်နက်များ သုံးစွဲ၍ ပြည်တွင်း မငြိမ်မသက်ဖြစ်မှု၊ AQ Khan ကွန်ရက်ကဲ့သို့သော အစိုးရမဟုတ်သော လက်နက်ဖြန့်ဖြူးမှုများနှင့် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ အကြမ်းဖက်မှု အန္တရာယ်များ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် UNSCR 1540 သည် ယနေ့ ကမ္ဘာကြီးတွင် အရေးကြီးလျက်ရှိကြောင်း သိရပါသည်။

ထို့အပြင် နိုင်ငံတကာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု များပြားလာခြင်းနှင့် စီးပွားရေး တိုးတက်မှု ခိုင်မာလာခြင်းတို့ကြောင့်ပို့ကုန်ရှေ့ရှု လုပ်ငန်းများတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခြင်း၊ ဒေသတွင်းနှင့် အခြား မိတ်ဖက်နိုင်ငံများ အကြားတွင် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်များ တိုးတက်လာခြင်း၊ ကုန်သွယ်မှုတွင် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်း(Transit )နှင့် တစ်ဆင့်ပြောင်းလဲ ပို့ဆောင်ခြင်း (Transhipment) တို့သည် အဓိက ကုန်သွယ်မှု လမ်းကြောင်းများ ပေါ်တွင်တည်ရှိခြင်း တို့ကြောင့် နှစ်မျိုးသုံး ကုန်စည် ကုန်သွယ်မှုပမာဏ မြင့်မားလျက်ရှိနေကြောင်း၊ သို့ဖြစ်၍ နိုင်ငံအသီးသီးမှ မဟာဗျူဟာမြောက် ကုန်စည်များကို ဥပဒေ၊ စည်းမျဉ်းများနှင့် ထိန်းကျောင်း ဆောင်ရွက်ရေးသည် အရေးပါလျက်ရှိကြောင်း သိရပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် တစ်ဆင့်ဖြတ်သန်း သယ်ယူပို့ဆောင်မှု( Transit)၊ တစ်ဆင့်တင်ပို့မှုဆိုင်ရာ(Transhipment) ထိန်းချုပ်မှုများ၊ တင်ပို့ခွင့် ပါမစ်/လိုင်စင်ခွင့်ပြုသည့် လုပ်ငန်းစဉ်တွင် ပါဝင်သော လိုင်စင် လျှောက်ထားမှုအား စစ်ဆေးခြင်း၊ လျှောက်ထားလာသော ကုန်စည်နှင့် ထိန်းချုပ်စာရင်းတို့အား တိုက်ဆိုင်စိစစ်ခြင်း၊ လိုင်စင်/ပါမစ်ခွင့်ပြုသင့် မသင့်တို့အား စိစစ် အကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်ခြင်းဟူသော လုပ်ငန်းစဉ် အဆင့်ဆင့်တွင် ဆောင်ရွက်မှု၊ ထိန်းချုပ်မှုစာရင်းတွင်မပါဝင်သော်လည်း အဆုံးသတ်သုံးစွဲမှုသည် လက်နက်ပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သော ပစ္စည်းများကို ထိန်းချုပ်သည့် Catchall control၊ ကုန်သွယ်ရေးကြားခံ ပွဲစားများဖြစ်သည့် ဝယ်ယူသူနှင့် ရောင်းသူကို ကြားခံ ဆက်သွယ်ပေးသူများအား သတင်းရယူ စိစစ် ထိန်းချုပ်မှု၊ ဖြစ်ပွားလေ့ရှိသည့် တရားမဝင် ကုန်သွယ်မှုနှင့် လမ်းကြောင်းများ၊ မဟာဗျူဟာ ကုန်စည်များကို ထိန်းချုပ်ရာတွင် အကောက်ခွန် ဦးစီးဌာန၏ အခန်းကဏ္ဍများနှင့် နိုင်ငံအသီးသီးမှ မဟာဗျူဟာမြောက် ကုန်စည်များကို ထိန်းချုပ်ရာတွင် အီးယူမှ နည်းပညာ အကူအညီပေး ဆောင်ရွက်မှုများ အစရှိသည်တို့ကို အသေးစိတ် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

■ ချိုသက်မှု

# ခတ်ဆီ/ဒီဇယ်

## ယခုတစ်ပတ်ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်သာ တင်သွင်း

မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၈၇၇၅၆၈၅ တန်ဖိုးရှိ ဒီဇယ် ၈၂၅၀၄ ဒသမ ၃၇၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အောက်တိန်း(92)နဲ့ (95) တင်သွင်းမှုမရှိဘဲ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်သာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၃၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလမှာ ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၂၇၆၀၀၀ တင်သွင်းခဲ့ပြီး မေလမှာ ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၄၀၁၀၀၀ ကျော်တင်သွင်းခဲ့တာကြောင့် မေလမှာ ခတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၂၄၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92) နဲ့ (95) မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၈၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၆၉၀၊ အောက်တိန်း (95) ကျပ် ၇၃၀၊ အဆင့်မြင့်ဒီဇယ် ၇၁၅ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၅ ရက် မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေး ကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဇွန်လ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၂၀၀၀၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဇွန် ၅ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ်၁၅၈၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၉ ရက်တွင် ဝယ်ဈေးနဲ့ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေးကျပ် ၁၀၀၀၊ ရောင်းဈေး ကျပ် ၂၀၀၀ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ် ကျပ် ၃၀၀၀၊ ခတ်ဆီ တစ်ဂါလံကျပ် ၃၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၃၅၊ ဒီဇယ် တစ်လီတာ ကျပ် ၇၂၀ ၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၅ ကျပ် ၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၇၅၀ ၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေ တဲ့ပီပါဈေးများမှာ ဇွန်လ ၅ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၃၉၀၀၀၊ ရောင်းဈေး ကျပ် ၁၄၂၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ရက်များတွင်ဆက်လက် ဈေးကျခဲ့ကာ ဇွန် ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေး ကျပ် ၁၃၉၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇွန်လ ၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေး ကျပ် ၁၄၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ခတ်ဆီ၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92) နဲ့ အောက်တိန်း (95)တို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ အဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀ ၊ အောက်တိန်း(92) ကျပ် ၇၄၀၊ အောက်တိန်း (95) ကျပ် ၇၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92) ၇၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၃၀၀၊ အောက်တိန်း (92) ကျပ်၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာပြီး ဈေးအကျဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်

ပြီးခဲ့သည့်ရက်သတ္တပတ်များက ဈေးငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲ နှုန်းများသည် ယခုတစ်ပတ်တွင် ဈေးအနည်းငယ်ကျဆင်းကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းလုံးတွင်လည်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်နှုန်းများ ကျဆင်းနေသဖြင့် ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းနေရခြင်းဖြစ်ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရသည်။

“ဒီတစ်ပတ်မှာ ငွေလဲနှုန်းက ပြီးခဲ့တဲ့တစ်ပတ်ကနဲ့ နှိုင်းယှဉ်ရင် နည်းနည်းကျသွားတယ်။ ဈေးကျသွားပေမယ့် အရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း အမေရိကန်ဒေါ်လာနဲ့ဖလှယ်နှုန်းက ကျဆင်းသွားတဲ့အတွက် ပြည်တွင်းငွေလဲနှုန်းတွေပါ လိုက်ပါကျဆင်းရတာဖြစ်ပါတယ်”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇွန် ၅ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၀ ကျပ်ရှိခဲ့ပြီး ဇွန် ၇ ရက်တွင် ရောင်းဈေး ၁၃၄၇ ကျပ်၊ ဝယ်ဈေး ၁၃၅၁ ကျပ်ရှိခဲ့သည်။

ဇွန် ၉ ရက်တွင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၄၉ ကျပ်ရှိခဲ့သည်။ ပြည်တွင်းငွေလဲနှုန်းများ အနည်း ငယ်ကျဆင်းလာသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ ပုံမှန်အတိုင်းသာရှိကြောင်း သိရသည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ် ၉၁၄၀၀၀ သို့ရောက်ရှိပြီး ပြန်လည်ကျဆင်း

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးသည် ကျပ် ၉၁၄၀၀၀ သို့ရောက်ရှိခဲ့ပြီး ပြန်လည်ကျဆင်းလာခဲ့သည်။ အဆိုပါဈေးသည် ယခုတစ်ပတ်အတွင်း အမြင့်ဆုံးဈေးဖြစ်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း အမြင့်ဆုံးဈေးအဖြစ် အမေရိကန် ၁၂၉၃ ဒေါ်လာအထိ ရောက်ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ပြီး ကမ္ဘာ့ရွှေဈေးများ ပြန်လည်ကျဆင်းလာချိန်တွင် ပြည်တွင်းရွှေဈေးများလည်း ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ကမ္ဘာ့ရွှေဈေးက မြင့်တက်လာတော့ ပြည်တွင်းရွှေဈေးကလည်း လိုက်ပြီး မြင့်တက်လာတယ်။ ဒီတစ်ပတ်မှာ ပြည်တွင်းရွှေဈေးက အမြင့်ဆုံး ကျပ် ၉၁၄၀၀၀ အထိ ရောက်ရှိခဲ့သလို ကမ္ဘာ့ရွှေဈေးကလည်း ၁၂၉၃ အမေရိကန် ဒေါ်လာအထိ ရောက်ရှိလာခဲ့တယ်။ ပြည်တွင်းရွှေဈေး မြင့်တက်လာပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်း ပါပဲ”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆို သည်။

ဇွန် ၅ ရက်က ပြည်တွင်းရွှေဈေးကွက်၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၁၀၅၀၀ ရှိခဲ့ရာမှ ဇွန် ၇ ရက်တွင် ကျပ် ၉၁၄၀၀၀ အထိမြင့်တက်ခဲ့သည်။ ဇွန် ၈ ရက်မှစ၍ ပြန်လည်ကျဆင်းလာခဲ့ရာ ဇွန် ၉ ရက်တွင် ကျပ် ၉၀၇၀၀၀ သို့လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ကျပ် ၉၀၆၀၀၀ သို့လည်းကောင်း ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန် ၅ရက်တွင် တစ်အောင်စလျှင် ၁၂၈၁ အမေ ရိကန်ဒေါ်လာရှိခဲ့ပြီး ဇွန် ၇ ရက်တွင် ၁၂၉၃ အမေရိကန်ဒေါ်လာသို့မြင့်တက်ခဲ့သည်။ ဇွန် ၁၀ ရက်တွင် ၁၂၆၇ အမေရိကန်ဒေါ်လာသို့ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ အနိမ့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများအား အနိမ့်ဈေးဖြင့်ပင် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း YSX ၏ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် အစုရှယ်ယာကုမ္ပဏီလေးခုက အရောင်းအဝယ်များ ပြုလုပ်လျက်ရှိရာ အစုရှယ်ယာလေးခုစလုံးပင် အကျဈေးဖြင့် ရောင်းဝယ်နေကြခြင်းဖြစ်သည်။

ယခုတစ်ပတ်အတွင်း အစုရှယ်ယာ အရောင်းအဝယ်ဖြစ်မှု ပမာဏမှာ ကျပ်သန်းသုံးရာနီးပါး ရှိခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယခုတစ်ပတ်အတွင်း ရောင်းချလျက်ရှိသည့် အစုရှယ်ယာကုမ္ပဏီများ၏ဈေးနှုန်းများမှာ FMI ၏အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၅၅၀၀ဖြင့်လည်းကောင်း၊ MTSH အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၈၀၀ ဖြင့် လည်းကောင်း၊ MCB ၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၉၂၀၀ ဖြင့်လည်းကောင်း၊ FPB ၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၂၆၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိသည်။

ယခုအခါတွင် Myanmar Agro Exchange Public Limited (MAEX) က အစုရှယ်ယာများ လွှဲပြောင်းနိုင်သည့် ကောင်တာကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖေ့စ်ဘုတ်နှင့် သတင်းစာတို့တွင် ကြေညာချက်များထုတ်ပြန်ခဲ့သဖြင့် Yangon Stock Exchange Joint-Venture Company Limited. က သတိပေးချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5-June | 17.43 | 2555.39 | 1951.26 | 5726.11 | 950.00 |
| 6-June | 17.61 | 2530.53 | 1934.24 | 5714.02 | 958.00 |
| 7-June | 17.68 | 2473.41 | 1929.54 | 5666.53 | 958.00 |
| 8-June | 17.63 | 2476.54 | 1938.05 | 5696.99 | 946.00 |
| 9-June | 17.32 | 2500.74 | 1927.74 | 5789.73 | 937.00 |

Source:kitco.com

## Currency Exchange Rate

June 9, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 80.69 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.80 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.80 |
| I NR | India Rupees | 64.29 |
| I DR | Indonesia Rupiahs | 13300.45 |
| JPY | Japan Yen | 110.39 |
| MYR | Malaysia | 4.27 |
| PKR | Pakistan Rupees | 104.84 |
| PHP | Philippines Pesos | 49.53 |
| RUB | Russia Rubles | 57.01 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1123.29 |
| LKR | Sri Lanka Rupe | 152.59 |
| THB | Thailand Baht | 34.07 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 22694.88 |

Source:xe.com

## World Gold Price

June-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1284 | 1281 | 1281 |
| 6 | 1291 | 1289 | 1288 |
| 7 | 1296 | 1293 | 1291 |
| 8 | 1291 | 1289 | 1287 |
| 9 | 1277 | 1275 | 1275 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-6-2017 | 909.00 | 909.00 |
| 6-6-2017 | 912.50 | 912.00 |
| 7-6-2017 | 913.30 | 913.50 |
| 8-6-2017 | 911.50 | 911.30 |
| 9-6-2017 | 908.50 | 908.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6 .80 | 33.98 | 80.65 | 64.33 |
| 6 | 6. 80 | 33.97 | 80.71 | 64.44 |
| 7 | 6 .79 | 34.01 | 80.69 | 64.46 |
| 8 | 6 .79 | 34.04 | 80.59 | 64.37 |
| 9 | 6.80 | 34.07 | 80.69 | 64.29 |

## Energy NYMEX

9-6-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.77 | 0.13 | 0.28 |
| Brent Crude Futr (USD/bbl) | 47.97 | 0.11 | 0.23 |
| Gasoline Rbob Fut (Cent/gal) | 149.57 | 0.38 | 0.25 |
| Natural Gas Futr (USD/MMBtu) | 3.05 | 0.03 | 0.83 |
| Heating Oil Futr (Cent/gal) | 142.62 | 0.39 | 0.27 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ဘိလပ်မြေအဝင်နည်း

မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၃၂ တန်ဖိုးရှိ ဘိလပ်မြေ ၁၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်နိုင်ငံမှ ၅၂ တန် နဲ့ ထိုင်းနိုင်ငံမှ ၅၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၃၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီ ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန်၁၃၀၀၀ ကျော် ရှိခဲ့ပြီး မေမှာတင်သွင်းခဲ့တဲ့ တန်ချိန်မှာ ၂၅၂၀၀ ကျော်ရှိခဲ့တာ ကြောင့် မေလမှာ ဘိလပ်မြေ တန်ချိန် ၁၂၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၀၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၃၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၂၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၁၅၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၂၈၅၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်း လမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် နည်းနည်းဖြစ်ပေမယ့်လည်း ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာဆင်(ထိုင်း) ကျပ် ၅၉၀၀၊ စိန်(ထိုင်း) ကျပ်၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊အပါချီ(ထိုင်း) ကျပ် ၅၁၅၀၊ ကြံ့ကျပ် ၅၇၀၀ ၊မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်နဲ့စိန်ကဈေးငြိမ်နေပေမယ့် အပါချီက ကျပ် ၂၀၀၊ကမ္ဘောဇက ကျပ် ၆၀၀နဲ့ နဂါးကကျပ် ၄၀၀ ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ်မြေဩဇာတန်ချိန် ၁၆၀၀၀ ကျော်ဝင်

မေလ ၂၉ ရက်မှ ဇွန်လ ၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၃၄၇၅၇ တန်ဖိုးရှိ မြေဩဇာ ၁၆၂၈၅ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ် နိုင်ငံမှ ၅၂၂ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ ၁၂၇၃ ဒသမ ၉၅၂ တန်၊ တရုတ်နိုင်ငံမှ ၅၈၁ ဒသမ ၈၀၈ တန်၊ ဂျာမနီနိုင်ငံမှ ၄၀၉ ဒသမ ၅၂ တန်၊ အိန္ဒိယနိုင်ငံမှ ၅ တန်၊ အစ္စရေးနိုင်ငံမှ ၄၈ တန်၊ ဂျပန်နိုင်ငံမှ ၉၃၂၇ တန်၊ ကိုရီးယားနိုင်ငံမှ ၇၅၉ ဒသမ ၆၉ တန်၊ မလေးရှားနိုင်ငံမှ ၁၅၄ တန်၊ ရုရှားနိုင်ငံမှ ၁၀၁၁ ဒသမ ၅၉ တန်၊ စင်ကာပူနိုင်ငံမှ ၄၈ တန်၊ ဆွီဒင်နိုင်ငံမှ ၆ ဒသမ ၃ တန်၊ ထိုင်းနိုင်ငံမှ ၁၀၄၀ ဒသမ ၅၂ တန်နဲ့ဗီယက်နမ်နိုင်ငံမှ ၁၀၉၈ တန်တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ ဩဂဲနစ်၊ မြေဩဇာအမှုန့်၊ ပိုတက်စီယမ် နိုက်တြိတ်၊ ယူရီးယား၊ ကွန်ပေါင်း၊ ရွှေမြေသီး တံဆိပ်မြေဩဇာနဲ့အာမိုတို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန်၁၁၀၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးမြေဩဇာဈေးကွက် အရောင်းအေး

မေ ၂၈ ရက်မှ ဇွန်လ ၃ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၁၆၂၈၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့တန်ချိန် ၁၁၂၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခု တစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၂၈၈၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၆၄၅၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၇၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီးနဲ့ ရန်ကုန်မှာ အရောင်းသွက်ပြီး၊ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်ဈေးအပြောင်းအလဲ နည်းနည်းရှိသလို ဝယ်လက်လည်းရှိတယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ပုလဲ-အသေးနဲ့ ကွန်ပေါင်း ၁၅ ပတ်လည်(ပန်းရောင်) က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၆၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၂၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**အရောင်းအဝယ်သွက်သလို ဈေးလည်းနည်းနည်း မြင့်လာတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်ယူရီးယားက ကျပ် ၅၀၀၊ တီစူပါနဲ့ပိုတက်က ကျပ် ၁၂၀၀ ဈေးမြင့်လာပြီး ကွန်ပေါင်း ၁၅ ပတ်လည်နဲ့ ၁၆ ပတ်လည်က ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၁၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်လည်း အရောင်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ပန်းဖူး)နဲ့ တီစူပါက ဈေးနည်းနည်းကျပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၂၀၀ ၊ ပိုးသတ် ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-ပုလဲ) ကျပ် ၂၁၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၅၀၀၊ တီစူပါ ၄၆% ကျပ် ၁၉၈၀၀၊ မြွားသီးစုံ ကျပ် ၁၄၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန်၇၀၀ နီးပါးနဲ့ နို့မှုန့် တန်ချိန် ၂၀၀ နီးပါးတင်သွင်း

မေလ ၂၈ ရက်မှ ဇွန်လ ၃ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၈၆၂၃၇ တန်ဖိုးရှိ နို့ဆီ ၆၇၀ ဒသမ ၄၇၆ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၇၂ ဒသမ ၈၄၄ တန်၊ စင်ကာပူနိုင်ငံမှ ၃၂၈ ဒသမ ၃၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၆၉ ဒသမ ၃၁၂ တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ မာရီဂိုး ၊ ဒွန်း၊ COW BEL၊ My Boy တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၅၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်ကဒီတစ်ပတ်မှာမလေးရှားနိုင်ငံမှ ၁၀၄ ဒသမ ၈၀၃ တန်၊ နယ်သာလန်နိုင်ငံမှ သုညဒသမ ၁၄၃ တန်၊နယူးဇီလန်နိုင်ငံမှ ၄၆ ဒသမ ၇၂၅ တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၂ ဒသမ ၄၈၂ ၊စုစုပေါင်း ၁၈၄ ဒသမ ၁၅၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၈၀ တန်ကျော် အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၅ မှ ၂/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၅ မှ ၂၆/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၂၅•၀၀ | ၄၀၂•၅၀ | (-) | ၂၅၇•၅၀ |
| ၂။ | လွယ်ဂျယ် | ၇၇၉•၅၀ | ၈၆၀•၀၀ | (-) | ၇၀•၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၇•၅၀ | ၅၁•၅၀ | (+) | ၁၀၆•၀၀ |
| ၄။ | ကန်ပိုက်တီ | ၅၂၅၅•၅၀ | ၄၂၂၁•၅၀ | (+) | ၁၀၃၄•၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀•၀၀ | ၃၀၀၀•၀၀ | (-) | ၂၀၀၀•၀၀ |
| ၆။ | မြဝတီ | ၃၆၄•၇၈ | ၄၅၂•၁၀ | (-) | ၈၇•၃၂ |
| ၇။ | ကော့သောင်း | ၁၀၀၀၀•၀၀ | ၁၆၂၃၂•၀၀ | (-) | ၆၂၃၂•၀၀ |
| ၈။ | မြိတ် | ၃၇၅၀•၀၀ | ၃၃၀၀•၀၀ | (+) | ၄၅၀•၀၀ |
| | စုစုပေါင်း | ၂၁၅၄၂•၂၈ | ၂၈၅၉၉•၆၀ | (-) | ၇၀၅၇•၃၂ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၅ မှ ၂/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၅ မှ ၂၆/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၆၉၂•၁၀ | ၁၇၅၃၇•၀၅ | (+) | ၃၁၅၅•၀၅ |
| ၂။ | လွယ်ဂျယ် | ၁၁၀၄•၀၀ | ၂၂၈•၂၀ | (+) | ၈၇၅•၈၀ |
| ၃။ | ချင်းရွှေဟော် | ၂၆၄၉•၂၅ | ၂၆၃၁•၅၀ | (+) | ၁၇•၇၅ |
| ၄။ | ကန်ပိုက်တီ | ၂၁၄၀•၀၀ | ၂၁၅၀•၀၀ | (-) | ၁၀•၀၀ |
| ၅။ | မြဝတီ | ၂၁၈၁•၄၁ | ၃၆၃၃•၀၉ | (-) | ၁၄၅၁•၆၈ |
| ၆။ | ကော့သောင်း | ၆၀•၀၀ | - | (+) | ၆၀•၀၀ |
| ၇။ | မြိတ် | - | ၁၇၅•၀၀ | (-) | ၁၇၅•၀၀ |
| ၈။ | ရိဒ် | - | ၁၀၀•၀၀ | (-) | ၁၀၀•၀၀ |
| | စုစုပေါင်း | ၂၈၈၂၆•၇၆ | ၂၆၄၅၄•၈၄ | (+) | ၂၃၇၁•၉၂ |

ခင်မိုးသူ

## နှမ်း

# တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်မှပါ နှမ်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၅ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၈၆၂ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နှမ်းနက် ၁၇၈ တန်ကျော်၊ နှမ်းဖြူ ၇၅ တန်၊ နှမ်းဖြူ (အခွံချွတ်) တန်၄၀ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ နှမ်းနက် ၅၆၅ တန် ကျော်နဲ့ နှမ်းဖြူ ၃ တန်ကျော်ကိုလည်းကောင်း တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းနှစ်ခုမှ နှမ်းရောင်စုံ တန် ၃၄၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ နှမ်း ၅၂၂ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မေလအတွင်း မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းတန်ချိန် သုံး ထောင်ခန့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ရက်သတ္တပတ် အတွင်း နှမ်းဖြူတစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၃၃၆၁၈၂ ကျပ်နဲ့ နှမ်းနက် တစ်တန်ကို ၂၁၁၃၀၁၂ ကျပ်ဈေးရှိပါတယ်။အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၇၉၀၀၄ တန်ဖိုးရှိ နှမ်းနက်တန် ၆၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်တွင် မိုးနှမ်းစိုက်ချိန် လှောင်နှမ်းများကြောင့် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနဲ့ နှမ်းနက်ဈေးပြန်ကျလာပြီး စမုံနက်နှမ်းဈေးမြင့်လာတာတွေ့ရပါတယ်။ ပြည်ခရိုင် ခြောက်မြို့နယ်တွင် မိုးနှမ်းစိုက် ဧကမှာ လျာထားစိုက်ဧက ၈၄၄၇၂ ဧကဖြစ်ပြီး အမှန်စိုက်ဧကမှာ ယခုအချိန်အထိ ၃၁၂၇ ဧကသာ စိုက်ပျိုးပြီးဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ဧက ၃ ဒသမ ၇ရာခိုင်နှုန်းသာ စိုက်ပျိုးပြီးဖြစ်ပါတယ်။ ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် ယခုနှစ်မှာ စိုက်ဧက ပိုများတာတွေ့ရပါတယ်။

နှမ်းစိုက်ပျိုးချိန်ဖြစ်လို့ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိဘဲ လှောင်နှမ်း များဖြင့်သာ တစ်နေ့လျှင် အိတ် ၃၀၀ လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ အောင်လံဘက်မှ နှမ်းနက်ကို ဝယ်ယူမှုရှိပြီး နှမ်းနီကို မြို့တွင်းဆီစက်များက ဝယ်ယူလျက် ရှိနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၁၆၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# စားအုန်းဆီဈေးနှုန်းမြင့်တက်သော်လည်း ဈေးကွက်၏ အခြေခံအားနည်းမှုများက ဈေးနှုန်းကျဆင်းမှုကို ဖန်တီးလျက်ရှိ



စားအုန်းဆီ ထုတ်လုပ်မှုနှင့်ပို့ကုန်ဝယ်လိုအား ကျဆင်းမှုက ဈေးကွက်အပေါ်တွင် ဂယက်ရိုက်ခတ်မှုများရှိနေသော်လည်း ရင်းနှီးမြှုပ်နှံသူတို့က ပြန်လည်ပေးဆပ်ရန် ရှိသည့် စားအုန်းဆီများ၊ ရှယ်ယာများကို ပြန်လည်ဝယ်ယူလာကြသည့်အတွက် ဇွန် ၈ ရက်တွင် မလေးရှား စားအုန်းဆီ ကြိုရောင်းဈေးကွက်တွင် စားအုန်းဆီဈေးများ ပြန်လည်မြင့်တက်လာသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဩဂုတ်လအတွက် စာချုပ်ချုပ်ဆို ဝယ်ယူသော စားအုန်းဆီ၏ အခြေခံစံထားဈေးနှုန်းမှာ ဇွန် ၈ ရက် နေ့လယ်ဈေးကွဲချိန်က ၁၂ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၄၅၈ ရင်းဂစ်( အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၈၆ ) နှုန်းရှိခဲ့သည်။ ကုန်သွယ်မှု ပမာဏမှာ ၂၅တန်ရှိအတွဲပေါင်း ၂၀၃၇၁ တွဲရှိခဲ့သည်။ ဇွန် ၇ရက်နေ့က စားအုန်းဆီကြိုရောင်းဈေး၏တစ်ရက်အတွင်း ကျဆင်းမှုမှာ ရက်သတ္တနှစ်ပတ်အတွင်းတွင် အနိမ့်ဆုံးဖြစ်ခဲ့သည်။

“ ဇွန် ၁ ရက်မှ ၁၀ ရက်အတွင်း စားအုန်းဆီတင်ပို့မှုကျဆင်းမယ်လို့ ခန့်မှန်းခဲ့ကြတဲ့အတွက် ဈေးကွက်အပေါ်မှာဖိအားပေးပြီး ဂယက်ရိုက်ခတ်မှုရှိခဲ့သော်လည်း ရင်းနှီးမြှုပ်နှံသူတို့က စားအုန်းဆီကို ပြန်လည်ဝယ်ယူ လာကြတဲ့ အတွက် စားအုန်းဆီဈေးက တစ်တန်ကို ရင်းဂစ် ၂၄၅၀ ကို ပြန်လည်ရောက်ရှိခဲ့ပါတယ်”ဟု ကွာလာလမ်ပူ အခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။ မလေးရှား စားအုန်းဆီဈေးကွက်မှာ ဇွန် ၁၂ ရက်တွင် အားလပ်ရက်အဖြစ် ပိတ်ထားမည်ဖြစ်သည်။

စားသုံးမှုကျဆင်းခြင်းနှင့် ဝယ်လိုအားကျဆင်းခြင်းတို့ကြောင့် အစ္စလာမ်အခါကြီးရက်ကြီးဖြစ်သော အစ်ပွဲတော်ပြီးနောက်ပိုင်း စားအုန်းဆီတင်ပို့မှုများ ကျဆင်းလေ့ရှိသည်။

ရာမာဒန်ပွဲတော်အတွက် ဝယ်လိုအားကြောင့် မေလအတွင်းက စားအုန်းဆီဈေးများ မြင့်တက်ခဲ့သည့်အတွက် ပို့ကုန်တင်ပို့မှုမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၄၆ သန်းရှိခဲ့သည်။

စားအုန်းဆီ ထုတ်လုပ်မှုကို အဟန့်အတား ဖြစ်စေသော အယ်လ်နီညိုဒဏ်မှ ပြန်လည်နာလန်ထူလာပြီဖြစ်သည့်အတွက် ကမ္ဘာပေါ်တွင် စားအုန်းဆီကို ဒုတိယအများဆုံး ထုတ်လုပ်သော မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှု မှာ ယခုနှစ် ဒုတိယနှစ်ဝက်တွင် မြင့်တက်ခဲ့သည်။

မေ စားအုန်းဆီထုတ်လုပ်မှုကို ယခင်လနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ ဒသမ၆၃ သန်းအထိ ရောက်ရှိနိုင်ကြောင်း စိုက်ပျိုးသူများ၊ ကုန်သည်များနှင့် လေ့လာဆန်းစစ်သူများအား ကောက်ယူထားသော ရိုက်တာသတင်းဌာန၏စစ်တမ်းအရ သိရသည်။

အခြားဟင်းရွက်ဆီဖြစ်သော ပဲပုပ်ဆီဈေးမှာ အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် သုညဒသမ ၂၂ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ကြိုရောင်းဈေးမှာ သုညဒသမ ၃၈ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၆-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၁၉၅၀ | ▽ |
| ရန်ကုန် | ၄၈၀၀ | ၄၈၀၀ | □ | ၃၆၀၀ | ၃၈၀၀ | □ | ၁၇၈၀ | ၁၇၅၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၆၀ | ၁၈၆၀ | □ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၂၀၀ | ၄၁၀၀ | ▽ | ၄၂၀၀ | ၄၀၀၀ | ▽ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၂၀၀ | ၄၂၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၂၀ | ၁၉၁၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၆-၂၀၁၇ US$/Ton

| အမျိုးအစား | မေပဉ္စမပတ် | ဇွန်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၀၃.၅၀ | ၆၈၁.၅၀ | ▽ |
| RBD P.Olein | ၇၁၂.၀၀ | ၆၉၀.၅၀ | ▽ |
| RBD P.Stearin | ၆၂၉.၀၀ | ၆၀၈.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉-၆-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၈၃.၀၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၃၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၃၃.၃၉၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၉-၆-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၅ဒေါ်လာနှင့် USD ဈေး ၁၃၅၅ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၉-၆-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ထိုင်းနိုင်ငံ ဗဟိုဘဏ်မှ နိုင်ငံခြားငွေ လဲလှယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့

■ နှစ်နိုင်ငံ

ဇွန် ၅ ရက်က ထိုင်းဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေလဲလှယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ပေးခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ ပြည်ပအစု ရှယ်ယာလက်မှတ်နှင့် အာမခံစာချုပ်စာတမ်းများ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်သန်းအထိ တိုးမြှင့်ခွင့်ပြုမှု ပါဝင်ကြောင်း၊ ပြည်ပသို့ ရင်းနှီးငွေ စီးဆင်းမှုအား ထိန်းချုပ်မှုကို ထည့်သွင်းစဉ်းစားခဲ့ကြောင်း၊ ထိုင်းဘတ်ငွေလဲနှုန်း တည်ငြိမ်ရေးကို အလေးထား၍ တစ်ဒေါ်လာလျှင် ၃၄ ဘတ်အောက် မကျဆင်းရေးကို ထိန်းချုပ်ထားကြောင်း၊ စီးပွားရေးလုပ်ကိုင်မှု လွယ်ကူလျင်မြန်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း ကြေညာသွားခဲ့ပါသည်။

လာမည့် စတုတ္ထသုံးလပတ်တွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံငွေ အနည်းဆုံး ဘတ်သန်း ၅၀ ရှိသော ရင်းနှီးမြှုပ်နှံသူများအား ပြည်ပ၌ အာမခံအစုရှယ်ယာလုပ်ငန်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်သန်းအထိ ခွင့်ပြုသွားရန် ဗဟိုဘဏ်မှ ဖြေလျှော့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်မှလည်း နိုင်ငံသားမဟုတ်သော (ထိုင်းနိုင်ငံတွင် နေထိုင်သူ မဟုတ်သည့် မဟာမဲခေါင်ဒေသတွင်း အဖွဲ့ဝင်နိုင်ငံသားများ) ရင်းနှီးမြှုပ်နှံမှုများကိုလည်း ထိုင်းဘတ်ငွေဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်မှ ပြောကြားခဲ့ပါသည်။

လက်ရှိစည်းမျဉ်းများအရ လက်လီလုပ်ငန်းရင်းနှီးမြှုပ်နှံသူများသည် ဘတ်ငွေ သန်း ၁၀၀ အောက်ရှိမှသာ ပြည်ပ၌ရင်းနှီးမြှုပ်နှံမှုပြုကြောင်း၊ ပြည်တွင်းရှိ ကြားခံကုမ္ပဏီများတွင် ပါဝင်သော ပစ္စည်းပိုင်ဆိုင်မှု စီမံခန့်ခွဲမှုကုမ္ပဏီ၊ လုံခြုံရေးအရာရှိများနှင့် ကုန်သွယ်ရေးဘဏ်များ၊ အာမခံလုပ်ငန်းဆိုင်ရာ စီးပွားရေးအကျိုးဆောင်များမှတစ်ဆင့်သာ ခွင့်ပြုလျက်ရှိကြောင်း ပြောကြားပါသည်။

ထိုင်းဗဟိုဘဏ် ဥက္ကဋ္ဌ Veerathai Santiprabhob က ပြောကြားရာတွင် အစုရှယ်ယာရှင်များနှင့် ခြောက်လကြာ ဆွေးနွေးခဲ့ပြီးနောက် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့ခြင်းသည် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်လာရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

လုပ်ထုံးလုပ်နည်း ဖြေလျှော့မှုကြောင့် အချက် သုံးရပ်ကို ချက်ချင်းခံစားရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေလွှဲပို့ရာတွင် စာရွက်စာတမ်း လိုအပ်မှု လျော့ကျသွားခြင်း၊ ကုန်ဖိုးငွေ ပေးချေမှုအား ငွေလွှဲဆောင်ရွက်သူ ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်း၊ ထိုင်းနိုင်ငံသား မဟုတ်သူများအား ချေးငွေထုတ်ပေးပြီး ထိုင်းနိုင်ငံတွင် ရင်းနှီးငွေပမာဏ တိုးတက်လာစေခြင်းတို့ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဖြေလျှော့မှုများ ဆောင်ရွက်သွားရန်ရှိကြောင်း၊ နိုင်ငံခြားငွေလွှဲ ပုံစံတွင် တံဆိပ်ခေါင်းကပ်ရန် လိုအပ်မှုကိုလည်း ယခုနှစ် တတိယသုံးလပတ်တွင် ဖြေလျှော့သွားရန်ရှိကြောင်း၊ ၎င်းဖြေလျှော့မှုသည် ပုဂ္ဂလိက ကဏ္ဍအတွက် နှစ်စဉ်အသုံးစရိတ် ဘတ်တစ်ဘီလီယံခန့် သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကျိုးအမြတ်များတွင် ပိုမိုယှဉ်ပြိုင်ခြင်းနှင့် ဘဏ္ဍာရေး ပိုမိုခိုင်မာလာစေခြင်းစသော သွယ်ဝိုက်အကျိုးဖြစ်ထွန်းစေသောအရာများ မပါဝင်ကြောင်း Mr. Veerathai က ထပ်မံပြောကြားသွားပါသည်။

နိုင်ငံခြားငွေလဲလှယ်ရေး လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့သွားရန်လည်း စီစဉ်လျက်ရှိရာ ယခုနှစ် စတုတ္ထသုံးလပတ်တွင် အကောင်အထည် ဖော်လာနိုင်ဖွယ်ရှိကြောင်း၊ နိုင်ငံခြားငွေကြေးဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ၎င်းက ဆက်လက်ပြောကြားရာတွင် ယခုပြုပြင် ဆောင်ရွက်မှုသည် ဗဟိုဘဏ်၏ ဘဏ္ဍာငွေတည်ငြိမ်မှုဆိုင်ရာ တာဝန်ရှိမှုကို ထိခိုက်စေမည် မဟုတ်ကြောင်း ပြောကြားသွားပါသည်။

ယခုပြုပြင်ပြောင်းလဲမှုသည် လုပ်ထုံးလုပ်နည်းများ အချိန်ကြန့်ကြာမှုမရှိစေရန် ကန့်သတ်သွားရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ အတိတ်ကာလတွင် ရေရှည်အသုံးပြုခဲ့ပြီး ပြန်လည်သုံးသပ်ခြင်း မပြုရသေးသည့် လုပ်ထုံးလုပ်နည်းများအား ပယ်ဖျက်ရန် (သို့မဟုတ်) ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။ ယခုအစီအစဉ်အား ထိုင်းဗဟိုဘဏ်၏ အနာဂတ်ကာလတွင် အခြားကဏ္ဍများ၌လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပါသည်။

နိုင်ငံခြားငွေလဲလှယ်ရေး လုပ်ထုံးလုပ်နည်းပြုပြင်မှုသည် စီးပွားရေးလုပ်ငန်းလွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်မှုကို အထောက်အကူပေးရန် ရည်ရွယ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍမှ နိုင်ငံခြားငွေသုံးစွဲမှုအပေါ် စွန့်စားရမှုကိုလည်း အကူအညီပေးနိုင်ရန်ဖြစ်ကြောင်း ပြောကြားပါသည်။ ရင်းနှီးမြှုပ်နှံငွေလည်ပတ်မှု ထိန်းချုပ်ရန် လိုအပ်လာပါက ထိုင်းဗဟိုဘဏ်က အချိန်မီကြေညာချက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဇွန် ၅ ရက်က ထိုင်းငွေလဲနှုန်းသည် အမေရိကန် တစ်ဒေါ်လာလျှင် ၃၄ ဘတ်အောက် အနည်းငယ်ကျဆင်းပြီး ၃၃ ဒသမ ၉၅ ဘတ်သို့ ရောက်ရှိခဲ့ရာ နှစ်နှစ်နီးပါးခန့်အတွင်း အနိမ့်ဆုံးနှုန်းထားဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ကုန်သွယ်မှုအတွက် ပေးချေရငွေမှာ တစ်ဒေါ်လာ လျှင် ၃၄ ဒသမ ၀၂ ဘတ်ဖြင့် ပေးချေနေရကြောင်း ပြောကြားသွားပါသည်။

**သတင်းရင်းမြစ်-(၆-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "BoT eases up on forex regulations " သတင်း**

# တောင်ကိုရီးယားအစိုးရသစ်က လာမည့်ဒုတိယနှစ်ဝက်တွင် အခွန်တိုးမြှင့်ကောက်ခံရေးကို ဆောင်ရွက်သွားမည်

သမ္မတမွန်ဂျေအင်း၏ အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏ရွေးကောက်ပွဲကာလအတွင်း ပေးခဲ့သောကတိကဝတ်များဖြစ်သည့် အလုပ်အကိုင်များဖန်တီးနိုင်ရေးနှင့် ဘဏ္ဍာငွေရရှိရေးတို့အတွက် ယခုနှစ် ဒုတိယနှစ်ဝက်တွင် အခွန်တိုးကောက်မည့် အစီအစဉ်များအား ဆောင်ရွက်သွားနိုင်ကြောင်း သိရသည်။ သမ္မတမွန်ဂျေအင်းအနေဖြင့် အလုပ်အကိုင်ဖန်တီးရေးနှင့် လူငယ်များသက်သာချောင်ချိရေးကို ချဲ့ထွင်ဆောင်ရွက်သွားမည့်အပေါ် အာရုံစိုက်ဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည်။ အထူးသဖြင့် ၎င်း၏သမ္မတသက်တမ်း ငါးနှစ်တာကာလအတွင်း အလုပ်အကိုင်ပေါင်း ရှစ်သိန်းခန့် ဖန်တီးပေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်အလုပ်အကိုင် ရှာဖွေသူများအတွက် ထောက်ပံ့ပေးခြင်းနှင့် လက်ထပ်ပြီးစ ဇနီးမောင်နှံများအတွက် အစိုးရပိုင်အိမ်ရာများကို သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းပေးမည့် အစီအစဉ်များ ပါဝင်ကြောင်း ပြောကြားခဲ့သည်။ လာမည့်ငါးနှစ်တွင် အဆိုပါအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဝမ် ၁၇၈ ထရီလီယံခန့် လိုအပ်မည်ဟု အများစုက ခန့်မှန်းကြသည်။

ကုမ္ပဏီများမှ အခွန်နှင့် ဝင်ငွေခွန်များကို တိုးမြှင့် ကောက်ခံသွားမည်ဖြစ်ပြီး လာမည့်ငါးနှစ်အတွင်း အခွန်ကင်းလွတ်ခွင့်နှင့် အကျိုးခံစားခွင့်များကို ဖယ်ရှားသွားနိုင်ဖွယ်ရှိသည်။ အခွန်တိုးမြှင့်ကောက်ခံမည့် အချက်သည် ထိလွယ်ရှလွယ်သည့် ကိစ္စရပ်ဖြစ်သည့်အတွက် စနစ်တကျနှင့် ဖြည်းဖြည်းချင်း ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အစိုးရအနေဖြင့် ကုန်ကျစရိတ်များ လျှော့ချပြီး ရန်ပုံငွေ မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဦးစွာ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး ဇူလိုင်နှင့်ဩဂုတ်လများတွင် အခွန်ဆိုင်ရာ ပြုပြင်ဆောင်ရွက်ခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ သမ္မတမွန်ဂျေအင်း၏ အခွန်တိုးမြှင့်မည့် အစီအစဉ်နှင့် ပတ်သက်၍ ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်းကို ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် လာမည့် ဒုတိယနှစ်ဝက်တွင် စတင်ဆောင်ရွက်ရန် အဆင်သင့်အနေအထားဖြစ်ကြောင်း ဘဏ္ဍာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို ဖြေလျှော့ပေးသွားမည်

တောင်ကိုရီးယားနိုင်ငံအနေဖြင့် လတ်တလောတွင် ပြန်လည်တိုးတက်လာသော ပို့ကုန်လုပ်ငန်းအတွက် တွန်းအားပေးမည့် နည်းလမ်းတစ်ခုအဖြစ် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များ စီးပွား ရေးလုပ်ကိုင်ဆောင်ရွက်မှု ပိုမိုလွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို လျှော့ချဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဌာနမှ ပြောကြားခဲ့သည်။ ပြည်ပသို့ အွန်လိုင်းမှတစ်ဆင့် ရောင်းချသည့် ကုန်ပစ္စည်းများအတွက် မဖြစ်မနေ အကောက်ခွန်ကြေညာလွှာဆောင်ရွက်ရမည့် ကုန်ပစ္စည်းအမယ် ၅၇ မျိုးမှ ၂၇ မျိုးသို့ လျှော့ချပေးခဲ့သည့်အတွက် ပိုမိုလွယ်ကူမြန်ဆန်သည့် အကောက်ခွန်ဆိုင်ရာ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ကိုရီးယားအကောက်ခွန်ဌာန၏ ပြောကြားချက်အရ သိရှိရသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ပို့ကုန်အတွက် ကုန်အမှာစာများပေးပို့ခြင်းကို စစ်ဆေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်သည့် နည်းလမ်းဝန်ဆောင်မှုအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

လတ်တလောနှစ်များအတွင်း တောင်ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို ပြည်ပမှဝယ်လိုအားတိုးတက်လာမှုကြောင့် နိုင်ငံခြားမှ အွန်လိုင်းဖြင့် ဈေးဝယ်ယူသူများအနေဖြင့် တိုက်ရိုက်ဝယ်ယူမှုများ ကိုမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ လျှော့ချပြောင်းလဲခြင်းဖြစ်ကြောင်း သိရှိရသည်။ တောင်ကိုရီးယားနိုင်ငံ၏ ထုတ်ကုန်များကို အင်တာနက်မှတစ်ဆင့် နိုင်ငံခြားတိုင်းပြည်များ၏ ဝယ်ယူမှုသည် ၂၀၁၆ ခုနှစ်တွင် ဝမ် ၂ ဒသမ ၂၈ ထရီလီယံ ရှိခဲ့ပြီး၊ ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ၈၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ **ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ....မှအဆက်

လုပ်ငန်းနှင့် အသားတိုးငါး စမ်းသပ်မွေးမြူရေးကန်များသို့ လှည့်လည်ကြည့်ရှုပါသည်။ ဆက်လက်၍ စီမံကိန်း နယ်မြေအတွင်းပုစွန် မွေးမြူရေးကန်များမှ ပြည်ပသို့ တင်ပို့မည့် ရေငန်ပုစွန် ဖမ်းဆီးနေမှုတို့အား ကြည့်ရှုအားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့သို့ရောက်ရှိပြီး ၎င်းမှတစ်ဆင့် ပထော်ပတက်ကျွန်းရှိ တန် ၁၀၀၀ အအေးခန်းစက်ရုံသို့ ရောက်ရှိပြီး စက်ရုံတွင် ပြည်ပသို့တင်ပို့မည့် ငါး၊ ပုစွန်နှင့် ကဏန်းပျော့များ အေးခဲနေမှု၊ ထုပ်ပိုးနေမှုများအား အသေးစိတ်လေ့လာပြီး ကျွန်းပေါ်ရှိ ကုန်တင်လှေများ၊ ငါးဖမ်းလှေများ ထုတ်လုပ်ပြင်ဆင်သည့် ရေယာဉ်လွှန်းကျင်းတို့အား ဝင်ရောက်ကြည့်ရှုပါသည်။ ၎င်းနောက် ပြည့်ဖြိုးထွန်းကုမ္ပဏီသည် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်ရရှိသော ဒေသသစ်များအား တန်ဖိုးမြင့်ထုတ်ကုန်ပြုလုပ်၍ သစ်အချောထည်များပြုလုပ်ပြီး ပြည်ပသို့ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့လျက်ရှိသည့် သစ်အချောကိုင်စက်ရုံသို့ ဝင်ရောက်ကြည့်ရှုခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် "ပတက်"ကျွန်းရှိ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပါသည်။ ဆက်လက်၍ ကဏန်းပျော့မွေးမြူရေးကန်များသို့ ရောက်ရှိပြီး ကဏန်းပျော့မွေးမြူထုတ်လုပ်နေမှုအား အသေးစိတ်ကြည့်ရှုကာ ပုစွန်သားဖောက်လုပ်ငန်းခွင်သို့ ကြည့်ရှုခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိပြီး မြိတ်မြို့ရှိ မြိတ်ကုန်သွယ်ရေးစခန်းနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ရုံးတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဒေသသည် နိုင်ငံတော်၏ ရေထွက်ပို့ကုန် အဓိကတင်ပို့သည့် ဒေသဖြစ်၍ ယခင်နှစ်ထက် ပြည်ပပို့ကုန်တင်ပို့မှု ပိုမို တိုးတက်ရရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **MOC(IR)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အင်ချွန်းလွတ်လပ်သောစီးပွားရေးဇုန်ကို ထိပ်တန်း Smart City အဖြစ် ရပ်တည်နိုင်ရေး ဆောင်ရွက်လျက်ရှိ

တောင်ကိုရီးယားနိုင်ငံရှိ အင်ချွန်းလွတ်လပ်သော စီးပွားရေးဇုန် (Incheon Free Economic Zone -IFEZ) သည် အင်တာနက်နည်းပညာကို အခြေခံသည့် နည်းပညာများပေါင်းစပ်မှုဖြင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာရှ၌ထိပ်တန်းစီးပွားရေးဇုန်တစ်ခုအဖြစ် အာရုံစိုက်ခံရသောလုပ်ငန်းတစ်ခုဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ အနောက်မြောက်ဘက်ရှိ အင်ချွန်းမြို့တွင် ယခုနှစ်ဧပြီလက ဖွင့်လှစ်ခဲ့သည့် IFEZ Operation Center သည် အကောင်းဆုံးသော သတင်းအချက်အလက်နည်းပညာ ဝန်ဆောင်မှုများ ပံ့ပိုးနိုင်သည့် နေရာတစ်နေရာအဖြစ် ပြောင်းလဲနိုင်ရေးကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

IFEZ Operation Center အနေဖြင့် သတင်းအချက်အလက်များကို CCTV များမှတစ်ဆင့် စုဆောင်းပြီး ယာဉ်ကြောပိတ်ဆို့မှု၊ လုံခြုံရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဲ့သို့သော လုပ်ငန်းများအတွက် အဆင်ပြေလွယ်ကူစေရန် အထောက်အကူပြုသည့် ဝန်ဆောင်မှုများကိုပေးလျက်ရှိပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပေးပို့ဆောင်ရွက်နိုင်သည်ဟု သိရှိရသည်။

စနစ်တကျတည်ဆောက်ထားသည့် စီးပွားရေးဇုန်နေရာသည် အများပြည်သူသုံး ဘတ်စ်ကားများအတွက်လည်း ဘာသာစကားမျိုးစုံဖြင့် သတင်းအချက်အလက်ပေးခြင်းဖြင့် နိုင်ငံခြားသားများအတွက်ပါ ပိုမိုအဆင်ပြေလွယ်ကူစွာ သတင်းအချက်အလက်ရရှိနိုင်ရေးကို စီစဉ်ဆောင်ရွက်ထားပြီး ဘတ်စ်ကားမှတ်တိုင်များအားလုံးတွင်လည်း ဝိုင်ဖိုင်ဖြင့် အင်တာနက်အသုံးပြုနိုင်သည့် ဝန်ဆောင်မှုကိုထားရှိပေးထားသည်။ လုံခြုံရေးအတွက်မူ IFEZ အနေဖြင့် CCTV များမှတစ်ဆင့် ယာဉ်နံပါတ်ပြားများကို မှတ်တမ်းတင်နိုင်သည့် စနစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကယ်၍ ယာဉ်မောင်းသူအား တစ်စုံတစ်ခုသောကိစ္စရပ်အတွက် အလိုရှိသည့်အခါတွင် မှတ်တမ်းများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

Smart City စီမံကိန်းများမှာ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများမှ အာရုံစိုက်မှုရရှိလျက်ရှိပြီး ယင်းသို့အကောင် အထည်ဖော်ခြင်းဖြင့် လျင်မြန်သည့်မြို့ပြနှင့် နည်းပညာဖွံ့ဖြိုးမှုများကြောင့်ဖြစ်ပေါ်လာသည့် မြို့ပြလူနေမှုစနစ်နှင့် ဆက်စပ်သည့် ပြဿနာများကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်သည်။ IFEZ သည် ၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည့် ပထမဆုံးသော စီးပွားရေး ရင်း နှီးမြှုပ်နှံနိုင်သည့်ဇုန်ဖြစ်ပြီး လက်ရှိအချိန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာကို ဆွဲဆောင်နိုင်သည့် နေရာတစ်နေရာလည်းဖြစ်သည်။ အင်ချွန်းမြို့သည် တောင်ကိုရီးယားတွင် နိုင်ငံခြားသားများ စတုတ္ထမြောက် အများဆုံးနေထိုင်သည့် နေရာဖြစ်သည်။

အဆိုပါ စီးပွားရေးဇုန်အား အာရှ၏ အကြီးဆုံးသော နိုင်ငံတကာစီးပွားရေးနယ်မြေအဖြစ် ချဲ့ထွင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားသားလုပ်ငန်းရှင်များ အတွက် လိုအပ်သည့်စီမံခန့်ခွဲမှုများ၊ ထောက်ပံ့ဆောင်ရွက်ပေးမှု များကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# စားသုံးသူအငြင်းပွားမှုများအား ထိန်းကျောင်းနိုင်ရေးအတွက် ဟောင်ကောင်နှင့် ကိုရီးယားပူးပေါင်းဆောင်ရွက်

ဟောင်ကောင်နှင့် တောင်ကိုရီးယားရှိစားသုံးသူစောင့်ကြည့်ရေးအဖွဲ့မှ ဒေသနှစ်ခုစလုံးတွင် ခရီးသွားလုပ်ငန်းနှင့် အွန်လိုင်းမှ ဝယ်ယူခြင်း မြင့်တက်လာသည့်အတွက် စားသုံးသူများအားကာကွယ်ရန် ပူးတွဲသဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့သည်။

ဟောင်ကောင်စားသုံးသူကောင်စီနှင့် ကိုရီးယားစားသုံးသူဆိုင်ရာအေဂျင်စီတို့က အငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် နည်းလမ်းဖြစ်သည့် ယန္တရားအသစ်တစ်ခု ထောက်ပံ့ပေးရန်နှင့် အထူးသဖြင့် သတင်းအချက်အလက် ဖလှယ်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းရေးအတွက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဒေသခံများအနေဖြင့် တောင်ကိုရီးယားတွင် ဝယ်ယူခြင်း (သို့မဟုတ်) အွန်လိုင်းမှ ဝယ်ယူခဲ့သော ပလတ်စတစ်ဆာဂျရီအပါအဝင် ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ မည်သည့်အငြင်းပွားမှုမဆိုရှိခဲ့ပါက ဟောင်ကောင်စားသုံးသူကောင်စီတွင် ဆက်သွယ်နိုင်ကြောင်း အဆိုပါကောင်စီက အငြင်းပွားမှုအား ကိုရီးယားရှိအေဂျင်စီထံပေးပို့အကြောင်းကြားပေးမည်ဖြစ်ကြောင်း၊ ကိုရီးယားအေဂျင်စီက နိုင်ငံအတွင်းရှိ ကုန်သည်များအား ဆက်သွယ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ခရီးသည်များ၏ ခရီးစဉ်တင်းကျပ်မှု၊ ဘာသာစကားအခက်အခဲနှင့်အခြားအချက်အလက်များကြောင့် စားသုံးသူအများစုမှာ တိုင်တန်းမှုများအား ချက်ချင်းဆောင်ရွက်ရန်ခဲယဉ်းကြောင်း၊ မိမိ ဒေသသို့ပြန်ရောက်သည့်တိုင် ရွေးချယ်စရာလမ်းမရှိဘဲ ဝယ်ယူကြရကြောင်း၊ ဟောင်ကောင်ကောင်စီ၏ ဥက္ကဋ္ဌက ပြောကြားသည်။

ဟောင်ကောင်နှင့်ကိုရီးယားအကြား အွန်လိုင်းမှဈေးဝယ်ခြင်းမှာ တိုးတက်လာခဲ့သော်လည်း ဘာသာစကား ကွာခြားခြင်းမှ ယဉ်ကျေးမှု၊ ဥပဒေနှင့် စီးပွားရေးလုပ်ထုံးလုပ်နည်းမတူကွဲပြားမှုများမှာ အဓိကအတားအဆီးများပင်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် အငြင်းပွားမှုများဖြစ်ပွားသည့်အခါ ကျေနပ်သောအဖြေရရှိစေရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

သဘောတူညီချက်အရ စားသုံးသူများအနေဖြင့် မိမိနေအိမ်ကို ပြန်ရောက်သည့်တိုင်အောင် သက်ဆိုင်ရာ အေဂျင်စီများမှတစ်ဆင့် အကူအညီတောင်းခံနိုင်ကြောင်း၊ ရရှိသည့်တိုင်တန်းချက်ကို လက်ခံရရှိသည့် အေဂျင်စီက ပြဿနာအား ရည်ညွှန်းလျက် စားသုံးသူ အငြင်းပွားမှုအားဖြေရှင်းပေးရန် တစ်ဖက်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုကဲ့သို့ပြည်ပလုပ်ငန်းများနှင့် စာချုပ်ချုပ်ဆိုခြင်းကို ဟောင်ကောင်တွင် ပထမအကြိမ်အဖြစ် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး ကိုရီးယားအနေဖြင့် ဂျပန်၊ အမေရိကန်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူတို့နှင့် အလားတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ဟောင်ကောင်ကလည်း အလားတူစာချုပ်အား ဂျပန်၊ စင်ကာပူတို့နှင့် နှစ်နှစ်အတွင်း ရေးထိုးနိုင်ရန် မျှော်လင့်ကြောင်း၊ ယမန်နှစ်တွင် တောင်ကိုရီးယားသို့ အလည်အပတ်သွားရောက်သည့် ဟောင်ကောင်နိုင်ငံသားခရီးသည်ပေါင်း ၆၅၀၀၀၀ ဦးရှိပြီး၊ ၂၀၁၅ ခုနှစ်ထက် ၂၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ တောင်ကိုရီးယားမှ ဟောင်ကောင်သို့ လာရောက်သည့် ခရီးသည်ပေါင်းမှာ ၂၀၁၅ ထက် ၁၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင် စားသုံးသူကောင်စီသည် ယမန်နှစ်က ခရီး သည်များထံမှ တိုင်တန်းမှုပေါင်း ၅၁၇ ခုရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်ထက် ခြောက်ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၎င်းအနက် တိုင်တန်းမှု ငါးခုမှာ တောင်ကိုရီးယားခရီးသည်များထံမှဖြစ်ကြောင်း၊ ဟောင်ကောင် စားသုံးသူကောင်စီအနေဖြင့် စားသုံးသူများအား လက်ခံဖြတ်ပိုင်းများ သိမ်းဆည်းထားရန်၊ အကြွေးဝယ်ကတ်ဖြင့် ပေးချေမှုမှတ်တမ်းများ၊ ကုန်သည်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ပြဿနာဖြစ်ပေါ်သည့် ကုန်စည်ကို ဓာတ်ပုံရိုက်ထားရန် သတိပေး ပြောကြားခဲ့သည်။

အဆိုပါသဘောတူညီမှုမှ ကိုရီးယားနိုင်ငံ၏ ဥပဒေနှင့် စားသုံးသူကာကွယ်မှုအကြောင်း မသိရှိသောဟောင်ကောင်ဒေသခံစားသုံးသူများအပေါ် ထောက်ပံ့ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ၂၀၂၀ ခုနှစ်တွင် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လည်ပတ်မည့် ထိုင်းခရီးသွားစုစုပေါင်း ၁၀ သန်းသို့ ရောက်ရှိမည်

နိုင်ငံခြားတိုင်းပြည်များသို့ ခရီးသွားမည့် ထိုင်းလူမျိုးအရေအတွက်သည် ၂၀၁၆ ခုနှစ်တွင် ၇ ဒသမ ၇၄ သန်းရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၁၀ သန်းသို့မြင့်တက်၍ ၂၉ ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်းထားပါသည်။

ထိုင်းလူမျိုးအများစု သွားရောက်လည်ပတ်သည့် နိုင်ငံမှာ ၂၀၀၃ ခုနှစ်မှစတင်၍ ထိုင်းခရီးသွားများအား ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပေးခဲ့သည့် ဂျပန်နိုင်ငံ ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံစသည့် အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့် အရှေ့အာရှနိုင်ငံများသည် ထိုင်းခရီးသွားများကို ပိုမိုဆွဲဆောင်လျက်ရှိကြောင်း၊ ထိုင်းကမ္ဘာလှည့်ခရီးသွားအရေအတွက်သည် ၂၀၁၆ ခုနှစ်တွင် ၇ ဒသမ ၇၄ သန်းရှိခဲ့ရာ ၂၀၁၅ ခုနှစ်ထက် ၁၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ထိုင်းခရီးသွားစုစုပေါင်း၏ ထက်ဝက်ကျော်သည် အိမ်နီးချင်းနိုင်ငံများဖြစ်သော လာအို၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မြန်မာနှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသများသို့ သွားရောက်လည်ပတ်ခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် ထိုင်းကမ္ဘာလှည့် ခရီးသွားအရေအတွက်သည် စုစုပေါင်း ၁၀ သန်းအထိ တိုးတက်လာရန် မျှော်မှန်းထားကြောင်း ထိုင်းခရီးသွားကောင်စီ၏ ဥက္ကဋ္ဌ IttiritKinglake ကပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း ထိုင်းခရီးသွားတစ်ဦးလျှင် ပျမ်းမျှ ဘတ် ၃၀၀၆၄ ကိုသုံးစွဲခဲ့ပြီး ၂၀၁၅ ခုနှစ်ထက် ၂ ဒသမ ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ထိုင်းခရီးသွားများ၏ စုစုပေါင်းအသုံးစရိတ် သည် ၂၀၁၆ ခုနှစ်တွင် ဘတ် ၂၃၂ ဘီလီယံရှိခဲ့ရာ ၂၀၁၅ ခုနှစ်ထက် ၁၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ယခုနှစ်ပထမလေးလအတွင်း ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားစုစုပေါင်း ၁၂ သန်းဝင်ရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၁၁ ရာခိုင်နှုန်းတိုးတက် ခဲ့ပါသည်။ ထိုင်းခရီးသွားကဏ္ဍသည် ပထမလေးလအတွင်း ဝင်ငွေသည် ဘတ် ၆၂၂ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၄ ဒသမ ၇၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၉–၆–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြသော်လည်း မတ်ပဲဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေး ပြန်လည်တက်ရိပ်ပြခဲ့ပြီး မတ်ပဲကတော့ ဈေးဆက်လက် ကျဆင်းခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်အထိ တစ်တန်ကျပ် ၆၃၁၀၀၀ နဲ့ ဆက်တိုက်ဈေးကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၆၄၆၀၀၀ ထိ ဈေးပြန်တက်ခဲ့တာကြောင့် တစ်တန်ကျပ် ၁၅၀၀၀ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲ FAQ(RC) ကတော့ ယခင်တစ်ပတ်အထိ တစ်တန် ကျပ် ၈၉၄၀၀၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၈၆၂၀၀၀နဲ့ ဈေးဆက်တိုက် ကျဆင်းခဲ့တာကြောင့် တစ်တန်ကို ကျပ် ၃၂၀၀၀ ထပ်မံကျဆင်းခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်အထိ တစ်တန်ကျပ် ၁၁၂၇၀၀၀ နဲ့ ဈေးဆက်တိုက်ကျဆင်းခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၁၀၉၂၀၀၀ နဲ့ ဈေးဆက်လက်ကျဆင်းခဲ့တာကြောင့် တစ်တန်ကျပ် ၃၅၀၀၀ ထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက် ငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာ ကျပ် ၄၂၀ (တစ်တန်ကျပ် ၂၅၇၂၀၀) နဲ့ ရက်သတ္တ ငါးပတ် ဆက်တိုက်ဆက်လက် ဈေးငြိမ်နေခဲ့ပါတယ်။ အရောင်းအဝယ် ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၃၈၆၆၃၀၅ ပိဿာရှိခဲ့ပြီး ယခု တစ်ပတ်မှာ ၃၄၄၆၄၂၅ ပိဿာ ရှိခဲ့တာကြောင့် ယခင်တစ်ပတ် ထက် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတမှာ မတ်ပဲဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး ဆက်လက်ကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်းဈေးလည်း ပြန်လည်ကျရိပ်ပြခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၄၉၀ ထိ ဈေးဆက်လက်ကျခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၄၄၀ (တစ်တန်ကျပ် ၈၈၁၈၄၀) ထိဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ဈေးကွက်အတွင်း မတ်ပဲ ဝင်ရောက်မှုများလာပေမယ့် ရန်ကုန်ဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်များက ဝယ်လိုအား ပုံမှန်သာရှိတာကြောင့် တစ်နေ့ အိတ် ၃၀၀၀ မှ ၄၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၄၁၀ နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခု တစ်ပတ်မှာ တစ်ပိဿာ ၄၀၅ ကျပ်(တစ်တန် ကျပ် ၂၄၈၀၁၀) နဲ့ ဈေးပြန်လည်ကျရိပ်ပြခဲ့ပါတယ်။ ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်းဝင်ရောက်မှု နည်းတာကြောင့် အရောင်းအဝယ်ဖြစ်မှုလည်း နည်းလာခဲ့ပြီး ရန်ကုန်ဝယ်လက်များက တစ်နေ့အိတ် ၃၀၀၀ ခန့် ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြလာသော်လည်း မတ်ပဲဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲစင်းငုံဈေး ပြန်လည် တက်ရိပ်ပြခဲ့ပြီး ယခင်တစ်ပတ်အထိ ဈေးငြိမ်နေတဲ့ မတ်ပဲက ယခုတစ်ပတ်မှာဈေးကျခဲ့ပါတယ်။ ပဲစင်းငုံဈေးက ယခင်တစ်ပတ်အထိ တစ်ပိဿာ ၉၈၅ ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၀၁၀ (တစ်တန်ကျပ် ၆၁၈၅၁၀) နဲ့ ပြန်လည်ဈေးမြင့်လာခဲ့ပါတယ်။ ပဲစင်းငုံကို ရန်ကုန်ဝယ်လက်နဲ့ သိုလှောင်မယ့်သူများက ဝယ်လိုအား ရှိပေ မယ့် ရောင်းသူများက တက်ဈေးမျှော်တာကြောင့် ရောင်းအား နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ တစ်ပိဿာ ကျပ် ၁၅၀၀နဲ့ ဈေးငြိမ်နေတဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၄၅၀ (တစ်တန် ကျပ် ၈၈၇၉၆၀) နဲ့ ဈေးပြန်လည် ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များနဲ့ လှောင်လက်များ က ပုံမှန်ဝယ်ယူလျက်ရှိပြီး တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ၂၂၇၉ ကျပ်နဲ့ ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန် ကျပ် ၁၂၈၉၀၈၀)ထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးတင်ပို့မည့်သူများက ဝယ်ယူကြကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၈၄ ကျပ်နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ် ပိဿာ ၂၁၁၆ ကျပ် (တစ်တန်ကျပ် ၁၂၉၅၈၁၀) နဲ့ ဈေး ပြန်လည်ကျဆင်းခဲ့ပြီး မန္တလေးတင်ပို့သူများက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၇၄ ကျပ်နဲ့ ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၄၇ ကျပ် (တစ်တန် ကျပ် ၁၁၉၂၃၂၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ မြို့ခံအစာစပ်လုပ်ငန်းများနဲ့ မန္တလေးဝယ်လက်က ဝယ်ယူမှုရှိတဲ့ အစေ့ထုတ် ပြောင်းကတော့ ယခင် တစ်ပတ်ဈေး တစ်ပိဿာ ၄၂၉ ကျပ် (တစ်တန်ကျပ် ၂၆၂၇၁၀) နဲ့ ဆက်လက်ဈေးငြိမ်ကာ တစ်နေ့ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ငြိမ်သော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးဆက်လက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ရက်သတ္တသုံးပတ် ဆက်တိုက် ၅၀ ကီလို တစ်အိတ်ကို ယွမ် ၇၀ မှယွမ် ၈၀ တစ်တန် ယွမ် ၁၄၀၀ မှ ယွမ် ၁၆၀၀ နဲ့ ဆက်လက်ဈေး ငြိမ်နေခဲ့ပါတယ်။

တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုမှာလည်း ယခင်တစ်ပတ်က တန်ချိန် ၁၄၀၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၁၄၉၀၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ယခင် တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြပြီး မတ်ပဲဈေးငြိမ်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီ ဈေးပြန်လည် တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ ပဲစင်းငုံဈေး တစ်ပိဿာ ၉၈၃ ကျပ် ထိဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၁၇ ကျပ် (တစ်တန်ကျပ် ၆၂၂၈၀၀)နဲ့ ပြန်လည်ဈေးမြင့်လာခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ လှောင်လက်များက ပုံမှန်ဝယ်ယူမှုရှိပြီး တစ်နေ့အိတ် ၅၀၀ မှ ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၁၄၆၇ ကျပ် (တစ်တန်ကျပ် ၈၉၈၃၇၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး မြို့ခံပဲခွဲစက်များနဲ့ ရန်ကုန်ဝယ်လက်များက တစ်နေ့ အိတ် ၃၅၀ မှ ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၅၈ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ၂၂၀၄ ကျပ် (တစ်တန် ကျပ် ၁၃၄၉၇၀၀) နဲ့ ပြန်လည်ဈေးကျခဲ့ပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကို တရုတ်နိုင်ငံသို့ တင်ပို့သူကုန်သည်များက ဝယ်လိုအား များပြီး အရောင်းအဝယ်သွက်တာကြောင့် တစ်နေ့အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံ တစ်ပိဿာ ၂၇၅၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၈၀၀ (တစ်တန် ကျပ် ၁၇၁၄၆၉၀ ) နဲ့ ဈေးမြင့်လာခဲ့ပြီး အလားတူ နှမ်းဖြူ(ထိပ်စ) ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၈၉ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၁၁ ကျပ် (တစ်တန်ကျပ် ၁၄၁၅၂၃၀) နဲ့ အသီးသီးဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၂၂၂ ကျပ်အထိ ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၁၁ ကျပ် (တစ်တန်ကျပ် ၁၂၉၂၇၅၀) ထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။နှမ်းမျိုးစုံအနေနဲ့ တစ်နေ့ကို အိတ် ၁၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ ဈေးပြန်လည် တက်ရိပ်ပြပြီး မတ်ပဲ ဆက်လက်ကျဆင်း

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေး ပြန်လည် တက်ရိပ်ပြခဲ့ပေမယ့် မတ်ပဲဈေးကတော့ ဆက်လက်ကျဆင်းခဲပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၇၅ ကျပ်အထိ ဈေးကျဆင်းခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၀၀၀ (တစ်တန် ကျပ် ၆၁၂၃၉၀) နဲ့ ပြန်လည်ဈေးမြင့်လာခဲ့ ပါတယ်။ ယခင်တစ်ပတ်အထိ တစ်ပိဿာ ကျပ် ၁၅၀၀နဲ့ ဈေးကျခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၄၄၀ (တစ်တန် ကျပ် ၈၈၁၈၄၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနေနဲ့ ယခုတစ်ပတ်မှာ ဈေးကျခဲ့ပြီး နှမ်းနက်စမုံက ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၇၁၀မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၂၅ကျပ် (တစ်တန်ကျပ် ၁၆၀၇၅၂၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာကျပ် ၂၄၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၃၈၀ (တစ်တန်ကျပ် ၁၄၅၇၄၈၀) အသီးသီး ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ရိပ်ပြပြီး ပဲတီစိမ်း ဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေး ပြန်လည်တက်ရိပ်ပြခဲ့ပါတယ်။ ပဲစင်းငုံနီအနေနဲ့ ယခင်တစ်ပတ်အထိ တစ်ပိသာကျပ် ၉၈၀ နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၀၀ (တစ်တန်ကျပ် ၆၁၂၃၉၀) နဲ့ ပြန်လည်ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ပဲတီ စိမ်းကတော့ တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန် ကျပ် ၉၆၄၅၁၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ကုလားပဲဟော်လန်က တစ်ပိဿာ ကျပ် ၁၉၅၀ (တစ်တန်ကျပ် ၁၁၉၄၁၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံက ယခင်တစ်ပတ် ဈေးအတိုင်း ဆက်လက်ဈေးငြိမ်ခဲ့ပြီး နှမ်းနီ တစ်ပိဿာကျပ် ၂၀၀၀(တစ်တန် ကျပ် ၁၂၂၄၇၈၀)၊ နှမ်းနက် တစ်ပိဿာကျပ် ၂၁၁၀ (တစ်တန် ကျပ် ၁၂၉၂၁၄၀) နဲ့ သိပ္ပံနှမ်း တစ်ပိဿာကျပ် ၂၅၈၀ (တစ်တန်ကျပ် ၁၅၇၉၉၆၀) နဲ့ အသီးသီး အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ဈေး ဖြစ်တဲ့ တစ်ပိဿာကျပ် ၃၆၀ (တစ်တန် ကျပ် ၂၂၀၄၆၀) နဲ့ ဆက်လက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းကို ကြက်မွေးမြူရေးသမားများ၊ မြို့ခံ အစာစပ်လုပ်ငန်းများ၊ မန္တလေး ဝယ်လက်များက ပုံမှန်ဝယ်လိုအားရှိကြောင်းလည်း သိရပါတယ်။ ပဲမျိုးစုံအနေနဲ့ ပဲပုပ်(အသစ်) တစ်ပိဿာ ကျပ် ၁၀၅၀ (တစ်တန် ၆၄၃၀၀၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မေလအတွင်း ပရဆေးတန်ချိန် လေးထောင်ခန့် တင်ပို့

မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၈ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၁၀) မျိုး၊ တန်ချိန်အားဖြင့် ၆၆၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ပရဆေး ၆၃၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခု တစ်ပတ်မှာ တန် ၃၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာ စေ့၊ တောချင်း၊ ချင်းခြောက်၊ နနွင်းတက်၊ မာလာဥ၊ မာလာဥခေါင်း၊ ဆီးဆန်နဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၂၆၉၅၀၀ တန်ဖိုးရှိ ကြက်ဆူစေ့ ၃၈၅ တန်တင်ပို့ခဲ့ ပါတယ်။

မြန်မာနိုင်ငံမှတင်ပို့တဲ့ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ လိုအပ်သလို အသုံးပြုကြရာ မိကျောင်းကွမ်း ဖတ်စေ့ကို တရုတ်တိုင်းရင်းဆေးဖော်စပ်မှာလည်းကောင်း၊ ချဉ်ပေါင်ဖာလာကို ဟင်းခတ်အမွှေးအကြိုင်နဲ့ ဆေးဖော်ရာမှာလည်းကောင်း၊ ဆီးဆန်ကို အိမ်သုံးဆေးနဲ့ နှလုံးရောဂါ အတွက် ပဋိဇီဝဆေးဖော်စပ်တဲ့နေရာမှာ ကုန်ကြမ်းအနေနဲ့ လည်းကောင်း အသီးသီး ထည့်သွင်းအသုံးပြုကြတာလို့ သိရပါတယ်။ ဒါ့ကြောင့် မေလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းတန်ချိန် လေးထောင်ခန့် တင်ပို့နိုင်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းကလည်း အမေရိကန်ဒေါ်လာ ၄၂၁၄၃ တန်ဖိုးရှိတောင်လုံးကျော် နှစ်တန်ခွဲကို ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။ **မော်မော်အောင်**

# မူဆယ်မှ ချင်းခြောက်ကို တရုတ်နိုင်ငံသို့ တင်ပို့ပြီး မောင်တောမှ ချင်းစိုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့

မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၇၁၈၁ တန်ဖိုးရှိ ချင်းခြောက် ၁၄ တန်နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂တန်နီးပါးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၂တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မေတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ချင်းခြောက်တန် ၁၉၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၇၄၄၀ တန်ဖိုးရှိ ချင်းစို ၃၁ တန်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၁၅၇ တန်နဲ့ နှိုင်းယှဉ်ပါက ယခု တစ်ပတ် ၁၂၆ တန်လျော့နည်းတင်ပို့ ခဲ့ကြောင်း၊ မေတစ်လလုံး မောင်တောမှ ချင်းစို တန်သုံးရာခန့်နဲ့ စစ်တွေမှ တန် ၄၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ပြည်ပမှဆိုင်ကယ်များ တင်သွင်းမှုလျော့ကျ



တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ မေလ ၂၇ ရက်မှ ဇွန်လ ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၁၀၉ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၈၇၄ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၇၆၅ စီးလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ် ပိုမိုတင်သွင်းခဲ့သော်လည်း မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ မူဆယ်ကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ လျော့နည်း တင်သွင်းခဲ့တဲ့ အတွက်ကြောင့် တင်သွင်းမှုကျဆင်းခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၆၆၇၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၉၆ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၆၀ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၈ စီးကို တင်သွင်းနိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန် တင်ပို့မှုတန်ချိန် လျော့နည်းပေမယ့် တန်ဖိုးပိုမို

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၁၁၇၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၂၇၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန်အားဖြင့် ၁၀၄ တန်ကျော်လျော့နည်းပေမယ့် တန်ဖိုးအားဖြင့် သုညဒသမ ၂၃၃ သန်း ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှု မရှိခဲ့တဲ့ ငါးမှုန့်၊ ငါးကြင်းဆီဖောင်း၊ ငါးလိပ်ကျောက် အရေခွံ ခြောက်တို့ တင်ပို့ခဲ့သလို ကဏန်း ပိုမိုတင်ပို့မှုကြောင့် တန်ဖိုး ပိုမိုရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ငါးရှဥ့်တစ်တန်လျှင် ယွမ် ၃၁၀၀၀ နဲ့ ကဏန်းတစ်တန်လျှင် ၅၃၉၃၄ ယွမ်ဈေးဖြင့် ပြောင်းလဲမှုမရှိကြောင်း မေလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေထွက်ကုန် တန်ချိန် ၇၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့

မြန်မာ- ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံကို တန်ချိန်အားဖြင့် ၂၀၇၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၉၆ တန်သာ တင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ်မှာ ၅၇၈ တန် ပိုမို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှု လျော့နည်းခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုည ဒသမ ၅၁၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန်တို့ကို တန် ၆၀ ကျော်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၉သန်း တန်ဖိုးရှိ ငါးမျိုးစုံနဲ့ ကင်းမွန်တို့ကို ၁၈၆ တန်ကျော်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေ ရိကန်ဒေါ်လာ ၂ ဒသမ ၄၂၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမုန့်၊ ပုစွန်၊ ရေငန်ပုစွန်၊ ကင်းမွန်၊ ကဏန်းပျော့၊ ငါးခြောက်၊ ပြည်ကြီးငါးတို့ကို တန်ချိန် ၁၈၂၆ တန်ကျော် ခန့် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မေလအတွင်း ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှု အနီးစပ်ဆုံးကာလထက်ပိုမို

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ မေလအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၅၅ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၈၉ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၄၄ သန်းဖြစ်ပါတယ်။ အနီးစပ် ဆုံးကာလဖြစ်တဲ့ ဧပြီနဲ့နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၀ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဧပြီထက် ကုန်သွယ်မှုပမာဏပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် စောင်၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ မဝတ်တီရှပ်၊ အချိုရည်တို့လျော့နည်းတင်ပို့ခဲ့သော်လည်း အဓိကပို့ကုန်ပစ္စည်းဖြစ်တဲ့ ကွမ်းသီးပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း ဓာတ်မြေဩဇာ လျော့နည်းတင်သွင်းခဲ့သော်လည်း လူသားဆံပင်၊ နိုင်လွန်ချည်တို့ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

မေလအတွင်း ရိဒ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ITC ကတ်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၈ သန်းတန်ဖိုးရှိ နိုင်လွန်ချည် ၆၆ တန်ကို တင်သွင်းနိုင်ခဲ့ပါတယ်။ မေလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန် ပစ္စည်းများကတော့ ကွမ်းသီး၊ ရေချိုငါး၊ စီးကရက်၊ မုန့်မျိုးစုံ၊ ပလတ်စတစ် အိတ်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန် ပစ္စည်းများကတော့ ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ နိုင်လွန်ချည်တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ချင်းရွှေဟော်မှသကြားပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ မေ ၂၇ ရက်မှ ဇွန် ၂ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၇၈ သန်းတန်ဖိုးရှိ သကြား ၁၄၁၁၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၄၈၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၇၆၃၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၆၄ သန်းတန်ဖိုးရှိ Re-export သကြား ၈၀၉၈ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၃၂၁၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၁၁၄ တန်ကျော် လျော့ နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ကျပ် ၈၃၀၇၀၀ ရှိပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ၄၂၆၀ ယွမ်ရှိကြောင်း၊ မေလတစ်လလုံးမူဆယ်မှ သကြားတန်ချိန် ရှစ်သောင်းခန့်နဲ့ ချင်းရွှေဟော်မှ တန်ချိန် တစ်သောင်းခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၄ သန်းတန်ဖိုးရှိ Re-export သကြား ၂၃၇၀ တန်ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းလာခဲ့ရာ ယခင်တစ်ပတ်ကတင်သွင်းခဲ့တဲ့ တန် ၈၈၀ နဲ့ နှိုင်းယှဉ်ပါက တန် ၁၄၉၀ လျော့နည်းတင်သွင်းလာခဲ့ကြောင်း၊ မေလအတွင်း မြဝတီမှတစ်ဆင့် သကြားတန် ၆၀၀၀ ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းလာခဲ့ကြောင်း မြဝတီကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

# jrefrmukefoG,fjrifhwifa&;tzGJU (MYANTRADE) \ KSP Final Reporting tcrf;tem;usif;y

၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ မူဝါဒများ ချမှတ် ရေးဆွဲနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီပေးအပ်ခဲ့သည့် အသိပညာ၊ အတတ်ပညာ မျှဝေပေးရေး (Knowledge Sharing Program –KSP) အစီအစဉ်အရ 'ပို့ကုန်တိုးမြှင့်ရေးနယ်ပယ်တွင် သုတေသနပြုခြင်း' ခေါင်းစဉ်ဖြင့် KSP Final Reporting အခမ်းအနားတစ်ရပ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ( MYANTRADE ) နှင့် ကိုရီးယားသမ္မတနိုင်ငံ KOTRA ၏ သုတေသန ပညာရှင်အဖွဲ့ (STEMI ) တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ KSP အစီအစဉ်အရ KSP Final Reporting အခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဇွန် ၉ ရက်တွင် PARK ROYAL HOTEL၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကိုရီးယားသမ္မတနိုင်ငံ KOTRA(HQ) မှ ညွှန်ကြားရေးမှူးချုပ် Mr. Dongseok Cho တို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် Knowledge Sharing Program Final Report အပြီးသတ်အစီရင်ခံစာကို တင်ပြပြီး ကိုရီးယားနိုင်ငံ၏ Ministry of Finance and Strategy နှင့် KOTRA တို့မှ အကူအညီပေးသော အသိပညာ၊ အတတ်ပညာမျှဝေပေးရေး အစီအစဉ် (Knowledge Sharing Program-KSP) လုပ်ငန်းစီမံချက်မှ Export Promotion ခေါင်းစဉ်ဖြင့် သုတေသနလုပ်ငန်း ဆောင်ရွက်ရာမှ ထွက်ပေါ်လာသော အစီရင်ခံစာကို ဖတ်ကြားခဲ့ပါသည်။

KSP အစီအစဉ်၏ စီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လကုန်ထိ ဖြစ်ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် နေပြည်တော်တွင် Knowledge Sharing Program (KSP) Kick-off Seminar စီမံကိန်း စတင်ခြင်း အခမ်းအနားကို ကျင်းပနိုင်ခဲ့ပါသည်။

KOTRA မှ STEMI သုတေသနအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတို့တွင် ပို့ကုန်တိုးမြှင့်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ သုတေသနစာတမ်းများကို တင်ပြရန်ရည်ရွယ်၍ သေချာစွာ လေ့လာရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိက ကဏ္ဍအသင်းအဖွဲ့များနှင့် သွားရောက်တွေ့ဆုံဆွေးနွေး၍ သုတေသနပြုခဲ့ပါသည်။ ၎င်းသုတေသန ရလဒ်များနှင့် ကိုရီးယား နိုင်ငံ၏ အတွေ့အကြုံကို အခြေခံပြီး အကြံပြုသုံးသပ်တင်ပြခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဆက်လက် ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များကို တင်ပြပြီး၊ အဆိုပါအစီရင်ခံစာတွင် Food Processing Industry မူဝါဒ ပိုင်းဆိုင်ရာ ပြောင်းလဲရေး၊ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ မြန်မာ အိုင်စီတီ ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး FDI ဖိတ်ခေါ်၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တင်ပြခဲ့ပါသည်။




လက်ရှိ မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန် မဟာဗျူဟာတွင်လည်း ဖော်ပြပါ ကဏ္ဍနှစ်ခုကို ထည့်သွင်းပေးရန် ပုဂ္ဂလိကလုပ်ငန်းရှင်များက တောင်းဆိုထားရာ အဆိုပါကဏ္ဍများသည် အလားအလာကောင်းမွန်သောကြောင့် မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် သုတေသနစာတမ်းများ ဖြစ်ပါသည်။

နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေး မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့သော သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေးသည်လည်း လိုအပ် ချက်တစ်ခုဖြစ်ပါသည်။

KSP အစီအစဉ်သည် ဖွံ့ဖြိုးဆဲကုန်သွယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်များကို အခြေခံပြီး သုတေသန လုပ်ငန်းများကို လုပ်ဆောင်ခြင်း၊ မိတ်ဖက်နိုင်ငံများမှ ပညာရှင်များနှင့် ညှိနှိုင်း၍ မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များကို သုတေသနပြု ကူညီထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုထားသည့် သုတေသနခေါင်းစဉ်များအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကူညီပံ့ပိုးပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေသော သုတေသန အစီအစဉ်များဖြစ်၍ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

ယခုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနငါးခုမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့ ငါးခုမှ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ ကိုရီးယားဘက်မှ KOTRA၊ STEMI မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**သန်းသန်းနု (STP- MYANTRADE)**

# ကုန်စည်ပြပွဲဆိုင်ရာ နမူနာထုတ်ကုန်ပစ္စည်းများကို တင်ပို့တင်သွင်းရာတွင် ပိုမိုလွယ်ကူလျင်မြန်စေမည့် ATA Carnet စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ATA Carnet အလုပ်ရုံဆွေးနွေးပွဲကိုမေလ ၃၀ ရက်က ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင်UMFCCI ၏ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားရာတွင် ATA Carnet စနစ်သည် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းအသိုက်အဝန်းကို ကောင်းစွာ အထောက်အကူပေးနိုင်မည်ဟုယူဆပါကြောင်း၊ ATA Carnet သည် ကုန်သွယ်မှုကို အထောက်အကူပြုနိုင်သည့် ပလက်ဖောင်းတစ်ခုဖြစ်သည့်အတွက် ၎င်းစနစ်ကို မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်မည်ဆိုပါက အကောက်ခွန်ရှင်းလင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများတွင် ပါဝင်ခြင်း စသည့်ကိစ္စရပ်များတွင် ယခင်ကထက်လွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်းပြောကြားပါသည်။

ထို့နောက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ်က ATA Carnet စနစ်သည် နမူနာထုတ်ကုန်ပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲများသို့ သွားရောက်ပြသ ခြင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ ကိရိယာတန်ဆာပလာများကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ယာယီတင်သွင်း၊ တင်ပို့မှုနှင့် အကောက်ခွန် ရှင်းလင်းမှုဆိုင်ရာစာရွက်စာတမ်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ATA Carnet စနစ်၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၇၇ နိုင်ငံ ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောတွင်အဆိုပါစနစ်၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သေးသော်လည်း မြန်မာနိုင်ငံသည်ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း (World Customs Organization) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ၏ စတင် တည်ထောင်သူအဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ ATA Carnet စနစ်နှင့်ပတ်သက်သော ဗဟုသုတများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် အကြိမ်အရေအတွက် သိသိသာသာ တိုးတက်များပြားလာပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အီတလီနိုင်ငံတွင် ကျင်းပခဲ့သည့် Milan Expo၊ ၂၀၁၆ခုနှစ်တွင် တူရကီနိုင်ငံ Expo 2016 Antalya စသည့်ကမ္ဘာ့ကုန်စည်ပြပွဲများတွင် တရားဝင်ပါဝင်ခဲ့သလို၊ ဂျာမနီနှင့်ဘရပ်ဆဲလ်တို့တွင် ကျင်းပပြုလုပ်သည့် ဥရောပကုန်စည်ပြပွဲများတွင်လည်း မကြာသေးမီကာလက ပါဝင်ပြသခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာမှ ဖိတ်ကြားတောင်းဆိုမှုများ တိုးတက်များပြားလာသည်နှင့်အမျှ မြန်မာနိုင်ငံအတွက် ဈေးကွက်ချဲ့ထွင်နိုင်မည့်အလားအလာကောင်းများလည်း တိုးတက်လာပါကြောင်း၊ သို့သော်တောင်းဆိုမှုနှင့် လိုက်ပါ လုပ်ဆောင်မှုတို့တွင် မမျှတသည်များနှင့် ရင်ဆိုင်လာရပါကြောင်း၊ ထို့ကြောင့် ယာယီတင်သွင်းခွင့်တင်ပို့ခွင့်ဆောင်ရွက်ပေးနိုင်မည့် စနစ်တစ်ခုအမှန်ပင် လိုအပ်လာပါကြောင်း၊ ATA Carnet ယန္တရားကို အသုံးပြုလုပ်ဆောင်မည်ဆိုပါက ကုန်စည်ပြပွဲဆိုင်ရာ နမူနာထုတ်ကုန်များကို တင်ပို့/တင်သွင်းရာတွင် ပိုမိုထိရောက်မြန်ဆန်မှုရှိလာပြီး၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ease of doing business အညွှန်းကိန်းတွင်လည်း အဆင့်တစ်ခုသို့ တိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သလို WTO ကုန်သွယ်မှု အထောက်အကူပြု သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အတွက် TFA အား အသုံးချခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် ICC မှ Asia Executive Director ဖြစ်သူ Lee Jusoung က ATA Carnet စနစ်သည် ကုန်သည်အသင်းချုပ် (CCI) နှင့်အတူ မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းစဉ်များအားကောင်းစွာ အားဖြည့်ပေးနိုင်မည်ဟု ICC အနေဖြင့် ယုံကြည်ထားကြောင်း၊ ၎င်းစနစ်အား အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ အစောဆုံးအဆင့်အနေဖြင့် မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဖွင့်လှစ်ပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာသို့ ခိုင်မာစွာအသိပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် စတင်အာဏာ သက်ဝင်ခဲ့သည့် TMAကို အတည်ပြုလက်မှတ်ထိုးခဲ့သည့် နောက်ဆက်တွဲအနေဖြင့် ယခုလိုလာရောက်ရခြင်းဖြစ်ကြောင်း၊ TMAကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ယာယီ ဝင်ရောက်ခွင့်ဆိုင်ရာ သဘောတူစာချုပ် (Convention on Temporary Admission) ဖြစ်သည့် အီစတန်ဘူစာချုပ် (Istanbul Convention)ပါ အချက်များကို ဦးစွာသဘောတူညီရန် လိုအပ်ကြောင်း မြန်မာ့ ခေါင်းဆောင်များအား ပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများနည်းတူ အီစတန်ဘူစာချုပ်အား ဦးစွာပထမ သဘောတူ လက်မှတ်ရေးထိုးရန်

စာမျက်နှာ (၂၄) သို့ ➢


## အကြံပြုစာများ ဖိတ်ခေါ်ခြင်း


မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အစဉ်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြု ချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည် ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။


SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
FAO
(Food and Agriculture Organization of The United Nations) Medal
ITQI
Superior Taste Award
(BELGIUM)
ambalaj
ay yıldızları
2011
gümüş ödül
SUNAR
Sunflower Oil
Southern Myanmar
Company Limited
09 73199813,09 73199814
E-mail :Contact@southern-myanmar.com
www.facebook.com/ SunarForMyanmar


ရှုံ ခရုံ သံယံ
MOUNT TREASURE CO.,LTD
ရတနာတောင် ဦးဆာသရား နှင့် သားများ
ဘီလပ်မြေ၊ သံချောင်း၊ ဟာ်လန်၊ ယူဘင့်၊ အိပ်(ချ်)ဘင့်၊ သံပိုက်၊ ဂျီအိုင်ပိုက်၊
ဟော်လို၊ သံပြားပလပ်ပြား၊ သံထည်ပစ္စည်းအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး နှင့်
ကာလာစတီးအမိုးပြား၊ စီချန်နယ်ပါလင်၊ ဒက်ကင်ရှိအမျိုးမျိုးထုတ်လုပ်ဖြန့်ချီရေး
▶ အမှတ် (င၊ ဈ၊ ဆ)၊ အဆောင် (ဝ/၆)၊ ရွှေဝါလမ်းမကြီး၊ ဒေါ်ဘွားကြီးကုန်း၊ ရန်ကုန်။ Fax : 01 9640777
Tel : 01- 9640555, 9640777, 9640999, Mobile : 09 420719000, 09 4500 99999
▶ Tel 01 9640323, 09-5056150
▶ Tel : 01 9615 111, 9615 222, 9615 333, 9615 444
▶ ဖုန်း - 067 - 26304, E-mail : yadanartaung@gmail.com


ALLWIN
CO., LTD
ALLWIN
OTTO
THAILAND
ELECTRONIC
No.325, Pansodan Road (Upper Block),Kyauktada Tsp, Yangon
No. (274,276), Seikkanthar Street, Kyauktada Tsp, Yangon
Ph : 248239, 09421163941
E-mail:allwin.otto@gmail.com
www.otto.co.th


ဗုဒ္ဓံ ဓမ္မံ သံဃံ
ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်
BHOME YAUNG CHI TRADING CO.,LTD
ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။
Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935

## ရော်ဘာဈေးကျဆင်းသော်လည်း ပိုမိုတင်ပို့

မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ကာလအတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၃ သန်းတန်ဖိုးရှိ ရော်ဘာ ၃၀၉၂ တန်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 ၂၀၇၂ တန်ကျော်၊ RSS 5 ၁၁၈ တန်ခန့်နဲ့ MSR 20 ၄၄၇ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှRSS1 ၁၇တန်ကျော်၊ RSS 3 ၄၃၈ တန်ခန့်တင်ပို့ခဲ့ပါတယ်။ မေလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၉၉ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၁၁၅၄ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဧပြီနဲ့ နှိုင်းယှဉ်ပါက ဧပြီက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇၃၂ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံတန်ချိန် ၁၀၆၅၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၅၀၄ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်က ထုတ်ပြန်တဲ့ ရော်ဘာဈေးနှုန်းအရ RSS 3 တစ်တန်ကို ကျပ် ၂၀ ဒသမ ၁၅၉ သိန်းရှိပြီး ယခင်တစ်ပတ်ထက်တစ်တန်ကို ၁၀၀၈၀၇ ကျပ်ဈေးကျပါတယ်။ RSS 5 တစ်တန်ကိုကျပ် ၂၀ ဒသမ ၂၉၁ သိန်းရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ရော်ဘာ ၆၅၃ တန်ကျော် တင်ပို့ခဲ့ပြီး ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၂၂၄ တန်ကျော်၊ မလေးရှားနိုင်ငံသို့ RSS 3 တန်ချိန် ၁၄၀ နဲ့ MSR 20 တန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 ၁၅၁ တန်ကျော်နဲ့ RSS 1 ၃၈ တန်တင်ပို့ခဲ့ပါတယ်။ မေလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၈၄၈ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဧပြီလ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဧပြီလက အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၈၀၇ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် မေလမှာ ၁၀၄၁ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ယခုတစ်ပတ်နိုင်ငံရော်ဘာပေါက်ဈေးမှာ RSS တစ်တန်လျှင် ဒေါ်လာ ၁၆၀ ဈေးကျ၍ MSR တစ်တန်ဈေး အနည်းငယ်ကျတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးကို တစ်တန်လျှင်ဒေါ်လာ ၂၅၀ နဲ့ RSS တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးချ၍ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၉၀၀-၂၀၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်မှတစ်ဆင့် တစ်သျှူးငှက်ပျောတင်ပို့

မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၁ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၆၁၂၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီမှ တန် ၆၀၀၀ နဲ့ လွယ်ဂျယ်မှ ၁၂၈ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ၈၉၇၅ တန်နဲ့ လွယ်ဂျယ်မှ ၉၆ တန် စုစုပေါင်း ၉၀၇၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ၂၉၄၃ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မေလတစ်လလုံး ကန်ပိုက်တီနဲ့ လွယ်ဂျယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တန်ချိန် သုံးသောင်းကျော် တင်ပို့ခဲ့ပါတယ်။

တစ်သျှူးငှက်ပျောဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနားဝိုင်းမော်ဒေသနဲ့ ရှာပါဒါန်ဒေသတွေမှ ထွက်ရှိပြီး ယခင်က ကန်ပိုက်တီနယ်စပ်မှ တင်ပို့ခဲ့တာပါ။ လွယ်ဂျယ် နယ်စပ်ကတော့ ၂၀၁၆ ခုနှစ် မတ်လနောက်ဆုံးပတ်မှစတင် တင်ပို့ခဲ့တာဖြစ်ပါတယ်။ လိုင်စင်ဈေးမှာ (ငွေလဲနှုန်းအရ) တစ်တန်ကို ကျပ်လေးသိန်းခန့်ရှိတယ်လို့ သိရပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၆၄၉၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျောတန် ၅၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ တစ်သျှူးငှက်ပျောတင်ပို့မှု မရှိဘဲ မေလအတွင်းက တစ်သျှူးငှက်ပျောတန်ချိန် ၄၀၀ နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## နယ်စပ်များမှတစ်ဆင့်အိမ်နီးချင်းနိုင်ငံများသို့ သရက်သီးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မေ ၂၇ ရက်မှ ဇွန် ၂ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၇၇ သန်းတန်ဖိုးရှိ သရက်သီး ၂၈၅၆ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၈၅၀ တန်နဲ့ ချင်းရွှေဟော်မှ ခြောက်တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ သရက်သီးတင်ပို့မှုမရှိဘဲ မူဆယ်မှ တန် ၃၉၈၀ တင်ပို့ခဲ့ပါတယ်။ မူဆယ်မှ သရက်သီးအပြင် အမေရိကန် ဒေါ်လာ ၁၆၄၁၆ တန်ဖိုးရှိသရက်ပြားခြောက် ၃၂ တန်ကို ယခုတစ်ပတ်မှာ တင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၆၅၉၆ တန်ဖိုးရှိ သရက်သီးအကြမ်း တန် ၃၀ ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့တယ် လို့ သိရပါတယ်။

**မော်မော်အောင်**

## တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၈၉၂ တန်ဖိုးရှိ ကော်ဖီစေ့ ရှစ်တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကော်ဖီစေ့တင်ပို့မှုမရှိဘဲ မြန်မာ -တရုတ်နယ်စပ်ရှိ မူဆယ်မှသာ ကော်ဖီစေ့သုံးတန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်ရှာင်မြို့အပြင် အခြားဒေသများဖြစ်တဲ့ ပင်လောင်း၊ နောင်ချိုချင်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ရခိုင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ အမေရိကန်နဲ့ ဂျပန်နိုင်ငံများကလည်း ကော်ဖီဝယ်ယူရန်အတွက် ကမ်းလှမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီကို ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ ၃၆ တန်တင်ပို့နိုင်ခဲ့ကြောင်း၊ ဥရောပနိုင်ငံများအပါအဝင် ဆွစ်ဇာလန်နဲ့ အာရှနိုင်ငံများသို့လည်း ကော်ဖီဈေးကွက်ချဲ့ထွင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် စခန်းသုံးခုမှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၁၉ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ တန်ချိန် ၂၀၀၀၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၆၁၀၀၊ လွယ်ဂျယ်မှ တန် ၃၄၄၀ ကျော်နဲ့ ချင်းရွှေဟော်မှ ၄၆၃ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ပြောင်းဖူးစေ့ ၂၀၆၆၈ တန်ကျော် တင်ပို့ခဲ့လို့ ယခု တစ်ပတ်မှာ ၆၆၄ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်းက ပြောင်းတစ်တန်ဈေး ၂၄၉၀၂၇ ကျပ်ရှိရာမှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်မှာ ၂၄၈၅၉၂ ကျပ်သို့ ထပ်မံဈေးကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်း တစ်ပိဿာ သယ်ယူခ ၆၀ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၇၀၈ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၁၄၀၀ ရှိကြောင်း၊ မေလတစ်လလုံး တရုတ်နယ်စပ်မှ ပြောင်းတန်ချိန် တစ်သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းဖူးစေ့ တန် ၂၀၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**


## မေတွင် ဧပြီထက် ပြောင်းပိုမိုတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၄၃၂ သန်းတန်ဖိုးရှိ ပြောင်း ၂၃၆၆ တန်ကျော်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ တန် ၁၂၀ နဲ့ ဗီယက်နမ် နိုင်ငံသို့ ၂၂၄၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၃၁၉၁ တန်ကျော် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၈၂၅ တန်လျော့နည်း တင်ပို့ ခဲ့သော်လည်း မေတစ်လလုံးမှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၂၁ သန်းဖိုးနဲ့ တန်ချိန် ၁၅၉၇၀ ကျော်တင်ပို့ခဲ့တဲ့ အတွက် အနီးစပ်ဆုံး ဧပြီလတင်ပို့မှုထက် ၆၇၉၆ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ ဧပြီက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၀ သန်းတန်ဖိုးနဲ့ ၉၁၇၄ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ် ပြောင်းတစ်တန်ရဲ့ FOB ဈေးမှာ အမေရိကန်ဒေါ်လာ ၂၀၀ မှ ၂၃၀ ဖြစ်ကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**



## တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်မှပါ လက်ဖက် ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၈၅၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၁၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၆၄ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၄၇ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၂၉ တန်တင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ တင်ပို့မှုမရှိခဲ့ကြောင်း စာရင်းများအရသိရှိရပါတယ်။ မေလ တစ်လလုံးမှာတော့ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တန်သုံးရာခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၁၃၂၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၄ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က တာချီလိတ်မှ လက်ဖက်ခြောက်တင်ပို့မှုမရှိဘဲ မေလအတွင်း ထိုင်းနိုင်ငံသို့ တာချီလိတ်မှတစ်ဆင့် လက်ဖက်ခြောက်တန် ၂၀၀ တင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံမှထွက်တဲ့ လက်ဖက် (အခါးခြောက်) ကို ဂျာမနီနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့အနီးဝန်းကျင်နဲ့ တာချီလိတ်မြို့ရဲ့ တောင်တန်း၊ တောင်ကြောတွေပေါ်မှာ လက်ဖက်ကို စိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

# စားသုံးသူများအတွက် တစ်နှစ်တာ ဖြေရှင်းဆောင်ရွက်ချက်များ

| နိုင်ဦး ၊ မြင့်မြင့်ချို |

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ လူတို့၏တောင်းဆိုချက်များမှာလည်း များပြားကျယ်ဝန်းလာပါသည်။ နေ့စဉ်လူနေမှု ဘဝများဖြစ်သည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါးကို အလွယ်တကူ ရယူသုံးစွဲနိုင်ရေးအတွက် ဝန်ဆောင်မှု လုပ်ငန်းများလည်း မရေ မတွက်နိုင်လောက်အောင် အများအပြား ပေါ်ပေါက်လာနေသည်။ အချို့သော ဝန်ဆောင်မှု လုပ်ငန်းများသည် ခါတော်မီ ပေါ်ပေါက်လာပြီး စားသုံးသူများ၏ ဘေးအန္တရာယ် ကင်းရှင်းရေး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများ ကုစားပေးရေးတို့ကို အလေးမထားဘဲ မိမိလုပ်ငန်းမှ အကျိုး အမြတ်ရရှိရေးအတွက်သာ အလေးထားဆောင်ရွက်နေသည်ကိုတွေ့မြင်ကြားသိနေရသည်။

စားသုံးသူများ၏ ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာဆုံးရှုံးမှုများကို အလေးမထားဘဲ ဆောင်ရွက်မှုများ ရှိနေသည့်အတွက် စားသုံးသူများကို အကာအကွယ်ပေးရန် ဥပဒေတစ်ရပ် လိုအပ်လျက်ရှိသည်။ ထို့ကြောင့်ပင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄) ကို ပြဋ္ဌာန်း၍ စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးတို့အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကုန်စည်ထုတ်လုပ်သူနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များအား ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိပြီး အရည်အသွေးပြည့်မီသည့် နိုင်ငံတကာအဆင့်မီသော ကုန်စည်များ ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုများ ပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ စစ်ဆေးကြပ်မတ် ပညာပေးရေး လုပ်ငန်းများကိုပါ ဆောင်ရွက်လျက် ရှိပါသည်။

တစ်နိုင်ငံလုံးသို့ လွှမ်းခြုံကာ စားသုံးသူ အကာအကွယ် ပေးရေးလုပ်ငန်းများကို အင်ပြည့်အားပြည့်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အောက်တွင် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ နှစ်ရပ်ကို ထပ်မံ ဖွဲ့စည်း၍စားသုံးသူများ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိရာ ထိုက်သင့်သော အောင်မြင်မှုများ ရရှိခဲ့သည်။ အကျိုးအမြတ်ရှိခဲ့သည့်ကိစ္စတစ်ခုမှာ စားသုံးသူ ပြည်သူများစားသုံးသူအခွင့်အရေးများကို ယခင်ကထက် ပိုမိုသိရှိလာကြပြီး နစ်နာဆုံးရှုံးမှုများကို တိုင်ကြားလာတတ်ကြခြင်းပင်ဖြစ်သည်။

စားသုံးသူပြည်သူများ၏ တိုင်ကြားလာမှုများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များမှ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် တစ်နှစ်တာအတွင်း စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများအား အရေးယူ ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ၂၃ ကြိမ်၊ စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း နည်းလမ်းများဖြင့် ၁၇ ကြိမ်၊ စုစုပေါင်း အကြိမ် ၄၀ ဖြေရှင်းဆောင်ရွက် ပေးနိုင်ခဲ့သဖြင့် စားသုံးသူများ ကျေနပ်မှုရရှိခဲ့ကြသည်။ မိမိတို့၏ နစ်နာဆုံးရှုံးမှုများကို စိတ်ကျေနပ်သည်အထိ ဖြေရှင်းပေးသဖြင့် ကျေးဇူးတင် ဝမ်းမြောက်နေကြသည်။ စားသုံးသူရေးရာ ဦးစီးဌာနအနေနဲ့လည်း စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် အသင့်ကြိုဆိုလျက် ရှိနေပါသည်။

စားသုံးသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းပေးရာတွင် ဌာနဆိုင်ရာများအပြင် စားသုံးသူကိုယ်တိုင်ကလည်း အသိတရား လက်ကိုင်ထားပြီး သတိထား၍ ဝယ်ယူစားသုံးကြရန်လည်း အထူးလိုအပ်လှပါသည်။ ဘေးအန္တရာယ် ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ပြည်သူများ သိရှိစေရန် စားသုံးသူရေးရာဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တစ်နှစ်တာအတွင်း ဈေးများ၊ ကျောင်း



များ၊ ရပ်ကွက်ကျေးရွာ၊ တပ်ရင်း/ တပ်ဖွဲ့အသင်းအဖွဲ့၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက် အသိပညာပေး ဟောပြောပွဲ ဆွေးနွေးခြင်း၊ စစ်ဆေးပညာပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းများ စုစုပေါင်း အကြိမ် ၁၂၄၀၀ ကျော် ပြုလုပ် နိုင်ခဲ့ပြီး ပြည်သူဦးရေ ၂ ဒသမ ၁၂ သန်းကျော် ဆွေးနွေး၊ စစ်ဆေး၊ ပညာပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ စားသုံးသူ၊ ထုတ်လုပ်သူ၊ ရောင်းချသူ၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ သုံးဦးသုံးဖလှယ်မျက်နှာစုံညီ တွေ့ဆုံ၍ ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ပြီးမှသာလျှင် အရေးယူဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာများနှင့်ပတ်သက်၍မှု ကျွမ်းကျင် ပညာရှင်များနှင့်ပါ တွေ့ဆုံ၍ လေးဦးလေးဖလှယ် တွေ့ဆုံဆွေးနွေး ဖြေရှင်းဆောင်ရွက်ခဲ့ရပါသည်။ ဖြေရှင်း ဆောင်ရွက်ပေးခဲ့ရသည့် ဖြစ်စဉ်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**တယ်လီဗေးရှင်းကိစ္စ**

စားသုံးသူက တိုက်ရိုက် တိုင်ကြားမှုမရှိသော်လည်း လူမှုကွန်ရက် စာမျက်နှာတွင် TV အရောင်းဆိုင်တစ်ဆိုင်မှ TV တစ်လုံး ဝယ်ယူခဲ့ကြောင်း အာမခံသက်တမ်း တစ်နှစ်မပြည့်မီ ပျက်စီး၍ ပြင်ဆင်ပေးရန်၊အစားထိုး လဲလှယ်ပေးရန်တို့အား မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးစေရာ နောက်ဆုံး၌ လုပ်ငန်းရှင်က အမျိုးအစားတူ TV တစ်လုံးအား အစားထိုးပေးခဲ့သည်။

**လက်ကိုင်ဖုန်းကိစ္စ**

စားသုံးသူတစ်ဦးသည် i Phone တစ်လုံးအား အရောင်းဆိုင်တစ်ဆိုင်မှဝယ်ယူခဲ့ပြီး မကြာမီ Hardware ပိုင်းဆိုင်ရာ စက်ချို့ယွင်းသဖြင့် ဝယ်ယူခဲ့သည့် ဆိုင်သို့သွားရောက်၍ ပြင်ဆင်ပေးရန် တောင်းဆိုရာ ငြင်းပယ်သဖြင့် အရောင်းဆိုင်၊ နစ်နာသူနှင့် Service Center တို့အကြား ရက်သတ္တနှစ်ပတ်ကြာ အငြင်းပွားရာ နောက်ဆုံးတွင် နစ်နာသူမှ တိုင်ကြားလာသဖြင့် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က နစ်နာသူနှင့် လုပ်ငန်းရှင်တို့အား ခေါ်ယူညှိနှိုင်းပေးခဲ့ရာ လုပ်ငန်းရှင်က နစ်နာသူအား ဖုန်းအသစ်တစ်လုံး လဲလှယ်ဖြေရှင်းပေးခဲ့ပါသည်။ ထို့အပြင်ဖုန်း ငွေဖြည့်ကတ်အား Online စနစ်ဖြင့် ဖြည့်ခဲ့ရာ ငွေမဝင်သည့် အငြင်းပွားမှုများ တိုင်ကြားလာ၍ ဆွေးနွေး ညှိနှိုင်းပေးရာ နောက်ဆုံးတွင် ဆိုင်ရှင်များက ငွေပြန်ဖြည့်ပေးခြင်းဖြင့် ဖြေရှင်းပေးခဲ့ပါသည်။

**ရေသန့်ကိစ္စ**

စားသုံးသူတစ်ဦးက ရေသန့်ဘူးများအတွင်း အနည်ပါခြင်း၊ သန့်ရှင်းမှု မရှိခြင်းအားတိုင်ကြား၍ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ စက်ရုံမှာ ခွင့်ပြုချက်နှင့်အညီ သန့်ရှင်းစွာ ထုတ်လုပ်သော်လည်း အရောင်းကိုယ်စားလှယ်က သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ထားခြင်း မရှိသည်ကို စိစစ်တွေ့ရှိသဖြင့် အဆိုပါကိုယ်စားလှယ်အား ပိတ်သိမ်းခဲ့ပါသည်။ ထို့အပြင် လိုင်စင်မရှိ ရေသန့်လုပ်ငန်းများအား တိုင်ကြား၍ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ မှန်ကန်၍ သတ်မှတ်ခွင့်ပြု လိုင်စင် ပြည့်စုံမှုမရှိ၍ လိုင်စင်ရမှ ရေသန့် ထုတ်ရန် လိုင်စင် မရခင် ရပ်ဆိုင်းထားရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**မော်တော်ယာဉ်ကိစ္စ**

စားသုံးသူတစ်ဦးသည် မော်တော်ယာဉ်အရောင်းပြခန်း ကုမ္ပဏီမှ ကားအသစ်တစ်စီး ဝယ်ခဲ့သည်။ ယာဉ်မတော်တဆ ဖြစ်စဉ် လေအိတ်မပွင့်၍လုံခြုံစိတ်ချရမှု မရှိခြင်းအတွက် ဖြေရှင်းပေးရန် တိုင်ကြားသည်။ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ကုမ္ပဏီပိုင်ရှင်၊ကျွမ်းကျင်ပညာရှင်၊ နစ်နာသူတို့အား မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေးစေခဲ့ရာ ယာဉ်မတော်တဆ ဖြစ်မှုမှာ လေအိတ်ပွင့်နိုင်သည့် အနေအထား မဟုတ်ကြောင်း ပညာရှင်များ၏ အထောက်အထားနှင့် ရှင်းလင်းချက်ကို နစ်နာသူက လက်ခံသည်။ ကုမ္ပဏီမှလည်း စားသုံးသူအမြဲမှန်သည်ဟု ခံယူထားသည့် နာမည် ဂုဏ်သတင်းကို ထိန်းသိမ်းသည့်အနေဖြင့် စားသုံးသူကိုယ်စိတ်နှစ်ပါး မချမ်းသာမှုကို ဖြေလျော့စေရန် နစ်နာသူအား ငွေအလိုက်ပေးစေ၍ကားအသစ်တစ်စီး ပေးအပ်ခဲ့ခြင်းဖြင့် ဖြေရှင်းပေးနိုင်ခဲ့သည်။

**စားသုံးဆီကိစ္စ**

စားသုံးဆီ လုပ်ငန်းတစ်ခုသည် စားဆီများအား ရောနှောရောင်းချခြင်း၊ ပဲဆီအနံ့ဓာတုဆေး အသုံးပြုခြင်းကြောင့် ပထမတွင် သတိပေးခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်၍သက်ဆိုင်ရာ ဌာနများ၏ လုပ်ငန်းထောက်ခံချက် မရမီ လုပ်ငန်းရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သော်လည်း လုပ်ငန်းရှင်က ဆက်လက်လုပ်ဆောင်နေ၍ စားသုံးသူများ အန္တရာယ်မရှိစေရန်လုပ်ငန်း လိုင်စင်အား ရုပ်သိမ်းခြင်းဖြင့် ဖြေရှင်းခဲ့သည်။

**အေးခဲအသားနှင့် ကြက်ဥ၊ ဘဲဥ များကိစ္စ**

စားသုံးသူများ၏ တိုင်ကြားမှုများအရ စားသုံးရန် မသင့် အေးခဲအသားနှင့် ကြက်ဥ/ဘဲဥ များအား အအေးခန်းကြီးများ၊ ဆိုင်များ၊ အိမ်များ၊ ဂိုထောင်များနှင့် ယာဉ်များအား သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ရှောင်တခင် ဝင်ရောက် စစ်ဆေးရာ မှန်ကန်သဖြင့် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ဖျက်ဆီးခြင်းဖြင့် ဖြေရှင်း ဆောင်ရွက်ခဲ့ပါသည်။

**ခြင်ဆေးခွေကိစ္စ**

စားသုံးသူတစ်ဦး၏ တိုင်ကြားချက်အရ ပြည်ပနိုင်ငံတစ်နိုင်ငံမှ ထုတ်လုပ်သော ခြင်ဆေးခွေတစ်မျိုးသည် ခြင်ကိုသေစေရုံမက လူကိုပါ အန္တရာယ်ဖြစ်စေကြောင်းတွေ့ရှိရ၍ ထပ်မံ ရောင်းချခြင်း မပြုရန် တားမြစ်ခဲ့ပြီး ကျန်ရှိသည့်ခြင်ဆေးခွေများကိုလည်း ပူးပေါင်းအဖွဲ့ဖြင့် ဖျက်ဆီးခြင်းဖြင့် ဖြေရှင်းပေးနိုင်ခဲ့သည်။

**ငါးပိကိစ္စ**

ရေချိုငါးပိများတွင် ငါးရိုးများ အလွယ်တကူ ဆွေးမြေ့စေရန် ဓာတ်မြေဩဇာ သုံးစွဲကြောင်း၊ ပုစွန်၊ ငါးပိများတွင် အရောင်လှစေရန် ဓာတုဆေး သုံးစွဲကြောင်း စားသုံးသူများက တရားဝင်တိုင်ကြားမှု မရှိသော်လည်း လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့ရှိ၍ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ ဓာတ်မြေဩဇာ သုံးစွဲမှုမရှိသော်လည်း အရောင်လှပ စေရန် ဓာတုဆိုးဆေးများအား ခွင့်ပြုမှုထက် ပိုမို သုံးစွဲနေသည်ကို တွေ့ရှိရသဖြင့် ခွင့်ပြုသည့်နှုန်း ထားအတိုင်းသာ သုံးစွဲရန်နှင့်ပို၍ သုံးစွဲပါက လုပ်ငန်းလိုင်စင်နှင့် စက်ရုံများအား ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးဆောင်ရွက်ခဲ့ပါသည်။

**ခရီးသည်ပို့ဆောင်ရေးကိစ္စ**

ခရီးသည်ပို့ဆောင်ရေး ကုမ္ပဏီများနှင့်ပတ်သက်၍ ခရီးသည် များအား သတ်မှတ်ဂိတ်တွင် မတင်ဆောင်ခြင်း၊ ကုမ္ပဏီပိုင်ဝင်း အတွင်း သွားရောက်စီးရခြင်း၊ Aircon ပါသော်လည်း မဖွင့်ပေးခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းခြင်း၊ ဝင်ချိန်၊ ထွက်ချိန် မမှန်ခြင်းများနှင့်ပတ်သက်၍ တရားဝင်တိုင်ကြားမှု မရှိသော်လည်း လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့ရှိရသဖြင့် ယာဉ်လိုင်း ကုမ္ပဏီများကို

**စာမျက်နှာ (၂၆) သို့ ➢**

# မကွေးတိုင်းဒေသကြီးမှ စမုံနှမ်းနက်များကို ဂျပန်နှင့် အီးယူနိုင်ငံများသို့ တင်ပို့နိုင်တော့မည်

မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသော စမုံနှမ်းနက်များကို ဂျပန်နိုင်ငံက ၂၀၁၆ခုနှစ်မှစ၍ ဝယ်ယူခဲ့သော်လည်း ပိုးသတ်ဆေးကြွင်းနှင့် အက်ဆစ်ဓာတ်ပါဝင်မှုများသည့်အတွက် ၂၀၁၇ ခုနှစ်တွင် အရည်အသွေးမီသည့် နှမ်းနက်စမုံအနည်းငယ်ကိုသာ ဝယ်ယူခဲ့ကြကြောင်း သိရသည်။ ထို့ကြောင့် နှမ်းကုန်သည်များအနေဖြင့် မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် နှမ်းများကို တရုတ်နိုင်ငံဈေးကွက်သို့သာ တင်ပို့ရောင်းချနိုင်ခဲ့ရာ နှမ်းနက်စမုံ တစ်တင်းလျှင် ကျပ် ၃၅၀၀၀ အထိ ဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် တောင်သူများအကျိုးအမြတ်နည်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ဇွန်လ ၉ ရက်က ပွင့်ဖြူမြို့နယ်၊ ကံသာကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၉၄)၊ ဦးပိုင် အမှတ်(၁၁/၄)တွင် Myanmar Farmer's Choice (MFC) ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော အီတလီနိုင်ငံ BCS ကုမ္ပဏီမှ ထုတ်လုပ်သည့် နှမ်းရိတ်စက်နှင့် လယ်ယာသုံးပစ္စည်းများ ပြသခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပွင့်ဖြူမြို့နယ်၊ ကံသာကြီးကျေးရွာ တောင်သူ ဦးအောင်သောင်း၏ ရေသွင်းနှမ်း ၃ဒသမ ၃၆ ဧကကို စက်ဖြင့် ရိတ်သိမ်းပြသခဲ့သည်။

ထို့နောက် ပွင့်ဖြူမြို့နယ်မှ နှမ်းစိုက်တောင်သူများရင်ဆိုင်နေရသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်ရေးအတွက် ဂျပန်နိုင်ငံ မစ်ဆုဘိရှိကုမ္ပဏီ၏နှမ်းအဝယ်ကိုယ်စားလှယ်နှင့် နှမ်းစိုက်တောင်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံ မစ်ဆုဘိရှိကုမ္ပဏီ၏ နှမ်းအဝယ်ကိုယ်စားလှယ်က မကွေးတိုင်းဒေသကြီး အတွင်းရှိအောင်လံမြို့နှင့် မကွေးမြို့တို့မှ ထွက်ရှိသည့် နှမ်းများကို အဓိကထား ဝယ်ယူခဲ့ကြောင်း၊ ပွင့်ဖြူမြို့နယ်မှ ထွက်ရှိသည့် ရေသွင်းစိုက် နှမ်းနက်စမုံတွင် ပိုးသတ်ဆေးကြွင်းနှင့် အက်ဆစ်ပါဝင်မှုများသည့်အတွက် ဝယ်ယူမှုမရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံက ဝယ်ယူမှုမရှိသဖြင့် တရုတ်ဈေးကွက်ကိုသာ အားထားမှီခိုနေသည်ကို သိရှိရပါကြောင်း၊ နောင်တစ်ချိန်တွင် တရုတ်နိုင်ငံအနေဖြင့်လည်း စံချိန်စံညွှန်းများနှင့် သတ်မှတ်ဝယ်ယူလာပါက မြန်မာနိုင်ငံ၏ နှမ်းဈေးကွက်ပျောက်သွားမည့်အနေအထားရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ပွင့်ဖြူမြို့နယ်မှ နှမ်းစိုက်တောင်သူများက ဂျပန်ကုမ္ပဏီ၏ အရည်အသွေး သတ်မှတ်ချက်အတိုင်း စိုက်ပျိုးသူတောင်သူများအနေဖြင့် ပြောင်းလဲဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ခိုင်မာသည့် ဈေးကွက်ဖြစ်ရန် လိုအပ်ပါကြောင်း တင်ပြခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ပွင့်ဖြူမြို့နယ်တွင် နှမ်းများကို ရိတ်သိမ်းပြီးပါက အပုံအဆင့်တွင် ၇-၈ ရက်ခန့်ထားပြီး အမှည့်မြန်စေရန် ပိုးသတ်ဆေးဖြန်းခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် မလိုလားအပ်သည့် ပိုးသတ်ဆေးကြွင်းနှင့် အက်ဆစ်ပါဝင်မှု များခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အရည်အသွေးကို အဓိကထားသည့် ဂျပန်နိုင်ငံအနေဖြင့် ပွင့်ဖြူမြို့နယ်မှ ထွက်ရှိသည့် နှမ်းနက်စမုံကို ဝယ်ယူခြင်းမရှိခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် နှမ်းနက်စမုံဈေးမှာ အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီးတွင် လယ်ယာလုပ်သားရှားပါးမှု ပြဿနာများကို တောင်သူများ ကြုံတွေ့လျက်ရှိရာ ယခုကဲ့သို့စက်ပစ္စည်း၊ ကိရိယာများကို အစားထိုးပြောင်းလဲသုံးစွဲလာခြင်းဖြင့် အချိန်ကုန်သက်သာသကဲ့သို့ ကုန်ကျစရိတ်လည်း သက်သာခဲ့သည်။ နှမ်းရိတ်သိမ်းချိန်တွင် ယခင်က လူအားဖြင့် ရိတ်သိမ်းရသဖြင့် အချိန်ကုန်ငွေကုန် ဖြစ်ပေါ်ခဲ့ပြီး အရည်အသွေး ညံ့ဖျင်းမှုများနှင့်လည်း တွေ့ကြုံခဲ့ရသည်။ ယခုအခါတွင် နှမ်းများကို စက်ဖြင့် ရိတ်သိမ်းပြီး နှမ်းဖတ်များကို ချက်ချင်း စည်းထောင်ခြင်းဖြင့် မလိုလားအပ်သည့် ပိုးသတ်ဆေးကြွင်းအန္တရာယ်နှင့် အက်ဆစ်ပါဝင်မှုတို့ကိုလျှော့ချနိုင်ပြီး သတ်မှတ်အရည်အသွေးမီ နှမ်းများကို ဂျပန်၊ ကိုရီးယားနှင့် အီးယူနိုင်ငံများသို့ တင်ပို့နိုင်တော့မည်ဖြစ်သည်။

နှမ်းရိတ်စက်နှင့် လယ်ယာသုံးပစ္စည်းများ ပြသသည့်အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ လူမှုရေးဝန်ကြီး ဦးနေမျိုးကျော်၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ **စန္ဒာစိုးလွင်(မကွေး)**

## တိုက်ကြီးတပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများအား စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများသည် ဇွန်လ ၇ ရက်တွင် တိုက်ကြီးမြို့နယ်၊ အမှတ်(၁)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၊ ရွှေဂျိုးဖြူခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တိုက်ကြီးတပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည် ရဲမေများကို စုစုပေါင်း ၂၉၁ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တိုက်ကြီးတပ်နယ်၊ အမှတ်(၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ တပ်နယ်တပ်ရေးဗိုလ်ကြီး ရဲထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ကို စားသုံးသူများအတွက် ရည်ရွယ်ပြီး နှစ်စဉ်နှစ်တိုင်းဆောင်ပုဒ်များသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စားသုံးသူများ၏နစ်နာမှု၊ ဆုံးရှုံးမှုရှိပါက အရေးယူဖြေရှင်းဆောင်ရွက်ပေးရန် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်ကိုဖွဲ့စည်းထားရှိပါကြောင်း အကျယ်တဝင့် ဟောပြောခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကုန်စည်များ၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် အရေးယူဆောင်ရွက်ပေးနိုင်မည့် အာမခံနိုင်သည့် အချက်အလက်၊ စာရွက်စာတမ်းများကို လက်ဝယ်သိမ်းဆည်းထားရန် လိုကြောင်း၊ နေ့စဉ်စားသုံးရာတွင် အများဆုံးပါဝင်သည့် အစားအသောက်အမယ်များ၏ ဘေးအန္တရာယ်ရှိမှုကိုလည်း သိရှိရန်လိုကြောင်း၊ ကုန်ပစ္စည်း၏ အမှတ်တံဆိပ်တွင်ပါရှိသည့် အညွှန်းအတိုင်း လိုက်နာရန်မှာ စားသုံးသူ၏ တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ပါတယ်။

အလားတူ ဇွန်လပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင်ခြောက်နေရာ၊ အနောက်ပိုင်းခရိုင်တွင် နှစ်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၃ နေရာ၊ မြောက်ပိုင်း ခရိုင်တွင် ၁၁ နေရာတို့၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **ခင်သီ (စားသုံးသူ)ရန်ကုန်**

## ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်ဆက်လက်အေး

ဇွန်လပထမပတ်အတွင်း ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ ရွာသွန်းအားကောင်းလာသည့် မိုးဦးကျကာလနှင့်အတူ ဈေးကွက်အေးစက်နေဆဲဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက ကျောင်းဖွင့်ရာသီနားရောက်လျှင် ကားဈေးတန်းများ မြင့်တက်လေ့ရှိပြီး အရောင်းအဝယ်ကောင်းသော်လည်း ယခုနှစ်တွင်မူ ဧပြီလမှစတင်သက်ဝင်လာသည့်စလစ်ကပ်ယာဉ်များ အခွန်ကောက်ခံမှု စနစ်သစ်ဖြင့် ကောက်ခံခြင်း၊ ဖရီးပါမစ် ကားလေးများအား ရန်ကုန်လိုင်စင်ချထားမပေးတော့သည်မှာ တစ်နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုနှစ်တွင်မူ နယ်လိုင်စင်ကားလေးများပါ နယ်ကျော်မှုဝါဒများ သတ်မှတ်နိုင်မည်ဆိုသည့် အကြားသတင်းများကြောင့် သက်ကြွန်ကာလမတိုင်မီ အရောင်းအဝယ်ဖြစ်ခဲ့သည့် ဖရီးပါမစ်ကားလေးများပါ အရောင်းအဝယ် တဖြည်းဖြည်း အေးသွားကြောင်း သိရသည်။

ဖရီးပါမစ်ကားလေးများ ရန်ကုန်ဈေးကွက်တွင် ရောင်းအားမရှိဖြစ်နေသော်လည်း မန္တလေးဈေးကွက်တွင်မူ ယခုနှစ်ကျောင်းဖွင့်ရာသီအမီ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း သိရသည်။ လတ်တလော လိုအပ်သဖြင့် ကားလေးဝယ်ယူသူများမှာလည်း လိုင်စင်သစ်၊ နယ်လိုင်စင်ကားလေးများအား ဝယ်ယူမှုမရှိတော့ဘဲ ရန်ကုန်လိုင်စင်အကွာရာ ၃/၄ တန်း နိမ့် ကားလေးများသာ သိန်း ၁၅၀ ဝန်းကျင်ခန့်ဖြင့် ဝယ်ယူမှုရှိကြောင်း၊ အကွာရာနိမ့် ကားကောင်းများတွင် ၇တန်း၊ ၈ တန်း နိမ့်ကားများမှာမူ ကျပ်သိန်း ၁၄၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ရှိကြောင်း သိရသည်။

ယခုကာလအတွင်း စလစ်ကပ်ကားများမှာမူ စလစ်ဈေးတန်းများ ကျဆင်းလာသော်လည်း တင်သွင်းမှုမများတော့ဘဲ မဖြစ်မနေ ဆောင်ရွက်ပြီးထားသည့် ကားများသာအသွင်းရှိကြောင်း၊ စလစ်ကပ်ကားများထဲမှ လူကြိုက်များ၊ လူသုံးများကားများဖြစ်သော ဝစ်ရှ်၊ ကလူဂျာ၊ အာလ်ဖတ်သည့်ကားများပင် ယခုလကျောင်းဖွင့်ရာသီအစမှာပင် ဈေးကွက်အေးသွားပြီး ဈေးတန်းအမြင့်ဖြင့် ရောင်းရာတွင် ဝယ်သူမရှိဖြစ်လာ၍ ညှိညှိနှိုင်းနှိုင်းဖြင့် ရောင်းချမှုများပင် ရှိလာကြောင်း ဝါရင့် ကားဝယ်ရောင်း အကျိုးတော်ဆောင် ကိုမြင့်ကျော်က ပြောသည်။ **SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်ဇင် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.5 နယ်လိုင်စင် |
| ၂။ | အာအေဗီ (၄) (၂၀၀၆) | ယာယီ | ၃၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၅၀ သိန်း | 2.4 ဓာတ်ဆီ၊ |
| ၄။ | ဆွစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.3 နယ်လိုင်စင် |
| ၅။ | မာဇဒါ/ဒီမီယို (၂၀၁၁) | 9I | ၁၄၅ သိန်း | 1.3 |
| ၆။ | အာလ်ဖတ် (၂၀၀၃) | 5J | ၃၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ခရောင်း (၂၀၀၄) | ယာယီ | ၃၅၀ သိန်း | 2.4 ဓါတ်ဆီ |
| ၈။ | ဝစ်ရှ် (၂၀၀၇) | 3L | ၂၈၅ သိန်း | 2.0 ဓါတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၈၀ သိန်း | - |

# မွန်ပြည်နယ်မော်တော်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီလက်အောက်ရှိ မော်တော်ယာဉ်လိုင်းများတွင် ခရီးသွားအာမခံထားရှိရေးကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

မွန်ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီလက်အောက်ရှိမော်တော်ယာဉ်လိုင်းများတွင် ခရီးသွားအာမခံထားရှိရေးကိစ္စနှင့်ပတ်သက်၍တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇွန်လ ၇ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ဌာန၏လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များကိုရှင်းလင်းဆွေးနွေးပြီးလုပ်ငန်းတာဝန်များအနက်မှ ဝန်ဆောင်မှုလုပ်ငန်းတွင် ပါဝင်သော အဝေးပြေးခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းတွင် ပြည်သူလူထုက တောင်းဆိုလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ အာမခံလုပ်ငန်းများကလည်း ၎င်းတို့ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ မွန်ပြည်နယ်ယာဉ်လိုင်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးသိန်းထိုက်က ယာဉ်လိုင်းများတွင် ခရီးသွားအာမခံဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ယာဉ်လိုင်းတာဝန်ခံများက ယာဉ်လိုင်းများတွင် ခရီးသွားအာမခံဆောင်ရွက်ထားရှိမည့်အခြေအနေ၊ ဝန်ထမ်းများ၏ဆက်ဆံရေး ပြေလည်ကောင်းမွန်စေရေးနှင့် ရှင်းလင်းပြောကြားပေးနိုင်မှုရှိစေရေးကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်းများတွင် အဝေးပြေးခရီးသည်ပို့ဆောင်ရေး ယာဉ်စီးနင်းမှုလက်မှတ်တွင် ခရီးသွားအာမခံပါဝင်ပြီး တံဆိပ်တုံးရိုက်နှိပ် ဖော်ပြထားမှုကို ဆောင်ရွက်ရန်နှင့် အဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်း တည်ထောင်ပြေးဆွဲလျက်ရှိပြီး ခရီးသွားအာမခံဆောင်ရွက်ပေးမှုမရှိသေးသော ယာဉ်လိုင်းများတွင် အစိုးရ၊ ပုဂ္ဂလိက အာမခံလုပ်ငန်းများက ကွင်းဆင်းစည်းရုံးဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေး၊ ပြည်နယ်မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် ယာဉ်လိုင်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မွန်ပြည်နယ်အတွင်း အာမခံလုပ်ငန်းဆောင်ရွက်လျက်ရှိသောပုဂ္ဂလိက အာမခံလုပ်ငန်းလေးခုမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အခြေစိုက် အဝေးပြေးယာဉ်လိုင်း ရှစ်လိုင်းမှ တာဝန်ခံများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**မိုးမိုး(မွန်)**




# ကုန်သွယ်မှုအခြေခံသင်တန်း(မန္တလေး) အမှတ်စဉ်(၄)သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ဇွန် ၉ ရက်က ပို့ကုန်၊ သွင်းကုန်ရုံး(မန္တလေး)တွင် ကျင်းပခဲ့သည်။ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်အရည်အသွေး မြင့်မားပြီး စီးပွားရေးကျင့်ဝတ်ကောင်းမွန်သော လုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး ကုန်သွယ်မှုဆိုင်ရာပညာရပ်များဖြစ်တဲ့ ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများအပြင် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ဌာနဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများနှင့် ပြင်ပဘာသာရပ်ကျွမ်းကျင်သူများက ဆွေးနွေးပို့ချခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူးဦးအောင်သူရက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယင်းသင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၉ ရက်အထိ ဖွင့်လှစ်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင် သင်တန်းသား၊သူ ၃၂ ဦး တက် ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်ယုခိုင် ( DOT)**

# ရေကြည်မြို့တွင် ရေကြည်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက် ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေထုတ်ပေး

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့တွင် မြို့ပေါ်ရှိ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်၊ လုပ်ငန်းရှင်များနှင့် ဖွဲ့စည်းထားသော မက်(စ်)မြန်မာကုမ္ပဏီများအုပ်စု ရေကြည်မြို့ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ၂၀၁၇-၂၀၁၈ ခုနှစ်၊ စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများအား စိုက်ပျိုးချိန်တွင် အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ စုမှ စိုက်ဧက ၄၀၀၀၀အတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ် ချေးငွေ ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း ၄၀၀၀၀ လျာထားပြီး ပံ့ပိုးငွေများကိုလည်း မေ ၂၄ ရက်မှ စတင်၍ ထုတ်ပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှသိရပါသည်။

ရေကြည်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းနှစ်မှစတင်၍ မိမိတို့မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများကို စိုက်ပျိုးချိန်တွင် လိုအပ်သော သွင်းအားစု၊ စိုက်ပျိုးရေး စရိတ်များအတွက် ပံ့ပိုးချေးငွေများထုတ်ပေးလျက်ရှိရာ ယခုအခါသက်တမ်းကိုးနှစ်ရှိပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းပြုနေသော မိမိတို့ မြို့နယ်ရှိ ဒေသခံတောင်သူများကို စီးပွားရေးအခွင့်အလမ်း ရရှိစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယခုလို ပံ့ပိုးချေးငွေများ ထုတ်ပေးခြင်းဖြစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ဇွန်လအထိ ထုတ်ချေးသွားမှာဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊မြို့နယ်တာဝန်ခံ ဦးအေးသိန်းက ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်စပါးများစိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ပြီး အရည်အသွေးမြင့်စပါးများ စိုက်ပျိုးခြင်းဖြင့် ပိုလျှံဆန်များအား ပြည်ပသို့တင်ပို့ခြင်းဖြင့် ဈေးကောင်းရ၍ တောင်သူများ ဝင်ငွေတိုးပွားလာမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အလေအလွင့်နည်းပါး၍ သီးနှံအရည်အသွေးမြင့်မားလာမှသာ မိမိတို့မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြူရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၂-၆-၂၀၁၇ မှ ၁၈-၆-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းရှင်များလုပ်ငန်းခွင်တွင် နှောင့်နှေးမှုများ ဖြစ်ပေါ်တတ်သည်။ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဖြစ်တတ်သည်။ မမျှော်လင့်ဘဲ ငွေဝင်ကိန်းရှိသည်။ ကျန်းမာရေးချူချာတတ်သည်။ ကျောင်းသူ ကျောင်းသားများ ပညာရေးအတွက် ဝီရိယစိုက်ထုတ်ကြိုးစားမှတန်ရာကျမည်။ မမျှော်လင့်ဘဲခရီးဝေးသွားရတတ်သည်။ ပြောမှားဆိုမှားတို့ကြောင့် မိတ်ပျက်ရတတ်သည်။ လူမျိုးခြားတို့နှင့်ဆက်သွယ်၍ စီးပွားရေးလုပ်ကိုင်လျှင် အကျိုးဖြစ်ထွန်းမှုရှိမည်။

**ယတြာ။ ။အရဟံဂုဏ်တော်ပုတီးစိပ်ပါ။**




**တနင်္လာသားသမီးများအတွက်** လုပ်ငန်းမတိုးချဲ့သင့်သေးပါ။ ပစ္စည်းဥစ္စာငွေကြေးများပျောက်ကိန်းရှိသည်။ ငွေကြေးဆုံးရှုံးရတတ်သည်။ လုပ်ငန်းခွင်တွင် အလုပ်သမားပြဿနာပေါ်တတ်သည်။ အလုပ်သမားများကြောင့်ငွေကြေးဆုံးရှုံးရတတ်သည်။ နေရာဌာနအပြောင်းအရွှေ့ ဖြစ်တတ်သည်။ ကြိုးစားအားထုတ်မှုကြောင့် ယှဉ်ပြိုင်အနိုင်လုရာတွင် အောင်မြင်မှုရမည်။ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရလာတတ်သည်။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်တို့ဝင်လာလိမ့်မည်။

**ယတြာ။ ။မေတ္တာသုတ်ပရိတ်တော်ကိုရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင် အခွင့်အလမ်းကောင်းများရတတ်သည်။ လုပ်ငန်းတိုးချဲ့ရမည်။ မှန်းဆတွက်ချက်၍ လုပ်ကိုင်သော လုပ်ငန်းများမှ ဝင်ငွေရတတ်သည်။ ဖက်စပ်လုပ်ငန်း၊ ကိုယ်စားလှယ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရတတ်သည်။ ပညာရေး ကံကောင်းမည်။ ကျန်းမာရေးချူချာတတ်သည်။ အသက်ရှူပြွန်ရောင်ခြင်း၊ ရင်ကျပ်ခြင်းရောဂါတို့ ဖြစ်တတ်သည်။ အိမ်ထောင်ဖက်အား ပြုစုရတတ်သည်။ စည်းစိမ်တိုးမည်။

**ယတြာ။ ။ ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စိတ်ကူးကောင်းအကြံဉာဏ်ကောင်းများရတတ်သည်။ ငွေကြေး အမြတ်အစွန်းများရရှိတတ်သည်။ အစစအရာရာ စိတ်တိုင်းမကျဖြစ်တတ်သော်လည်း ဂုဏ်သိက္ခာ ညှိုးနွမ်းမှုမရှိတတ်ပါ။ လုပ်ငန်းများ အဆင်ပြေအောင်မြင် တတ်ပါသည်။ အတိုက်အခံယှဉ်ပြိုင်မှုရှိမှ ဝင်ငွေကောင်းမည်။ ကူးသန်းရောင်းဝယ်မှု အကျိုးဖြစ်ထွန်းမည်။ မိခင်၏ ကျန်းမာရေး၊ ဆွေမျိုးများအရေးနှင့်ပတ်သက်ပြီး ပြဿနာအခက်အခဲများပေါ်လာတတ်သည်။

**ယတြာ။ ။ပုပ္ဗဏှသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင်များ အဆင်ပြေမည်။ ကူညီမစမည့်သူတွေ့မည်။ ကူးသန်းရောင်းဝယ်မှုများမှ အကျိုးဖြစ်ထွန်းမည်။ မွေးချင်းညီအစ်ကိုမောင်နှမများအတွက် စောင့်ရှောက်မှုများလုပ်ရလိမ့်မည်။ ဌာနဆိုင်ရာ အကြီးအကဲများ နှင့်ဆက်ဆံရေးကောင်းမွန်နေမည်။ ကြိုးစားအားထုတ်မှုများမှ ရလဒ်ကောင်း များ ရရှိလိမ့်မည်။ အရာရာတိုးတက်နိုင်သည့်ကာလဖြစ်သည်။ စကားများများ ပြောဆိုရတတ်သည်။ ငွေကြေးဥစ္စာပစ္စည်းများရရှိ ခံစားရမည်။

**ယတြာ။ ။ ဓမ္မစကြာပါဠိတော်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** ကိုယ်တိုင်ကြိုးစားအားထုတ်မှုလုပ်ငန်းမှ ငွေဝင်မည်။ အပျော်ခရီးသွားရင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရတတ်သည်။ မမျှော်လင့်သောငွေကြေး ဝင်ကိန်းရှိသည်။ ကျန်းမာရေးဂရုစိုက်ပါ။ သွားနှင့်ခံတွင်းရောဂါဖြစ်တတ်သည်။ မိသားစုဘဝ သာယာအေးချမ်းမှုရှိမည်။ အလှူဒါန ပြုရတတ်သည်။ အောင်မြင် မှုများရရှိပြီး စီးပွားရေး၊ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးလိမ့်မည်။ လူမျိုးခြားနှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်ခွင့်ကြုံလာလိမ့်မည်။

**ယတြာ။ ။ ပဌာန်းပါဠိတော်အား ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** အကြံအစည်များပွင့်လန်းလာမည်။ အကြံကောင်းဉာဏ်ကောင်းများရလာတတ်သည်။ လျှို့ဝှက်လုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အကြံအစည်များ အောင်မြင်မည်။ လုပ်ငန်းကြီးများ ရင်းနှီးမြှုပ်နှံရန် ဆန္ဒမစောသင့်သေးပါ။ အမွေအနှစ်ဇိမ်ခံပစ္စည်းများရရှိတတ်သည်။ အကြီးအကဲများမှထောက်ပံ့ကူညီမှုရမည်။ မခံချင်စိတ်ကြောင့်စကားအချေအတင်ပြောရတတ်သည်။ စကားများကိန်းရှိပါသည်။ သတိဖြင့်လုပ်ကိုင်ပါ။

**ယတြာ။ ။ မင်္ဂလာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။**

# မုံရွာမြို့ ဆီထွက်သီးနှံကဏ္ဍနှင့် ပတ်သက်၍ အစားအစာဘေးကင်းရေး ဆွေးနွေးပွဲကျင်းပ



ဆီထွက်သီးနှံကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြှင့်လာစေရေး၊ အစားအစာ လုံခြုံစိတ်ချမှုရှိစေရေးနှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ စီမံကိန်းအောက်တွင် ဆောင်ရွက်မည့် အစားအစာဘေးကင်းရေးဆွေးနွေးပွဲကို ဇွန် ၇ ရက်က မုံရွာမြို့၊ ကုန်စည်ဒိုင်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မုံရွာကုန်စည်ဒိုင်မှ အလုပ် အမှုဆောင်များ၊ SRCCI မှ ဥက္ကဋ္ဌ၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

ဆွေးနွေးပွဲတွင် ဆီထွက်သီးနှံကဏ္ဍ တန်ဖိုးကွင်းဆက်ရှိလုပ်ငန်းဆောင်ရွက်သူများ အားလုံးအတွက် တောင်သူများကဏ္ဍတွင် စိုက်ပျိုးရေး အလေ့အကျင့်ကောင်း (GAP) စနစ်၊ ပွဲစားကုန်သည်များကဏ္ဍတွင် သန့်ရှင်းရေးအလေ့အကျင့်ကောင်း (GHP) စနစ်၊ အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ (HACCP) နှင့်ပတ်သက်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင် Mrs. Namrata နှင့် National Project Manager ဒေါက်တာဒေါ်သစ်သစ်လွင်တို့က အသီးသီး ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသော လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရှိရပါသည်။

ဆီထွက်သီးနှံကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ သက်ဆိုင်သူအားလုံးကို အစားအစာ လုံခြုံစိတ်ချရမှုရှိရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးနည်းစနစ်ကောင်းပြီး အလေအလွင့်နည်းပါးစေသဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ပြီးဆီထွက်သီးနှံကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း သိရှိရသည်။

**လင်းလင်းသန့်**

# မေလအတွင်းဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ်ကုန်စည်သယ်ယူခများ

၂၀၁၇ ခုနှစ် မေလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်စည် သယ်ခနှုန်းထားများအနက် ပို့ကုန်ပစ္စည်းများမှာ မေတတိယပတ်တွင် ဈေးအနည်းငယ် မြင့်တက်ခဲ့ပေမယ့် နောက်ဆုံးပတ်မှာ ဈေးပြန်ကျသွားခဲ့ပါတယ်။ သွင်းကုန် မြေပဲဆီသယ်ယူခမှာ မေ ၂၀ ရက်နောက်ပိုင်း ဈေးအနည်းငယ် ကျဆင်းခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ သကြား၊ ဝါ၊ ချင်း၊ နနွင်း၊ သရက်၊ နာနတ်နဲ့ ပရဆေးကုန်ကြမ်းများကို တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံမှ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အိမ်ဆောက်ပစ္စည်း အမျိုးမျိုး၊ လူသုံး/အိမ်သုံးပစ္စည်းများ၊ စက်ဘီး၊ ဆိုင်ကယ်၊ စာရေးကိရိယာများ၊ ကာနေရှင်းပန်းနဲ့ ပန်းသီး၊ ပန်းသစ်တော်သီးများ ပုံမှန်တင်သွင်းလာပါတယ်။ မေလရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။ **မော်မော်အောင်**

ပိဿာ-ကျပ်

| ပို့ကုန် | ၂၉-၄-၂၀၁၇ မှ ၅-၅-၂၀၁၇ အထိ | ၆-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ အထိ | ၁၃-၅-၂၀၁၇ မှ ၁၉-၅-၂၀၁၇ အထိ | ၂၀-၅-၂၀၁၇ မှ ၂၆-၅-၂၀၁၇ အထိ | ၂၇-၅-၂၀၁၇ မှ ၂-၆-၂၀၁၇ အထိ |
|---|---|---|---|---|---|
| ပြောင်း | ၇၀ | ၆၃-၆၈ | ၆၅ | ၆၀-၆၅ | ၆၀ |
| ဆန် | ၇၀ | ၆၃-၆၈ | ၆၅ | ၆၀-၆၅ | ၆၀ |
| ပဲတီစိမ်း | ၇၀ | ၆၃-၆၈ | ၆၅ | ၆၀-၆၅ | ၆၀ |
| နှမ်း | ၇၀ | ၆၃-၆၈ | ၆၅ | ၆၀-၆၅ | ၆၀ |
| ရော်ဘာ | ၇၀ | ၆၃-၆၈ | ၆၅ | ၆၀-၆၅ | ၆၀ |
| သွင်းကုန်/ မြေပဲဆီ | ၂၈-၃၀ | ၂၈-၃၀ | ၂၈-၃၀ | ၂၆-၂၈ | ၂၆-၂၈ |

# ရေကြည်မြို့တွင် အမျိုးသမီးအခြေခံ စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ရေကြည်မြို့တွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်မှ ဦးဆောင်၍ ရေကြည်မြို့ ပွင့်လင်းပရဟိတအဖွဲ့တို့ ပူးပေါင်းပါဝင်လျက် ရေကြည်မြို့ အထက်တန်းကျောင်းတွင် မြို့ပေါ်နှင့် ကျေးလက်ဒေသမှ အမျိုးသမီး သင်တန်းသူ ၅၀ ဦး အား အခြေခံစက်ချုပ်သင်တန်းကို ဧပြီ ၄ ရက်မှ ဇွန် ၃ ရက်အထိ နှစ်လကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့ပေါ်ရှိ သင်တန်းဆရာမ ငါးဦးက စက်ချုပ်ရန်ပြင်ဆင်ခြင်း၊ စက်ကိုင်တွယ် ထိန်းသိမ်းခြင်းများနှင့် အမျိုးသမီး ရင်စေ့၊ ရင်ဖုံး၊ လက်စက၊ အမျိုးသမီးဝတ် ပုံစံအမျိုးမျိုးတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသုံးပစ္စည်းများ၊ အထွေထွေကုန်ကျစရိတ်များကို ပွင့်လင်းပရဟိတအဖွဲ့မှ အကုန်အကျခံ၍ သင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် သက်မွေးပညာများ စနစ်တကျ သင်ယူတတ်မြောက်ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကိုယ်ပိုင်စက်ချုပ်တတ်၍ မိသာစုအသုံးစရိတ်များ လျှော့ချနိုင်ပြီး ဆိုင်ဖွင့်လှစ်၍ မိသားစုဝင်ငွေများ တစ်ပိုင်တစ်နိုင် ရရှိစေရေးတို့အတွက် ရည်ရွယ်၍ ယခုကဲ့သို့ သင် တန်းများဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ရေကြည်မြို့ အမှတ်(၁) မဲဆန္ဒနယ်မြေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က ပြောပါသည်။ **မင်းမင်းဦး (ပုသိမ်)**

**စာမျက်နှာ - ၁၇ ကုန်စည်ပြပွဲဆိုင်ရာ နမူနာထုတ်ကုန် ….မှအဆက်**

လိုအပ်ကြောင်း၊ ASEAN နိုင်ငံများအနက် မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် အင်ဒိုနီးရှား ဟူသည့်အဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံသာရှိကြောင်း၊ ယခုအခါ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် အစောပိုင်းအကောင်အထည်ဖော် ဆောင်မှုလုပ်ငန်းများကို အတူတကွ လုပ်ဆောင်လျက်ရှိပါကြောင်းနှင့် ဘင်္ဂလားဒေ့ရှ် နီပေါနိုင်ငံတို့နှင့်လည်း ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ATA Carnet စနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ပါက စီးပွားရေးအခွင့်အလမ်းများစွာ ရရှိနိုင်သလို အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကိုလည်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည့်အတွက်အကောက်ခွန်ဦးစီးဌာနအတွက်လည်း လွန်စွာအထောက်အကူရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Commercial samples ကိုသာမကကုန်စည်ပြပွဲများအတွက် Items for display နှင့် Professional equipment များကိုလည်း သဘောတူခွင့်ပြုသင့်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို မေ ၃၀ရက်နှင့် ၃၁ရက်တို့တွင် ကျင်းပခဲ့ရာ ဆွေးနွေးပွဲသို့ UMFCCI ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ကောင်းထွဋ်အောင် (MTC)**




# စတုတ္ထအကြိမ်မြောက် ဟိုတယ်နှင့် အစားအသောက်ဆိုင်ရာပြပွဲ ၂၀၁၇ ပြသ

စတုတ္ထအကြိမ်မြောက် ဟိုတယ်နှင့် အစားအသောက်ဆိုင်ရာပြပွဲ ၂၀၁၇ (4th Food & Hotel Myanmar 2017) ကို ဇွန်လ ၇ ရက်က မင်းဓမ္မ လမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ကုန် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်း၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးမင်းတင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ယခုကုန်စည်ပြပွဲတွင် နိုင်ငံတကာမှထုတ်လုပ်ထားတဲ့ အစားအသောက်ဝန်ဆောင်မှုဆိုင်ရာ စက်ပစ္စည်းများ၊ ဟိုတယ်လုပ်ငန်းနဲ့သက်ဆိုင်သည့်အထောက်အကူပြုပစ္စည်းများ၊ မုန့်နှင့်အစားအစာဖန်တီးမှု နည်းပညာများကိုပါ ပါဝင်ပြသခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နည်းပညာများ၊ အထောက်အကူပြုပစ္စည်းများကို နိုင်ငံတကာက လာရောက်ပြသကြသည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံစားသောက်ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းက မြန်မာနိုင်ငံကနေ နိုင်ငံခြားကို အစားအသောက်တင်ပို့သည့် ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားသားအများစု အသုံးပြုမှုတွင်ကျယ်လာသည့် ပြည်တွင်းက အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ တင်ပို့နိုင်မှုတွင် ကျယ်လာသော်လည်း တခြားအစားအစာများအတွက်ကိုမူ ဈေးကွက်ရှာဖွေနိုင်ရန် လိုအပ်သေးကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၃၀ ကျော်တို့က ထုတ်ကုန်နှင့်ဝန်ဆောင်မှု ၁၂၀၀ ကျော်ကို ပြသကြခဲ့ကြပြီး ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တူရကီနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး ခြောက်ခန်းတို့ပါဝင်ပြသခဲ့ကြသည်။ ယင်းပြပွဲတွင်မြန်မာ့အချက်အပြုတ်ဆိုင်ရာပြပွဲ၊ မြန်မာနိုင်ငံလုံးဆိုင်ရာဘာရီစတာပြိုင်ပွဲ၊ အစားအစားဘေးကင်းလုံခြုံမှုဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ထည့် သွင်းပြုလုပ်ခဲ့သည်။ **မယ်သီတာ**

# သီလဝါအထူးစီးပွားရေးဇုန်သို့ The Society for Promotion of Japanese Diplomacy က မီးသတ်ယာဉ်လေးစီး လှူဒါန်း

သီလဝါ အထူးစီးပွားရေးဇုန်သို့ ဂျပန်နိုင်ငံမှ The Society for Promotion of Japanese Diplomacy (SPJD) က မီးသတ်ယာဉ်လေးစီး လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၉ ရက်က သီလဝါ အထူးစီးပွားရေးဇုန် (A) ရှိ Myanmar Japan Thilawa Development Limited.(MJTDC) ၏ Rental Factrory B3 တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ Myanmar Japan Thilawa Development Limited.(MJTDC)ဥက္ကဋ္ဌ ဦးသိန်းဟန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စက်မှုရေးရာနှင့် လျှပ်စစ်ဝန်ကြီး ဒေါ်နီလာကျော်၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သီလဝါ အထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများ၊ SPJD မှ Executive Director မစ္စတာတာ့ခ်ဆုဂျီးအိုဆာဒါနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

“The Society for Promotion of Japanese Diplomacy က သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို မီးသတ်ယာဉ်လေးစီး လှူဒါန်းခဲ့တယ်။ မီးသတ်ကားလေးစီးရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းရှိတယ်။ ကျွန်တော်တို့က အဲဒီမီးသတ်ယာဉ်ကို သယ်ယူတဲ့ကုန်ကျစရိတ်ပေါ့ Freight Forwording Cost တွေကို အကုန်အကျခံရတယ်။ မီးသတ်ယာဉ်တွေ ဒီကိုရောက်လာတဲ့အခါမှာ SPJD က တာဝန်ရှိသူတွေ လိုက်ပါလာပြီး ဇွန် ၅ ရက်ကနေ ၉ ရက်အထိ မီးသတ်ယာဉ်နဲ့ပတ်သက်တဲ့ သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ အဲဒီလို သင်တန်းပို့ချပေးတဲ့အခါမှာ ဌာနေက မီးသတ်သမား ငါးဦးနဲ့ MJTDC က ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ဝန်ထမ်း ၁၅ ဦးကို သင်တန်းပို့ချပေးခဲ့ပါတယ်။ MJTDC က ဝန်ထမ်းတွေကိုတော့ အရန်မီးသတ်တပ်ဖွဲ့ဝင်အနေနဲ့ သင်တန်းပို့ချပေးခဲ့တာပါ။ ဒီမီးသတ်ကားလေးစီးကို သီလဝါအထူးစီးပွားရေးဇုန်ထဲမှာထားမယ်။ မီးသတ်ဦးစီးဌာနရဲ့ စီမံကွပ်ကဲမှုအောက်ကနေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဟန်က ပြောကြားခဲ့သည်။

**မယ်သီတာ**




# Detons ဥပဒေရေးရာဝန်ဆောင်မှု ကုမ္ပဏီက မြန်မာနိုင်ငံတွင် ရုံးခွဲသစ်ဖွင့်လှစ်၍ လုပ်ငန်းများ လုပ်ဆောင်သွားမည်

ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ငန်းအများအပြားကို ဥပဒေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်နေသည့် Detons ကုမ္ပဏီက မြန်မာနိုင်ငံတွင် ရုံးခွဲသစ်ဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Detons မှ Mark Livingston က အရည်အချင်းပြည့်ဝသည့် ရှေ့နေများပါဝင်သည့် Livingstons Legal အဖွဲ့ကို ဦးဆောင်ပြီး Dentons မြန်မာလီမိတက်တွင် Resident Partner အဖြစ် တာဝန်ယူ လုပ်ကိုင်သွားမည်ဖြစ်သည်။




“မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ်သို့အသွင်ကူးပြောင်းလဲလာတဲ့အတွက် ကုမ္ပဏီနဲ့လက်တွဲလုပ်ကိုင်နေတဲ့ အာရှဒေသနဲ့ ကမ္ဘာတစ်ဝန်းက ကုမ္ပဏီတွေအတွက် နိုင်ငံတွင်းဈေးကွက်နဲ့ ပြည်ပနိုင်ငံတွေမှာရှိတဲ့ ဈေးကွက်အခွင့်အလမ်းများစွာကို လမ်းဖွင့်ပေးလိုက်ပါပြီ။ မြန်မာနိုင်ငံဆိုတာ ကမ္ဘာ့စိတ်လှုပ်ရှားစရာအကောင်းဆုံး ဈေးကွက်နယ်ပယ်ဒေသတွေထဲက အချက်အချာကျတဲ့ အရေးပါတဲ့ တိုးတက်ဖွံ့ဖြိုးဆဲ ဈေးကွက်တစ်ခုဖြစ်ပါတယ်။ ထွန်းသစ်စ စီးပွားရေးဈေးကွက်တွေ အောင်အောင်မြင်မြင် လည်ပတ်နိုင်ဖို့ရာ ယုံကြည်အားထားရပြီး အရည်အသွေးမြင့်တဲ့ ဥပဒေ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာဝန် ဆောင်မှုများရရှိဖို့က အလွန်အရေးပါပါတယ်။ Dentons အနေနဲ့ ယခုလို မြန်မာနိုင်ငံအတွင်း ရောက်ရှိလာပြီး၊ နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသွားနိုင်မှာ ဖြစ်တဲ့အတွက် ဝမ်းမြောက်မိပါတယ်” ဟု Dentons ၏ကမ္ဘာလုံးဆိုင်ရာ ဥက္ကဋ္ဌဖြစ်သူ Joe Andrew က ပြောကြားခဲ့သည်။ Dentons တွင် မြန်မာနိုင်ငံရုံးခွဲအပါအဝင် ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၆၀ ကျော်ရှိ ရုံးခွဲပေါင်း ၁၅၀ ကျော်၌ ဝန်ထမ်းပေါင်း ၈၀၀၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

# Huawei ၏ ကမ္ဘာလုံးဆိုင်ရာ အညွှန်းကိန်း ၂၀၁၇ ကို ထုတ်ပြန်

Huawei ၏ ကမ္ဘာလုံးဆိုင်ရာ အညွှန်းကိန်း ၂၀၁၇ (Global Connectively Index-GCI)ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကမ္ဘာလုံးဆိုင်ရာ အညွှန်းကိန်း ၂၀၁၇ တွင် “ဒစ်ဂျစ်တယ် အသုံးချမှုကွဲပြားခြင်းသည် ကြီးမားသော ဒစ်ဂျစ်တယ်ကွာဟမှုတစ်ခုကို ဖြစ်လာစေသည်”ဟု ဖော်ပြ ထားကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်သည် စတုတ္ထအကြိမ်မြောက် ထုတ်ပြန်ကြေညာချက်ဖြစ်ပြီး ဖွံ့ဖြိုးပြီးစီးပွားရေးလုပ်ငန်းများသည် အိုင်စီတီစွမ်းဆောင်ရည်များနှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးခရီးစဉ်များတွင် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုအရှိန်ကို စတင်တိုးမြှင့်လာသဖြင့် နိုင်ငံများအကြား စီးပွားရေးကွာဟမှုသည်လည်း ဆက်လက်မြင့်မားနေသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

GCI 2017 အရ ဒစ်ဂျစ်တယ် စီးပွားရေးဆီသို့ ဦးတည်နေသော တိုးတက်မှုအရှိန်သည် ပိုမိုမြင့်မားလျက်ရှိသည်။ ထို့ပြင် ယခုနှစ် ကမ္ဘာ့ GCI အညွှန်းကိန်းသည် ၂၀၁၅ခုနှစ်ကထက် လေးရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ အဆိုပါအစီရင်ခံစာတွင် ဖော်ပြထား ချက်များအရ အိုင်စီတီသည် စီးပွားရေး တိုးတက်မှု၏ အင်ဂျင်စက်တစ်ခုဖြစ်လာကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် စီးပွားရေးဆိုင်ရာမူဝါဒ ရေးဆွဲချမှတ်သူများအနေဖြင့် “ဒစ်ဂျစ်တယ်အသုံးချမှုကွဲပြားခြင်းသည်ကြီးမားသော ကွာဟမှုတစ်ခုဖြစ်လာစေသည်”ဟူသောအချက်ကို သတိပြုရမည်ဖြစ်ပြီး ကျယ်ပြန့်ကြီးမားလာသည့် မညီမျှမှုကို အထူးဦးစားပေးအာရုံစိုက်ကြရန် ဆိုလိုခြင်းဖြစ်သည်။

GCI 2017 ၏လေ့လာချက်တွင် မြန်မာနိုင်ငံမပါဝင်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာတွင် ပါဝင်သည့် ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားကဲ့သို့ Starter နိုင်ငံများအကြား နှိုင်းယှဉ်ချက်များကို လေ့လာ၍ စီးပွားရေးမူဝါဒများကို ရေးဆွဲရမည်ဖြစ်သည်ဟု ဆိုသည်။

Huawei သည် နိုင်ငံပေါင်း ၅၀ ကို လေ့လာ၍ အဆိုပါ GCI 2017 ၏ အစီရင်ခံစာစစ်တမ်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**မယ်သီတာ**

# အထူးစီးပွားရေးဇုန်အကြောင်း တစေ့တစောင်း



မောင်ရင်မောင်

ယခင်တစ်ပတ်မှ အဆက်

စတုတ္ထရည်မှန်းချက်ကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အထူးစီးပွားရေးဇုန်တွေကို သင့်လျော်တဲ့ စီးပွားရေးဆိုင်ရာမူဝါဒသစ်များနဲ့ ချဉ်းကပ်နည်းလမ်းသစ်များ အသုံးပြုနိုင်ရေးအတွက် ဓာတ်ခွဲခန်းသဖွယ် အသုံးချစမ်းသပ် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒီနေရာမှာ တရုတ်ရဲ့ အကြီးစားအထူးစီးပွားရေးဇုန်များကို ဂန္ထဝင်ဥပမာများအဖြစ် ပြကြရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဥပဒေပြဋ္ဌာန်းမှု၊ မြေယာနှင့်အလုပ်သမားရေးရာများ သာမက ကုန်ပစ္စည်းဈေးနှုန်း သတ်မှတ်မှုဆိုင်ရာ မူဝါဒများအထိ နိုင်ငံအကျိုးပြုမူဝါဒအရပ်ရပ်ကို တစ်နိုင်ငံလုံးတိုးချဲ့မကျင့်သုံးမီ အထူးစီးပွားရေး ဇုန်များမှာ ဦးစွာပထမ စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

**ဝေဖန်ဆန်းစစ်မှုများ**

အခုပြောခဲ့တဲ့ ရည်မှန်းချက်တွေအပေါ် SEZ တိုင်း တကယ်အောင်မြင်အောင် လုပ်နိုင်ခဲ့တယ်။ မလုပ်နိုင်ခဲ့ဘူးဆိုတာကို ဆန်းစစ်ကြည့်ရင်တော့ အမျိုးမျိုးရောထွေးနေပါတယ်။ အချို့ဇုန်တွေမှာ အခြေခံအဆောက်အအုံတွေ မားမားမတ်မတ် ပေါ်ပေါက်လာတာရှိသလို အချို့ဇုန်တွေမှာ အခွန်အခပေးဆောင်ရချိန် ဆိုင်းငံ့ပေးထားခြင်း (Tax Break) ဖြင့် စက်မှုလုပ်ငန်းတွေ ပေါ်လာပေမယ့် အလုပ်အကိုင် အခွင့်အလမ်း တိတိပပ တိုးတက်ရယူနိုင်တာမရှိတဲ့အပြင် ပြည်ပပို့ကုန်လုပ်ငန်းအတွက်လည်း ထိရောက်အောင် မဆောင်ရွက်နိုင်တာလည်း ရှိပါတယ်။ သို့သော် သမားရိုးကျပြည်ပ ပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းဇုန် (Traditional Export Processing Zone) တွေကတော့ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခဲ့သလို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်တာတော့ အမှန်ပါပဲ။ ဒါကလည်း တချို့အတွက် ရေတိုသဘော အောင်မြင်မှုဖြစ်ပြီး လုပ်ခဈေးနှုန်းကြီးမြင့်လာခြင်း သို့မဟုတ် ရွေးချယ်ရရှိထားတဲ့ ကုန်သွယ်မှုလမ်းကြောင်းက လုံလောက်တဲ့ အကျိုးအမြတ် မရနိုင်တော့တဲ့အခါမှာ ရေရှည်တည်တံ့ဖို့ ခက်ခဲလာတာတွေလည်း တွေ့ရပါတယ်။

လေ့လာတွေ့ရှိချက်များအရ SEZ အများစုကတော့ ပြည်ပပို့ကုန်ပစ္စည်း ထုတ်လုပ်ခြင်းနဲ့ အလုပ်အကိုင် အခွင့်အလမ်း ရရှိခြင်းတို့မှာ အောင်မြင်မှုရရှိခဲ့ကြပြီး အကျိုးအမြတ်ရရှိမှုကို ဆန်းစစ်လေ့လာရာမှာ အပေါင်းလက္ခဏာ ပြခဲ့တာကတော့ အမှန်ပါ။ သို့သော် စီးပွားရေးပညာရှင်အချို့ကတော့ ဒီလိုအောင်မြင်မှုဟာ သီးခြားအခြေအနေအရပ်ရပ်နဲ့ အချိန်အတိုင်းအတာ သတ်မှတ်ချက်အတွင်းမှာသာ ရှိတဲ့အတွက် ဒုတိယ (သို့မဟုတ်) တတိယတန်းစား အကောင်းဆုံး စီးပွားရေးဆိုင်ရာ ဖြေရှင်းချက်တစ်ရပ် ဖြစ်တယ်လို့လည်း ဆိုကြပါတယ်။ ဒ့ါအပြင် ဇုန်အများစုဟာ အကျိုးကျေးဇူးတွေကို ဇုန်ပြင်ပရောက်သည်အထိ တိုးချဲ့ဆောင်ရွက်နိုင်စွမ်းနည်းသလို ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်ခြင်းနဲ့ ထုတ်လုပ်မှု စွမ်းအား မြင့်မားအောင် အခြေခံကျဆောင်ရွက်နိုင်မှုအားနည်းတယ်လို့လည်း သုံးသပ်ကြပါတယ်။

ဒါပေမဲ့ အထူးစီးပွားရေးဇုန်တွေကို သက်ဆိုင်ရာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးချိန်ခွင်လျှာ ထိန်းညှိဖို့အတွက် ဓာတ်ကူပစ္စည်းအဖြစ် အသုံးပြုနိုင်ခဲ့တဲ့ သာဓကတွေလည်း များစွာရှိခဲ့ပါတယ်။ ၁၉၇၀ နဲ့ ၁၉၈၀ ပြည့်နှစ်လွန်များအတွင်း အရှေ့အာရှဒေသရဲ့ ကျားနိုင်ငံများ 'Tiger Ecomomies' တွေဟာ သူတို့ရဲ့ အထူးစီးပွားရေးဇုန်လုပ်ငန်းများကနေ နိုင်ငံရဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တရုတ်မှာ ကျင့်သုံးခဲ့တဲ့ အထူးစီးပွားရေးဇုန်ပုံစံဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ခွင့်ပေးတဲ့ စကြီအဖြစ်သာမကပါဘူး။ ပြည်ပပို့ကုန်အထူးပြု ထုတ်လုပ်ရေးကဏ္ဍကို ထိရောက်စွာ အထောက်အကူပြုခဲ့သလို နောင်မှာ နိုင်ငံတစ်ဝန်းဖြန့်ကြက်ဆောင်ရွက်မယ့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် ဓာတ်ကူပစ္စည်းဖြစ်ခဲ့တာ အမှန်ပါပဲ။ လက်တင်အမေရိကနိုင်ငံများဖြစ်ကြတဲ့ ဒိုမီနီကန်သမ္မတနိုင်ငံ၊ အယ်လ်ဆာဗေးဒိုးနဲ့ ဟွန်ဒူးရပ်စ်တို့ဟာ တစ်ချိန်က စိုက်ပျိုးရေးထွက်ကုန်များ အပေါ်မှီခိုနေရင်းက အမေရိကရဲ့ ဆွဲဆောင်အားကောင်းတဲ့ ကုန်သွယ်မှုအခွင့်အရေးတွေကို မှီပြီး အကြီးစားထုတ်လုပ်မှု လုပ်ငန်းကဏ္ဍများကို တိုးချဲ့ခဲ့ကြပါတယ။ အရှေ့အလယ်ပိုင်းနဲ့ မြောက်အမေရိကမှာလည်း အထူးစီးပွားရေးဇုန်တွေရဲ့ အခန်းကဏ္ဍက မသေးပါဘူး။ အီဂျစ်၊မော်ရိုကိုနဲ့ အာရပ်စော်ဘွားများ နိုင်ငံတို့မှာပြည်ပ ပို့ကုန်အခြေပြု လုပ်ငန်းများဟာ လွန်စွာအရေးပါခဲ့ပါတယ်။ အာဖရိကဒေသ မောရေးသျှနိုင်ငံကတော့ စီးပွားရေး လုပ်ငန်း များ မြင့်မားစွာ အောင်မြင်ဖြစ်ထွန်းရေးနဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အထူးစီးပွားရေးဇုန်ဆိုင်ရာ ပင်မမူဝါဒများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ခဲ့တဲ့ နိုင်ငံလို့လည်း အသိအမှတ်ပြုကြပါတယ်။

**ဆွဲဆောင်နေဦးမည်**

စီးပွားရေးဇုန်တွေရဲ့ သဘောသဘာဝ၊ အရွယ်အစား၊ အောင်မြင်မှုအတိုင်းအတာ သို့မဟုတ် ဆုံးရှုံးမှုအခြေအနေ အကန့်အသတ်များပေါ် အငြင်းပွားမှုတွေကတော့ အမြဲတမ်းရှိနေဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ မူဝါဒရေးဆွဲသူများအတွက်ကတော့ အထူးစီးပွားရေးဇုန်များဟာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်းများ ထူထောင်မှုနှင့် ဒေသဖြန့်ကြက် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာမှာ အစဉ်အမြဲ ဆွဲဆောင်မှုရှိနေဦးမှာ ဖြစ်ပါတယ်။ လေ့လာ ဆန်းစစ်မှုများအရ အထူးစီးပွားရေးဇုန်များ တစ်ဟုန်ထိုးများပြားလာတာက ၁၉၈၀ ပြည့်နှစ်ကာလက စတင်ခဲ့ပြီး ကမ္ဘာရပ်ဝန်းအားလုံးလိုလိုမှာ ဖြစ်ပါတယ်။ ထူးခြားတာကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ရဲ့ ၁၉၈၆ ခုနှစ် ထုတ်ပြန်ချက်အရ အထူးစီးပွားရေးဇုန် အရေအတွက်ဟာ ၁၇၆ ခု ရှိခဲ့ပြီး နိုင်ငံပေါင်း ၄၇ နိုင်ငံမှာ ဖြန့်ကြက်တည်ရှိနေတယ်လို့ ဆိုပါတယ်။ နောက်နှစ်ပေါင်း ၂၀ ကြာ ၂၀၀၆ ခုနှစ်မှာတော့ အထူးစီးပွားရေးဇုန် အရေအတွက်ဟာ ၃၅၀၀ ကျော်ရှိလာပြီး နိုင်ငံပေါင်း ၁၃၀ မှာ ဖြန့်ကြက်တည်ရှိနေပြီး ဖြစ်ပါတယ်။ အနည်းဆုံး အလုပ်သမား သန်းပေါင်း ၄၀ ခန့်နဲ့ လည်ပတ်နေကြပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ ပြည်ပပို့ကုန်များကို ထုတ်လုပ်လာနိုင်ကြော င်း ဖော်ပြလိုက်ရပါတယ်ဗျာ။

**ဆက်လက်ဖော်ပြပါမည်။**

**Ref : Special Economic Zones, Progress, Emerging Challenges, and Future Directions, Work Bank.**

## စာမျက်နှာ (၂၁) မှ ➤➤➤ စားသုံးသူများအတွက် တစ်နှစ်တာ . . . . မှအဆက်

ယာဉ်ကြီးကြပ်ရေး ကော်မတီ၊ ယာဉ်ထိန်းရဲများနှင့် တွေ့ဆုံ ဆွေးနွေးစေကာ စားသုံးသူများကို စိတ်ကျေနပ်မှု ရရှိစေရေး၊ ဘေး အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ပေးရန် ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

**သက်တမ်းလွန်အစားအစာများကိစ္စ**

သက်တမ်းလွန် မုန့်များ၊ လက်ဖက်၊ အကြော်စုံ၊ ပဲငါးပိ၊ ချိုချဉ်၊ အချိုရည်၊ ဇီးထုပ်အမျိုးမျိုး၊ အမှုန့်အမျိုးမျိုး၊ နို့ဆီ၊ နို့အေးဘူး၊ ငရုတ်ဆီများနှင့် ပတ်သက်၍ စားသုံးသူများက သတင်းပေး တိုင်ကြားသဖြင့် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်း စစ်ဆေးကာ ဖျက်ဆီးခဲ့ပါသည်။

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)သည် စားသုံးသူများကိုသာ အကာအကွယ်ပေးပြီး လုပ်ငန်းရှင်များအား ဖိနှိပ်ရန် ပြဋ္ဌာန်းထားသော ဥပဒေမဟုတ်ပေ။ စားသုံးသူ များအား စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ နစ်နာဆုံးရှုံးမှုများအား ကုစားဖြေရှင်း ပေးသကဲ့သို့ ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင် / ကုမ္ပဏီများကိုလည်း နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်စုံသော ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်စေရန် မူဘောင် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စစ်ဆေး ပညာပေးခြင်းဖြင့် ကုန်စည်၊ ဝန်ဆောင်မှုများကို နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ တွန်းအားပေး ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

စားသုံးသူများ ကုန်စည်၊ ဝန်ဆောင်မှု ပြုသူ လုပ်ငန်းရှင်များသည် တစ်ဦးနှင့်တစ်ဦး အမှီပြုနေကြရသူများဖြစ်သည်။ စားသုံးသူများအနေဖြင့် စနစ်တကျ ရွေးချယ် စားသုံးသင့်သလို ထုတ်လုပ်သူများအနေဖြင့်လည်း စေတနာထား ဆောင်ရွက်ပေးရန်လိုပါသည်။ မည်ကဲ့သို့ပင်ဆိုစေ စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းမှုရှိရေး၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက စိတ်ကျေနပ်မှုရရှိရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူများလွယ်ကူစွာ တိုင်ကြားနိုင်စေရန်၊ အလျင်အမြန် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် စားသုံးသူများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်များတွင် "စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ" Consumer Information and Complaint Center (CICC) များ စတင်ဖွင့်လှစ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ထို့ကြောင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် ကျယ်ပြန့်သဖြင့် စားသုံးသူ၊ ထုတ်လုပ်ရောင်းချသူ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ ကစားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါကနီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနရုံးများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ များ၊ စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) များသို့ တိုင်ကြား ပေးကြရန် အသိပေးတိုက်တွန်းအပ်ပါသည်။

❑



## မြို့ကြီးများ၏ ၁၂-၆-၂၀၁၇ မှ ၁၆-၆-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၆-၂၀၁၇) | အင်္ဂါ(၁၃-၆-၂၀၁၇) | ဗုဒ္ဓဟူး(၁၄-၆-၂၀၁၇) | ကြာသပတေး(၁၅-၆-၂၀၁၇) | သောကြာ(၁၆-၆-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၅၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၉၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| လားရှိုး | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၆°C/၇၉°F | ၆၀% ၂၅°C/၇၇°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၄°F | ၇၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၃°F | ၆၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၀°F |
| တောင်ငူ | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| မုံရွာ | ၅၀% ၃၃°C/၉၂°F | ၅၀% ၃၄°C/၉၃°F | ၄၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F | ၅၀% ၃၂°C/၉၀°F |
| ပုသိမ် | ၉၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| မြိတ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F |
| စစ်တွေ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မကွေး | ၉၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| ဖလမ်း | ၉၀% ၂၃°C/၇၃°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၃°C/၇၃°F |



# ဥရုဂွေးနိုင်ငံတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား

တောင်အမေရိကတိုက်အတွင်းရှိ နိုင်ငံများအနက် အကြီးဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဥရုဂွေးနိုင်ငံတွင် ဇွန် ၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဥရုဂွေးနိုင်ငံ၊ ဆော့လ်တိုပြည်နယ်၏အနောက်မြောက်ပိုင်းဒေသများတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိသည်။ အဆိုပါ ဆော့လ်တိုဒေသသည် အာဂျင်တီးနားနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့်ဒေသဖြစ်သည်။

ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃၅၀၀ ခန့်ကို ရေဘေးမှ လွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ရေလွှမ်းမိုးမှု အဆိုးရွားဆုံးဖြစ်ပွားသည့်ဒေသများမှာ ပေဆန်ဒူနှင်အာတီဂတ်ပြည်နယ်များဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

ဥရုဂွေးနိုင်ငံကာကွယ်ရေးဝန်ကြီးက ရေတပ်၊ လေတပ်နှင့် ကြည်းတပ်တို့မှ တပ်မတော်သားများက ရေဘေးသင့်သည့်ဒေသများမှ ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်ဟုဆိုသည်။

ယခုလက်ရှိတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး လာမည့်ရက်များတွင်လည်း ဆက်လက်ရွာသွန်းနိုင်ကြောင်း၊ မိုးသည်းထန်စွာဆက်လက်ရွာသွန်းမည်ဆိုပါက ဥရုဂွေးနိုင်ငံ၏အဓိက မြစ်တစ်စင်းဖြစ်သည့် ဥရုဂွေးမြစ်တွင် မြစ်ရေများလျှံတက်လာနိုင်ပြီး အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများ ဖြစ်ပွားလာနိုင်ကြောင်း၊ ရေလွှမ်းမိုးသည့် ဒေသများလည်း ယခုထက် ပိုမိုများပြားလာနိုင်ကြောင်း ဥရုဂွေးနိုင်ငံမိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရေလွှမ်းမိုးမှုကြောင့် ဆော့လ်တို၊ ပေဆန်ဒူနှင့် အာတီဂတ်ဒေသများမှ အချို့သောပြည်သူများမှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် ၂၀၁၅ခုနှစ် ဒီဇင်ဘာလအတွင်းက ဥရုဂွေး၊ ပါရာဂွေး၊ အာဂျင်တီးနားနှင့် ဘရာဇီးတို့တွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၁၅၀၀၀၀ ကျော်မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ အဆိုပါရေလွှမ်းမိုးမှုသည် ဆယ်စုနှစ် တစ်နှစ်အတွင်း အဆိုးရွားဆုံးသောရေလွှမ်းမိုးမှုပင်ဖြစ်သည်ဟု ဆိုသည်။

**မယ်သီတာ**

# အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန်များ ဆက်လက်မြင့်တက်၊ သေဆုံးသူအရေအတွက် တိုးလာ

အိန္ဒိယနိုင်ငံ တစ်ဝန်းတွင် အပူချိန်များ ဆက်လက်မြင့်တက်လျက်ရှိရာ သေဆုံးသူအရေအတွက်များ မြင့်တက်လာဖွယ်ရှိကြောင်း India-express သတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ အပူချိန်မြင့်တက်ခြင်းသည် နှစ်ပေါင်း ၅၀ အတွင်း စံချိန်တင်မြင့်တက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။ ထို့ပြင် ယခုဖြစ်ရပ်သည် အိန္ဒိယနိုင်ငံ၏နွေရာသီကာလအတွင်း ဒုတိယအကြိမ်မြောက်အဖြစ် အပူချိန်မြင့်တက်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ဖြစ်ရခြင်းသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ အကျိုးဆက်ပင်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်၏ လေ့လာတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြထားသည်။

“အိန္ဒိယနိုင်ငံတစ်ဝန်းမှာ အပူချိန် တွေဟာ တစ်နေ့တခြား ပိုပိုပြီး မြင့်တက်လာခဲ့ပါတယ်။ အရင်က အပူချိန် ၄၄ ဒီဂရီဆဲလ်ဆီးယပ်စ်လောက်ပဲရှိခဲ့တာပါ။ အခုအခါမှာတော့ အပူချိန်က တစ်နေ့ထက်တစ်နေ့ပိုပြီးမြင့်တက်နေပါတယ်။ ဒါဟာ ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်ကို တိုက်ရိုက်ခံစားရတယ်လို့ သုံးသပ်ရပါတယ်”ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

၂၀၁၅ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန်များမြင့်တက်မှုကြောင့် အလုပ်သမားနှင့် လယ်သမား စုစုပေါင်း ၂၅၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် ဆက်နွှယ်လျက်ရှိသည့် ရောဂါများဖြစ်ပွားပြီး သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန်မြင့်တက်မှုကြောင့် တစ်ပတ်အတွင်း လူ ၁၀ ဦး ထက်မနည်းသေဆုံးခဲ့ရကြောင်း၊ မြို့တော်ဒေလီတွင်လည်း အပူချိန်များ တစ်နေ့တခြားမြင့်တက်လာမှုကြောင့် ပြည်သူအများစုသည် ရေနှင့်နီးသည့်နေရာများတွင် သွားရောက်နေထိုင်ခြင်းဖြင့် အပူဒဏ်ကို ကာကွယ်နေကြကြောင်း သည်တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။

အချို့သောပြည်နယ်များတွင် နေ့အပူချိန်သည် ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ် အထက်တွင်ရှိနေသဖြင့် လွန်ကဲသည့် အပူချိန်သို့ ရောက်ရှိနေကြောင်း၊ အထူးသဖြင့် ပါကစ္စတန်နှင့် အိန္ဒိယနယ်စပ်ရှိ ဒေသများတွင် နေ့အပူချိန်မှာ ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်မှ ၅၃ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ ရှိခဲ့ကြောင်း၊ ၂၀၁၅ခုနှစ်က အဆိုပါဒေသများ၏ နေ့အပူချိန်သည် ၅၂ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိခဲ့ရာ လူပေါင်း ၂၅၀၀ ကျော် သေဆုံးခဲ့ရသည်။

**မယ်သီတာ**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကဏ္ဍပေါင်းစုံမှ လုပ်ငန်းရှင်များအား တွေ့ဆုံ



စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မေ ၃၀ ရက်က မကွေးမြို့၊ မြို့တော်ခန်းမတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကဏ္ဍပေါင်းစုံ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စုစုပေါင်း ၇၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးကျော်ဝင်းက စီးပွားရေးမူဝါဒ ၁၂ ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ လက်ရှိစီးပွားရေး အခြေအနေများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လက်ရှိဖြစ်ပေါ် လျက်ရှိသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများ၊ နည်းပညာ အခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဆိုင်ရာများ၊ ဌာနဆိုင်ရာ ဝန်ထမ်းလိုအပ်ချက်များအား ပြောကြားခဲ့ပါသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအတွင်း ချေးငွေကဏ္ဍ၊ အသေးစားကုန်ထုတ် လုပ်ငန်းများအခြေအနေ၊ လက်ရှိစက်မှုလုပ်ငန်းဆိုင်ရာ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား အသေးစားနှင့် အလတ်စားဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ခြင်းဆိုင်ရာ ဖြေလျှော့မှုများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ဒေါက်တာထိန်လင်းအေးကလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် တိုင်းဒေသကြီးမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ HACCP အကြောင်း သိကောင်းစရာများအား စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းကလည်းကောင်း အကျယ် တဝင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသော တောင်သူများက သိလိုသည်များကို မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

နေ့လယ်ပိုင်းတွင် အစုအဖွဲ့အလိုက် စာတမ်းဖတ်ကြားခြင်းအစီအစဉ်အရ ဆန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ လက်ယက်ရေနံတွင်းများ ကဏ္ဍ၊ ရက်ကန်းကဏ္ဍ၊ စက်မှုဇုန်ကဏ္ဍများအား စာတမ်းရှင်များက အသီးသီးဖတ်ကြားတင်ပြခဲ့ကြရာ ဆွေးနွေးမေးမြန်းမှုများအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ယင်းမာပင်ခရိုင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးအနေဖြင့် မေ ၃၁ ရက်တွင် ယင်းမာပင်မြို့ သာယာအေးခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ တိုင်းဦးစီးမှူး ဦးကျော်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စားသုံးသူရေးရာဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်အေးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင် ကျန်းမာရေး တာဝန်ခံဦးစောလှိုင်က ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအသောက်များ အကြောင်းကို လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ပြုံးမို့လွင်သိန်းက အစားအသောက်များကို အများပြည်သူစားသုံးရန် မသင့်တော်သော ဆိုးဆေးပါ အစားအသောက်များ၊ အလေးချိန်မပြည့်ရောင်းသူများကို စည်ပင်သာယာ ဥပဒေအရ အရေးယူ သိမ်းဆည်းခြင်းများ အကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက အချိုမှုန့်ကို လွန် ကဲစွာ စားသုံးခြင်းဖြင့် ပေါ်ပေါက်လာမည့် ရောဂါ အန္တရာယ်အကြောင်းကို ဟောပြောဆွေးနွေးပြီး ဆိုးဆေးပါအစားအသောက်များအကြောင်း၊ မှိုဆိပ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ရောဂါနှင့် ကျန်းမာရေးကိုအထောက်အကူပြုပြီး အန္တရာယ်ကင်းသော အစားအသောက်များကို ရွေးချယ်ဝယ်ယူ စားသောက်နိုင်ရေးအတွက် သိရှိနိုင်ရန် ဟောပြောဆွေးနွေးပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ၁၀၂ ဦး တက်ရောက်ခဲ့ရာ တက်ရောက်လာသူများအား ဌာနမှထုတ်ဝေသည့် လက်ကမ်းစာစောင်များ နှင့် အချိုမှုန့်မပါရင် ဟင်းမဖြစ်တော့ဘူးလား ဆိုသည့် စာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးငြိမ်း (ယင်းမာပင်)**

# ချောင်းဦးမြို့နယ် စည်ပင်သာယာဈေးတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် စည်ပင်သာယာဈေး အတွင်း နိုင်ငံတော်မှ တားမြစ်ထားသော စားသောက်ကုန် များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ ရောင်းချမှုရှိ/မရှိနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အတွက် မုံရွာခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ချောင်းဦးမြို့နယ် တာဝန်ခံနဲ့အဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့ အသီးသီးမှ တာဝန်ရှိသူများသည် မေ ၂၄ ရက်တွင် ချောင်းဦး မြို့စည်ပင်သာယာဈေးအတွင်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မုန့်မျိုးစုံရောင်းချသော ဆိုင်ခြောက်ဆိုင်၊ ကုန်မျိုးစုံရောင်းချသောဆိုင်ရှစ်ဆိုင်၊ စားသုံးဆီရောင်းချသော ဆိုင်ခြောက်ဆိုင်နှင့် မိုလ်ဘိုင်းဖုန်း အရောင်းဆိုင်တစ်ဆိုင်တို့မှ ရောင်းချသူများအား မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းပိုက စားသုံးသူများအား စေတနာထား၍ ရောင်းချကြရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ၊ ဘေးအန္တရာယ်မရှိသော အစားအသောက်နှင့် ကုန်ပစ္စည်းများကိုသာ ရောင်းချကြရန်၊ ကုန်ပစ္စည်းများကိုလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ထုပ်ပိုးမှုပုံစံ၊ အညွှန်း၊ ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်ရာဒေသနှင့် ဆက်သွယ်ရန်လိပ်စာ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်အပြည့် အစုံပါရှိမှသာ ရောင်းချခြင်းပြုရန် အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

ဒေလီ (ချောင်းဦး)

# ဖျာပုံမြို့နယ်ရှိ စီပီကြက်ဥနှင့် စီပီမွေးမြူရေးအစာ အရောင်းဆိုင်တို့တွင် ထုတ်ကုန်လုံခြုံ စိတ်ချရမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေး

ဖျာပုံခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် ဦးဆောင်သည့် အဖွဲ့သည် ဖျာပုံမြို့ ဒုတိယလမ်းရှိ မြန်မာ CP Livestock Co. Ltd ကြက်ဥ လက္ကား ဖြန့်ချိရေးနှင့် (၁၆)ရပ်ကွက် ချောင်းတွင်းလမ်းမကြီးရှိ စီပီမွေးမြူရေး အစာအရောင်းဆိုင်တို့အား မေ ၂၆ ရက်က ထုတ်ကုန်လုံခြုံစိတ်ချရမှု အခြေအနေများအား ကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သိရပါတယ်။

ထိုသို့ ကွင်းဆင်း စစ်ဆေးရာတွင် ကြက်ဥများ ထားသိုမှု၊ ဈေးနှုန်း ဖြန့်ချိနိုင်မှုအခြေအနေနှင့် စည်ပင်သာယာ လိုင်စင်၊ FDA ထောက်ခံချက်နှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ခွင့်ပြုချက်များအား စစ်ဆေးခဲ့ကြပါတယ်။

ဆက်လက်ပြီး ချောင်းတွင်းလမ်းမကြီးရှိ စီပီမွေးမြူရေး အစာ အရောင်းဆိုင်အား စစ်ဆေးခဲ့ရာ သက်ဆိုင်ရာဌာန များ၏ ခွင့်ပြုလိုင်စင်များ၊အထောက်အထားများအား စစ်ဆေးခဲ့ကြပြီး ကြက်၊ ဘဲ၊ ဝက်အစာများ၏ထားသိုမှု၊ အစာများတွင် ပါဝင်သည့် ပစ္စည်းရာခိုင်နှုန်း၊ ဈေးနှုန်းနှင့် ရောင်းချမှု အခြေအနေများအား လေ့လာမေးမြန်းခဲ့ကြပြီး မွေးမြူရေးအစာများအား ခြောက်သွေ့သောနေရာတွင် ထားရှိရန်နှင့် စားသုံးသူပြည်သူများအား ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရန် အသိပညာပေး ဆွေးနွေးခဲ့ကြပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းဇော်မွန်(ဖျာပုံ)**

# လားရှိုးမြို့ရှိ ကျောင်းဈေးသည်များအား စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းနှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန၊ FDA၊ကျောင်းကျန်းမာရေး ဌာနတို့နှင့်ပူးပေါင်း၍ မေလ ၂၈ ရက်က လားရှိုးမြို့၊ အ. ထ. က(၁)ကျောင်း ရှိခန်းမတွင် ကျောင်းမုန့်ဈေးသည်များအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းလှဖြူက ဈေးသည်များအနေဖြင့် မုန့်များရောင်းချရာတွင် ကျန်းမာရေးနှင့် ပတ်သက်သော သိကောင်းစရာများအကြောင်းကို လည်းကောင်း၊ FDAဌာနမှ ဒေါ်ဟန်နီချိုက အစားအသောက်များတွင် ပါဝင်သောဆိုးဆေးများ၊ ဆေးသကြားများတို့၏ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာ နီနီထွန်းက တစ်ကိုယ်ရေသန့်ရှင်းစွာဖြင့် ရောင်းချရန်၊ တစ်ခါသုံး လက်အိတ်များ အသုံးပြုရန်၊ ပိုးမွှားများမဝင်အောင် အဖုံးအကာများဖြင့် ကာကွယ်ထားရှိရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော မုန့်များကိုသာ ရောင်းချရန် တို့ကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက ကျောင်းမုန့်ဈေးသည်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပြည်တွင်း/ ပြည်ပမှ ဝယ်ယူရောင်းချသော မုန့်များနှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များ၊ လိုက်နာမှုမရှိဘဲ ရောင်းချမှုများကို စစ်ဆေးတွေ့ရှိပါက အရေးယူ ဆောင်ရွက်မည့် အချက်များကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် ဆရာ/ဆရာမများ၊ မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်း မုန့်ဈေးသည်များ၊ စုစုပေါင်း ၂၈၉ ဦး တက်ရောက်ခဲ့ပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**




# Property Guru က မြန်မာ့အိမ်ခြံမြေဆုပေးပွဲ ၂၀၁၇ အတွက် ဆန်ကာတင်စာရင်းကို ထုတ်ပြန်ကြေညာ

PropertyGuru သည် မြန်မာ့အိမ်ခြံမြေဆုပေးပွဲ ၂၀၁၇ ၏ နောက်ဆုံးဆန်ကာတင်စာရင်းကိုထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါစာရင်းတွင် ပြည်တွင်းမှထိပ်တန်းဘက်စုံဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦထိန်းသိမ်းစောင့်ရှောက်သူတစ်ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

မြန်မာ့အိမ်ခြံမြေဆု ၂၀၁၇ တွင် ဆုပေါင်း ၁၈ ဆုအထိပါဝင်မည်ဖြစ်ပြီး ယခုကျင်းပသည့်ဆုပေးပွဲသည် တတိယအကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဆုချီးမြှင့်ပွဲတွင် ဆုရရှိသူများသည် နှစ်စဉ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်လေ့ရှိသည့် Property Guru အာရှအိမ်ခြံမြေဆောက်လုပ်ရေးပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဆန်ကာတင်စာရင်းတွင်ပါဝင်လာသည့် Marga Landmark နှင့် Royal Sky ကုမ္ပဏီတို့သည် ဆန်ကာတင်ဆုငါးဆုစီ စာရင်းဝင်လျက်ရှိပြီး ရွှေတောင်လုပ်ငန်းစုအမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်အား တစ်နှစ်အတွင်း အိမ်ခြံမြေဆိုင်ရာပုဂ္ဂိုလ်ဆုကို ပေးအပ်ခဲ့သည်။ အဆိုပါဆုပေးပွဲကို ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသွားမည်ဖြစ်သည်။ **မယ်သီတာ**

# အူရီဒူးက မြန်မာဂီတပွဲတော် ၂၀၁၇ အား ပံ့ပိုးကူညီ



အူရီဒူးမြန်မာသည် ဇွန် ၉ ရက်မှ စတင်ကျင်းပလျက်ရှိသည့် မြန်မာ့ဂီတပွဲတော် ၂၀၁၇ (Myanmar Music Festival 2017) ပွဲတော်တွင် Jade Elephant Sponsor အဖြစ် ပါဝင်ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ဂီတပွဲတော်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့ဂီတပွဲတော်ဖျော်ဖြေပွဲအဖွဲ့တို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဂီတပွဲတော်ဖျော်ဖြေပွဲအဖွဲ့တွင် အနောက်တိုင်းဂန္တဝင်တေးဂီတအဖွဲ့ဝင် ငါးဦးနှင့် မြန်မာ့ရိုးရာဂီတအနုပညာရှင်ငါးဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဇွန်လ ၉ ရက်မှစတင်ကာ မြို့ကြီးလေးမြို့တွင် ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ဇွန်လ ၉ ရက်တွင် မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ လည်းကောင်း၊ ဇွန်လ ၁၁ရက်တွင် နေပြည်တော်ရှိ MICC II ၌ လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် မန္တလေးမြို့၊ အမျိုးသားကဇာတ်ရုံ၌ လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံ၌ လည်းကောင်း ဂီတကိုချစ်မြတ်နိုးသော ပြည်သူများအား အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အနောက်တိုင်းတေးဂီတနှင့် မြန်မာ့တူရိယာတို့ကို ပေါင်းစပ်၍ မြန်မာ့မူပကတိမပျက် သီချင်းများကို ရေးစပ်ထားပြီး သီဆိုသွားမည်ဖြစ်သည်။

မြန်မာ့ဂီတပွဲတော်ကို ၂၀၁၄ခုနှစ်မှစတင်ကာ ပုံဖော်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# အလှအပရေးရာ ဖလှယ်မှုပြပွဲ မြန်မာ ၂၀၁၇ (CosomoBeaute Myanmar 2017) ပြပွဲ ပြသ

အလှအပရေးရာ ဖလှယ်မှု ပြပွဲ မြန်မာ ၂၀၁၇ (CosomoBeaute Myanmar 2017) ပြပွဲကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ပြသခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်းရှစ်နိုင်ငံမှ အလှကုန်ပစ္စည်း ထုတ်လုပ်သည့်ကုမ္ပဏီများက လာရောက်ပြသခဲ့ကြသည်။ ယင်းပြပွဲတွင် တရုတ်၊ ကိုရီးယား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ဂျာမနီနှင့် စင်ကာပူနိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၃၅ခုတို့က အလှအပနှင့်ဆိုင်သည့် ကုန်ပစ္စည်းများကို လာရောက်ပြသရောင်းချခဲ့ကြကြောင်း သိရသည်။

ယင်းပြပွဲတွင် အလှအပနှင့်ဆိုင်သည့် ဆွေးနွေးဟောပြောပွဲများကိုလည်းထည့်သွင်းခဲ့ရာ တက်ရောက်လာသူများက စိတ်ဝင်တစား ပြန်လည် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မယ်သီတာ**




# ထိုင်းပို့ကုန်သွင်းကုန်ဘဏ်၏ ပထမဆုံး ပြည်ပကိုယ်စားလှယ်ရုံးကို မြန်မာနိုင်ငံ၌ စတင်ဖွင့်လှစ်

ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဘဏ် (Export-Import Bank of Thailand-EXIM Thailand) ၏ မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံးကိုရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ် သည်။

ထိုင်းနိုင်ငံ EXIM Thailand အနေဖြင့် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အားပေးမြှင့်တင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ဆွေးနွေးအကြံပေးမှုများ ပံ့ပိုးပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းချင်း တွေ့ဆုံစေစပ်ပေးခြင်းစသည့် ဝန်ဆောင်မှုများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

EXIM Thailand ၏ရန်ကုန်ကိုယ်စားလှယ်ရုံးကို ဆူးလေ စင်တာပွိုင့်တာဝါတွင် ဖွင့်လှစ်ထားရှိပြီး ကိုယ်စားလှယ်ရုံး အကြီးအကဲအဖြစ် မစ္စတာဝေါ် ရာမင်သာဗရာဖကို တာဝန် ပေး ခန့်အပ်ခဲ့သည်။

EXIM Thailand ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက်က ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် EXIM Thailand ဥက္ကဋ္ဌ မစ္စတာ ပီဆစ်စီရီဝိတ္တနာနှင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှတို့က EXIM Thailand နှင့် MFTB တို့အကြား နားလည်မှုစာချွန်လွှာတစ်စောင်ကိုလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ နှစ်ဖက်အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာထောက်ပံ့မှုများ၊ နှစ်ဖက်အကျိုးစီးပွားအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံနှင့် သတင်းအချက်အလက်များဖလှယ်ရေး၊ ထိုင်းနှင့် မြန်မာစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချဲ့ထွင်လုပ်ရှားမှုများအား ထောက်ပံ့အားပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာ ငွေပေးချေဝန်ဆောင်မှုများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေး မ,တည်မှု အတွေ့အကြုံများအား ဖလှယ်ရေးတို့တွင် အတူတကွ လက်တွဲ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

# ကမ္ဘာတွင် ရော်ဘာလက်အိတ်အများဆုံးထုတ်လုပ်သည့် မလေးရှားနိုင်ငံရှိ Top Glove ကုမ္ပဏီက တရုတ်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်မည်

ကမ္ဘာတွင် ရော်ဘာလက်အိတ်အများဆုံး ထုတ်လုပ်သည့် မလေးရှားနိုင်ငံရှိ Top Glove ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် ဈေးကွက်ပိုမိုချဲ့ထွင်ရန်အတွက် တရုတ်နိုင်ငံရှိ ပစ္စည်းဖြန့်ဖြူးသည့်ကုမ္ပဏီများနှင့် Merger and Acquisition, (M & A) သို့မဟုတ် ဖက်စပ်လုပ်ငန်း (JV) နည်းဖြင့်လုပ်ငန်းချင်း ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိကြောင်းသိရှိရသည်။

မလေးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သည့် စုစုပေါင်းရော်ဘာထွက်ကုန်တင်ပို့မှုပမာဏ၏ ၁၃ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိသည့် အဆိုပါကုမ္ပဏီသည် ဈေးကွက်တွင် ပိုမိုထိရောက်စွာ ယှဉ်ပြိုင်နိုင်ရန်အတွက် စက်ရုံများတွင် စက်ပစ္စည်းများ ထပ်မံဖြည့်တင်းရန်နှင့် လက်ရှိလက်အိတ်ထုတ်စက်ရုံများနှင့် ဖက်စပ်ပေါင်းစည်းရန် ရည်ရွယ်ထားကြောင်း၊ တရုတ်နိုင်ငံရှိ ပစ္စည်းဖြန့်ချီသည့် ကုမ္ပဏီများနှင့် M & A သို့မဟုတ် JV ဆောင်ရွက်သွားရန်ရှိကြောင်း အဆိုပါကုမ္ပဏီ၏ အလုပ်အမှုဆောင် အရာရှိချုပ် Lim Wee Chai က ပြောကြားခဲ့သည်။

ကုမ္ပဏီသည် တရုတ်ဈေးကွက်ဝေစုပိုမိုရရှိရန်အတွက် မလေးရှားတွင် မလေးရှားရှိ စက်ရုံနှစ်ရုံနှင့် ပေါင်းစည်းခဲ့ကြောင်း၊ အဆိုပါစက်ရုံနှစ်ရုံမှထွက်ရှိသည့် ရော်ဘာပစ္စည်းများတင်ပို့မှုသည် တရုတ်နိုင်ငံသို့ လက်ရှိတင်ပို့လျက်ရှိသည့် မလေးရှားရော်ဘာထွက်ကုန်များ စုစုပေါင်းတင်ပို့မှု၏ နောက်ထပ် ၁၅ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ရည်မှန်းချက်သည် တရုတ်ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းကို ရရှိအောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း Lim က ပြောကြားခဲ့ သည်။

Top Glove ကုမ္ပဏီမှ ထုတ်လုပ်သည့် ရော်ဘာလက်အိတ် ၉၅ ရာခိုင်နှုန်းကျော်အား နိုင်ငံပေါင်း ၁၉၅ နိုင်ငံသို့တင်ပို့လျက်ရှိကြောင်း၊ ကုမ္ပဏီသည် ကမ္ဘာ့တစ်ဝန်းတွင် စက်ရုံပေါင်း ၂၉ ရုံရှိပြီး ထုတ်ကုန်အမျိုးအစားပေါင်း ၄၉၉ ခုရှိကာ တစ်နှစ်လျှင် ပစ္စည်းအရေအတွက် ၄၈ ဘီလီယံထုတ်လုပ်လျက်ရှိသည်။

Source: xinhua **စန္ဒာထွန်း (TTI)**

# တရုတ်အိပ်မက်မှ ကမ္ဘာ့အိပ်မက်သို့



ခင်မောင်ညို (ဘောဂဗေဒ)

တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု One Belt , One Road Initiative လှုပ်ရှားမှုမှာ အစပိုင်းတုန်းက OBOR လို့ သုံးပေမယ့် နောက်ပိုင်းမှာ BRI လို့ ဝေါဟာရ အတိုကောက် အသုံးပြု တာတွေ့ရပါတယ်။

BRIဖိုရမ်ဖွင့်ပွဲမှာ ခေါင်းဆောင်တွေက ဝိုင်းဝန်းထောမနာ ပြုကြပေမယ့် ပညာရှင်အဆင့် ဆွေးနွေးပွဲတွေမှာတော့ ပိုပြီး အသေးစိတ်ဆွေးနွေးလာကြသလို၊ စိုးရိမ်ပူပန်မှုတွေကိုလည်း ဖော်ပြကြပါတယ်။ ဥပမာ စင်ကာပူရောက် တရုတ်သုတေသနပညာရှင် တစ်ယောက်ကဆို တရားမဝင် ငါးခိုးဖမ်းတဲ့ကိစ္စကို အကျယ်တဝင့် ဆွေးနွေးတာတွေ့ရပါတယ်။

တချို့က တရုတ် ခေါင်းဆောင်တွေ အပြောင်းအလဲဖြစ်ရင် လမ်းကြောင်း ပြောင်းသွားမှာလားလို့ စိုးရိမ်တကြီးနဲ့ ဆွေးနွေးကြပါတယ်။ အဲဒီအချက်ကို တရုတ်တို့က တံခါးဖွင့်ထားပြီးရင် ပြန်မပိတ်တော့ဘူးလို့ ပြန်လည်ချေပပြီး ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် အခု လှုပ်ရှားမှုကို ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက ဦးဆောင်လှုပ်ရှားတယ်ဆိုပေမယ့် ကမ္ဘာတစ်ခုလုံးနဲ့ သက်ဆိုင်ပါတယ်။ ဒုတိယမြောက် ကမ္ဘာဆန်လာတဲ့ ဖြစ်စဉ် (Globalization 2.0)ဖြစ်တယ်။ ပထမအကြိမ် ကမ္ဘာဆန်လာတဲ့ဖြစ်စဉ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဦးဆောင်တယ်။ အခုအကြိမ်မှာတော့ လွတ်လပ်တဲ့၊ မျှတတဲ့၊ အားလုံးအကျုံးဝင်တဲ့(Free, Fair and Inclusive) ကမ္ဘာဆန်ရေးလမ်းကြောင်း ဖြစ်ရမယ်လို့ ကြွေးကြော်ထားပါတယ်။

လမ်းဆိုတာမျိုးက အသွားရယ်-အပြန်ရယ်ရှိတာမျိုးဖြစ်လို့ နှစ်ဦးနှစ်ဖက် အကျိုးရှိရမယ်။ အကောင်းဆုံး လုပ်ပုံလုပ်နည်းတွေကို ဖော်ထုတ်သွားမယ်။ မတူကွဲပြားတာတွေကို မျှဝေသွားမယ်။ ပေါင်းစပ် ညှိနှိုင်းမှုတွေ လုပ်မယ်။ အကျိုးကျေးဇူးတွေကို မျှဝေခံစားမယ်။ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းသွားမယ်။ လက်ရှိယန္တရားတွေကိုတောင့်တင်းခိုင်မာအောင် လုပ်မယ်။ တရုတ်တို့ကလည်း တခြားနိုင်ငံတွေဆီက လေ့လာဆည်းပူးသွားမယ်။

မူဝါဒတွေ၊ တရားဥပဒေရေးရာတွေမှာလည်း သယ်ယူပို့ဆောင်ရေးနဲ့ စီမံကိန်း အစီအစဉ်တွေကို တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ညီညွတ်မျှတမှုရှိအောင် အားထုတ်သွားမယ်လို့ဆိုတယ်။

မှတ်သားလိုက်မိတဲ့ စကားတစ်ခွန်းကတော့ "နောင်လာ နောက်သားတွေ ကျေးဇူးတင်ထိုက်တဲ့ စီမံကိန်းကြီးဖြစ်သွားအောင်" တလွဲ အသုံးမချရအောင် အရန်အတား လုပ်သွားဖို့တွေကိုပါ အဆိုပြုတာ တွေ့ရတယ်။

အဲဒီထဲမှာ ပြည်သူ့ဝန်ဆောင်မှု (Public Service) ဆိုရင် အစိုးရက အခမဲ့ပေးသင့်တယ်လို့ ထင်နေကြတဲ့ စိတ်သဘောထား (Mindset) ကိုလည်း ပြုပြင်သွားရမယ့်ကိစ္စတွေ၊ ပုဂ္ဂလိကရဲ့ ရင်းနှီး မြှုပ်နှံမှုတွေပေါ် ထွက်လာအောင် သင့်တင့်မျှတတဲ့ မူဝါဒတွေ၊ အခွန်အကောက်စနစ်တွေလုပ်ပေးဖို့၊ သတင်းအချက်အလက်တွေမျှဝေဖို့၊ ဖြစ်တန်စွမ်း လေ့လာမှုတွေ ပြုလုပ်ဖို့ ဆွေးနွေးကြပါတယ်။

ပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership) အစီအစဉ်တွေဟာ အပြောများသလောက် အောင်မြင်တာနည်းကြောင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်တဲ့ လုပ်ငန်းတွေဟာ အရင်းအနှီး ကြီးမားသလောက် အကျိုးကျေးဇူးနည်းလို့ စိတ်ဝင်စားမှုနည်းကြောင်း၊ အကျိုးကျေးဇူးပိုရအောင် အစိုးရကအထောက်အကူပြုသင့်သလို၊ နိုင်ငံရေးအရ ထိလွယ်ရှလွယ် လုပ်ငန်းတွေ ဖြစ်ကြောင်းလည်း ဆွေးနွေးကြပါတယ်။

စာနယ်ဇင်းတွေက ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု လှုပ်ရှားမှုကို ကောင်းကောင်း သဘောမပေါက်ကြဘူး။ ဒါကြောင့် ပြည်သူ လူထုကို မျှတမှန်ကန်တဲ့ သတင်းအချက်အလက်တွေ ပေးနိုင်ခြင်းမရှိဘူးလို့လည်း စာနယ်ဇင်းတွေကို ဝေဖန်ကြပါတယ်။

ငြိမ်းချမ်းရေးအပေါ် အကျိုးသက်ရောက်မှုနဲ့ ပတ်သက်လို့ ကုန်သွယ်ရေးတွေ ရင်းနှီးမြှုပ်နှံမှုတွေအတွက် ဆွေးနွေးတာဟာ စစ်ပွဲတွေ၊ ပဋိပက္ခတွေကို လျော့ကျစေနိုင်လို့ BRI ဟာ ငြိမ်းချမ်းရေးကိုလည်း အထောက်အကူပြုတယ်။ ဒါကြောင့် ကုန်သွယ်ရေးလုပ်ရာမှာ တစ်ဘက်စောင်းနင်းမဖြစ်စေဘဲ မျှတတဲ့ ကုန်သွယ်ရေး ဖြစ်သင့်တယ်လို့လည်း ထောက်ပြကြပါတယ်။

စာနယ်ဇင်းတွေက အတွေးလွဲ၊ အမြင်လွဲ၊ အရေးလွဲကြသလို၊ စစ်အေးခေတ်ကတည်းကရှိခဲ့တဲ့ စိတ်ထားဟောင်းတွေကြောင့် ပေါင်းစည်းရေးအတွက် အဟန့်အတားဖြစ်စေနိုင်တယ်။ စီးပွားရေးလုပ်ငန်း လုပ်ပုံလုပ်နည်း မတူညီကြတာကလည်း အနှောင့်အယှက် ဖြစ်စေနိုင်တယ်။ ဒါကြောင့် ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကိုလည်း လုပ်သင့်တယ်လို့ အဆိုပြုပါတယ်။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ ဘယ်တော့မှ တကယ်တမ်းဖြစ်မလာတဲ့ အိပ်ရာဝင်ပုံပြင်မျိုးတွေ မဖြစ်သင့်ဘူးလို့လည်း သူက ဆိုပါတယ်။

မွန်ဂိုလီးယားကတော့ တရုတ်က လုပ်ငန်းကြီးကြီးလုပ်ရင် စရိတ်သက်သာတာဖြစ်လို့ နိုင်ငံငယ်လေးတွေ အနေနဲ့ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်း ရှိမလာမှာကို စိုးရိမ်နေပါတယ်။ တရုတ်လုပ်ငန်းရှင်ကလည်း နိုင်ငံပိုင်လုပ်ငန်းတွေနဲ့သာမက နိုင်ငံတကာ ဘဏ်ကြီးတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းတွေ ယှဉ်ပြိုင်နေရတဲ့အကြောင်း ညည်းတွားသွားခဲ့ပါတယ်။ သဘောတူညီချက်တွေမှာလည်း တစ်နိုင်ငံရဲ့ သဘော တူညီချက်၊ နှစ်နိုင်ငံသဘောတူညီချက်၊ နိုင်ငံပေါင်းစုံ ချုပ်ဆိုကြတာ၊ ကဏ္ဍအလိုက်ဆွေးနွေးကြတာတွေ ကွဲပြားနေကြောင်း သူက ညွှန်ပြပါတယ်။ မူဝါဒရေးရာညှိနှိုင်းမှု၊ ဘဏ္ဍာရေးညှိနှိုင်းမှုနဲ့ လူလူချင်း ဆက်ဆံရေးတွေကလည်း အရေးကြီးတယ် မဟုတ်လား။

BRI နဲ့ပတ်သက်ပြီး တည်ထောင်ထားတဲ့ ဩစတြေးလျ - တရုတ်စင်တာကတော့ မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးအရ အရင်းအနှီးနဲ့ နည်းပညာဗဟုသုတတွေ ပူးပေါင်း ဆောင်ရွက်မှုရှိဖို့ လုပ်သာကိုင်သာရှိပြီး ဒေသခံတွေရဲ့စီမံခန့်ခွဲမှုတွေရှိဖို့၊ ပြည်သူ လူထုအချင်းချင်းဆက်ဆံရေးမှာ စားသုံးသူတွေရဲ့ဝယ်လိုအားနောက်ကိုချည်း မလိုက်ဘဲ ပညာပေးဖို့၊ လက်တွေ့အသုံးကျတဲ့၊ အသုံးဝင်တဲ့ သတင်းစကားတွေပေးဖို့ ဆွေးနွေးသွားခဲ့ပါတယ်။

တရုတ်သုတေသီတစ်ဦးဖြစ်တဲ့ ပက်ထရစ်ဟိုကတော့ BRI ဟာ ပုံသေသဘောတရားတစ်ခုမဟုတ်ဘဲ အမြဲတိုးတက်ပြောင်းလဲနေတဲ့ သဘောတရားတစ်ခုဖြစ်တယ်။ တိုးသာဆုတ်သာ ရှိတယ်။ ပြုပြင်ပြောင်းလဲလွယ်တယ်။ လိုက်လျောညီထွေဖြစ်တယ်။ အတွေးအမြင်သစ်တွေကိုလည်း လက်ခံဖို့အဆင်သင့်ဖြစ်တယ်ဆိုတဲ့ တင်ပြချက်ဟာ စိတ်ဝင်စားဖို့ အတော်လေး ကောင်းပါတယ်။ ဒေါက်တာ ပက်ထရစ်ဟိုဟာ တရုတ်စွမ်းအင်ရန်ပုံငွေ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။

BRI ဟာ ကြွေးကြော်သံဘဝက နေကျယ်ပြန့်တဲ့အမြင်၊ နောက် အပြောနဲ့ လုပ်ရပ်တွေအဖြစ် သဘောတရားကနေ၊သဘောတူညီမှုတွေ၊ အဲဒီကနေ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်စရာအခြေခံတစ်ခုအဖြစ် ပြောင်းလဲလာခဲ့တယ်။ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ ပွင့်လင်းမှု၊ တီထွင်ဆန်းသစ်မှုနဲ့ ယဉ်ကျေးမှုတို့ဆီ သွားရာလမ်းကြောင်းဖြစ်တယ်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုပုံစံသစ်၊ စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှု၊ စီးပွားရေး၊ လူမှုမျှတမှုနဲ့ ပတ်ဝန်းကျင် ပေါင်းစည်းမှုအမှန်တကယ်ပိုင်ဆိုင်တဲ့ အက်ဆက်တွေ ဆီပြန်သွားတဲ့ ကမ္ဘာဆန်ရေး-ဒုတိယလှိုင်း (Globalization 2.0) ဖြစ်တယ်။ အခြေခံ အဆောက်အအုံ၊ ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုတွေအားလုံး အကျုံးဝင်တယ်။ နယ်နိမိတ်ပေါင်းစုံ၊ စီးပွားရေး ကဏ္ဍပေါင်းစုံ၊ ဘာသာရပ်ပေါင်းစုံ၊ ကျွမ်းကျင်မှုပေါင်းစုံ အကျွမ်းဝင်တယ်။ ညှိနှိုင်းတိုင်ပင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ မျှဝေမှု၊ အတူတကွ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်စေရမယ်။

စိတ်ကောင်း စေတနာကောင်းနဲ့ ပြင်ဆင်စီမံပြီး အရပ်ဘက်၊ ဉာဏ်ကြီးရှင် (Think Tank) အဖွဲ့တွေက တွေးကြလုပ်ကြရင်းနဲ့ အကောင်အထည်ပေါ်လာစေရမယ်။ အစိုးရ အချင်းချင်းသာမက ဉာဏ်ကြီးရှင်တွေ၊ သုတေသီတွေ အချင်းချင်းလည်း ပူးပေါင်း ဆောင်ရွက်သွားကြမယ်။ ဒီလိုနဲ့တရုတ်ရဲ့ အိပ်မက်ကနေကမ္ဘာ့ အိပ်မက် ဖြစ်လာစေရမယ်လို့ ဆိုပါတယ်။

❑

## တရုတ်(တိုင်ပေ)နှင့် ကိုရီးယားနိုင်ငံတို့မှ ဓာတုပစ္စည်း တစ်မျိုးကို ဈေးလျှော့၍ စုပြုံတင်သွင်းလာမှုကို အိန္ဒိယနိုင်ငံက စုံစမ်းစစ်ဆေးလျက်ရှိ

တရုတ်(တိုင်ပေ)နှင့် ကိုရီးယားနိုင်ငံတို့သည် ပလပ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်း တစ်မျိုးအား ၎င်း၏သာမန်တန်ဖိုးအောက် ဈေးလျှော့၍ အိန္ဒိယနိုင်ငံသို့ စုပြုံတင်သွင်းလာကြောင်း (dumping) အိန္ဒိယနိုင်ငံမှ အဆိုပါပစ္စည်းထုတ်လုပ်သည့် ပြည်တွင်းလုပ်ငန်းရှင်များက တိုင်ကြားလာသဖြင့် စတင် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ စုံစမ်းစစ်ဆေးမှုဌာနဖြစ်သည့် တန်ပြန်စုပုံခွန်နှင့် ၎င်းနှင့်ဆက်နွယ်သည့်အခွန်များ ချမှတ်ခြင်းဆိုင်ရာဦးစီးဌာန (The Directorate General of Anti-dumping & Allied Duties, DGAD) သည် တရုတ်(တိုင်ပေ)နှင့် ကိုရီးယားနိုင်ငံတို့မှ ဓာတုပစ္စည်းတစ်မျိုးဖြစ်သော "Dioctyl Phthalate" များကို ဈေးလျှော့၍ စုပြုံတင်သွင်းလာမှုအပေါ် လုံလောက်သည့်အထောက်အထားများ ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ဓာတုပစ္စည်းအား ဈေးလျှော့၍ အိန္ဒိယနိုင်ငံသို့ တင်သွင်းလာခြင်းသည် အိန္ဒိယနိုင်ငံတွင် ထိုကဲ့သို့ ကုန်ပစ္စည်းထုတ်လုပ်သည့် အိန္ဒိယပြည်တွင်းလုပ်ငန်းရှင်များ အပေါ် ထိခိုက်နစ်နာမှုရှိပါက ပြည်တွင်း လုပ်ငန်းရှင်များအား အကာအကွယ်ပေးရန်အတွက် တရုတ်(တိုင်ပေ)နှင့် ကိုရီးယားနိုင်ငံတို့မှ ထိုကဲ့သို့ ဈေးလျှော့၍ ဓာတုပစ္စည်းတင်သွင်းလာမှုအပေါ် တန်ပြန်စုပုံခွန် (Anti-dumping duty) စည်းကြပ်ကောက်ခံရန် DGAD က အကြံပြုသွားမည်ဖြစ်သည်။

အာဏာပိုင်အဖွဲ့သည် စွပ်စွဲထားသည့် ဈေးလျှော့၍ စုပုံတင်သွင်းလာမှုနှင့် အကျိုးဆက်ဖြစ်သော ပြည်တွင်းစက်ရုံများအပေါ် ထိခိုက်နစ်နာမှုအတွက် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း DGAD က ပြောကြားသည်။ စုံစမ်းစစ်ဆေးရန်အတွက် အိန္ဒိယနိုင်ငံရှိKLJ Plasticizers Ltd. က အဆိုပြုလွှာ တင်ထားပြီး ဖြစ်သည်။


DGAD သည် အခြားနိုင်ငံများမှ ဓာတုပစ္စည်းများကဲ့သို့ ဈေးလျှော့၍ စုပြုံတင်သွင်းလာသော အခြားကုန်ပစ္စည်းများကိုလည်း စုံစမ်းစစ်ဆေးနေကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် အလယ်အလတ် လူတန်းစားများ များပြားခြင်းကြောင့် အိန္ဒိယနိုင်ငံဈေးကွက်သည် ကမ္ဘာတစ်ဝန်းရှိ ကုန်ပစ္စည်း ထုတ်လုပ်သူများအတွက် ဆွဲဆောင်မှုအရှိဆုံး ဈေးကွက်များတွင် တစ်ခုအပါအဝင်ဖြစ်လာသည်။

မျှတသည့် ကုန်သွယ်မှု စနစ်ဖြစ်လာရန်နှင့် ပြည်တွင်းထုတ်လုပ်သူများ၊ ပြည်ပထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များအားလုံးမျှတ၍ တူညီသည့် အခွင့်အရေးတစ်ရပ် ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပြီး ဈေးနှုန်းလျှော့ချမှုကို ဆန့်ကျင်သည့်အနေဖြင့် ဈေးလျှော့၍ စုပုံတင်သွင်းမှုအပေါ် တန်ပြန်စုပုံခွန် (anti-dumping duty) အား WTO အဖွဲ့ဝင်နိုင်ငံများက စည်းကြပ်ကောက်ခံလျက်ရှိသည်။**Source: economictimes**

**စန္ဒာထွန်း (TTI)**

# tEdv&ubwaw

အိန္ဒိယနိုင်ငံ၊ ပဲမျိုးစုံ၏ ရက်သတ္တပတ်အတွင်း အခြေအနေနှင့် ပတ်သက်၍ အစီရင်ခံစာကို အဂရီဝပ်ချ်က ဇွန် ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်သည့် ရက်သတ္တပတ် အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှု အခြေအနေနှင့် ပြည်တွင်း၊ ပြည်ပ ပဲမျိုးစုံတို့၏ ဈေးနှုန်းအခြေအနေတို့ကို ဖော်ပြထားသည်။



**ပဲမျိုးစုံ ထုတ်လုပ်မှု အခြေအနေ**

ဈေးနှုန်းများ ကျဆင်းနေသည်ကို တွေ့မြင်နေရသည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံနှင့် မတ်ပဲထုတ်လုပ်မှုသည် ယခုနှစ် မိုးရာသီ တွင် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းနိုင်ကြောင်း အစိုးရက ခန့်မှန်းထားသည်။ အလားတူ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနကလည်း ၂၀၁၇-၁၈ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲစင်းငုံနှင့် မတ်ပဲထုတ်လုပ်မှု ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ဆောင်းရာသီ စိုက်ပျိုးမှုအပါအဝင် ယခုနှစ်အတွင်း ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုက တန် ၄၂ ဒသမ ၅ သိန်းနှင့် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုက တန်ချိန် ၂၆ သိန်း ရှိမည်ဟု ခန့်မှန်းထားသည်။ မိုးရာသီ ပဲမျိုးစုံ စုစုပေါင်း ထုတ်လုပ်မှုမှာ တန်ချိန် ၈၇ သိန်းရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်က ပဲစင်းငုံ ထုတ်လုပ်မှုမှာ တန်ချိန် ၄၆ သိန်းနှင့် မတ်ပဲထုတ်လုပ်မှုမှာ တန်ချိန် ၂၉ ဒသမ ၃၀ သိန်းရှိခဲ့သည်။

ယခု ရက်သတ္တပတ်အတွင်း မဒ္ဒရာ ပရာဒေ့ရှ် မှပဲတီစိမ်းများ စတင်ဝင်ရောက်နေပြီဖြစ်ပြီး ဇွန်လလယ်တွင် ဥတ္တရာပရာဒေ့ရှ်မှ ပဲတီစိမ်းများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာမည်ဟု ခန့်မှန်းရသည်။ သို့သော်လည်း လက်ရှိ သီးနှံစိုက်ဧရိယာမှာမူ ၄၅ ရာခိုင်နှုန်းပြီးစီးနေခြင်းကြောင့် ဈေးကွက်ပေါ်တွင် ဖိအားပေးမှုများရှိနေပြီး ဈေးနှုန်းကို ကျဆင်းစေသည်။ ဈေးကွက်အတွင်းသို့ ရာဂျက်စသန်မှ ပဲအဝင်နည်းလာပြီဖြစ်သဖြင့် လက်ရှိ အခြေအနေအရ ဈေးနှုန်းအဆမတန်ကျဆင်းမည့် အခြေအနေမရှိသည်ကို တွေ့ရသည်။

**သိုလှောင်မှု ကန့်သတ်ချက်ရုပ်သိမ်းခြင်း**

ဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ဒေသခံ ပဲတောင်သူများ၏ ဆန့်ကျင်ကန့်ကွက်မှုများ မြင့်မားလျက်ရှိရာ ပဲမျိုးစုံသိုလှောင်မှု ကန့်သတ်ချက်များကို မဟာရသျှတ္တရာ အစိုးရက ရုပ်သိမ်းပေးခဲ့သည်။ သို့သော်လည်း ကုလားပဲရောင်းလိုအား ကျဆင်းမှုနှင့် ဈေးနှုန်းမှာ အစိုးရက သတ်မှတ်ထားသော အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (MSP) ထက်ကျော်လွန်နေသည့်အတွက် ကုလားပဲသိုလှောင်မှု ကန့်သတ်ချက်ကိုမူ ဆက်လက်ထားရှိသည်။ မဟာရသျှတ္တရာအစိုးရက သိုလှောင်မှုကန့်သတ်ချက်ကို ယခုနှစ်စက် တင်ဘာ ၃၀ အထိ သတ်မှတ်ထားသည်။ ပဲစင်းငုံဈေးနှုန်းသည် MSP ဈေးနှုန်း အောက်ဆက်လက်တည်ရှိနေမည်ဆိုပါက ပဲစင်းငုံပြည်ပတင်ပို့မှုကို ဆက် လက်ခွင့်ပြုထားဦးမည်ဖြစ်ကြောင်း သိရသည်။

**ပြည်ပမှတင်သွင်းလာသော ပဲများ၏ ဈေးနှုန်းအခြေအနေ**

မြန်မာနိုင်ငံမှ တင်သွင်းလာသော ပဲစင်းငုံနီဈေးနှုန်းမှာ CIF အခြေခံ ဈေးနှုန်းအရ ယခင်ရက်သတ္တပတ်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၆၅ နှုန်းရှိခဲ့ရာ မှ ယခုရက်သတ္တပတ်တွင် အမေရိကန်ဒေါ်လာ ၅၃၉ နှုန်းရှိခဲ့သည်။ မတ်ပဲ FAQ ဈေးမှာ တစ်တန်ကို ယခင်ရက်သတ္တပတ်ကရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၇၃၈ နှုန်းအတိုင်းရှိပြီး၊ SQ ဈေးမှာယခင်ရက်သတ္တပတ်က အမေရိကန်ဒေါ်လာ ၉၄၂ ဒသမ ၇ မှ ယခုအခါ အမေရိကန်ဒေါ်လာ ၉၁၈ နှုန်း၊ ပဲတီစိမ်း (Pedisheva) မှာ ယခင် ရက်သတ္တပတ်က အမေရိကန်ဒေါ်လာ ၉၁၀ ရှိခဲ့ရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၈၅၅ နှင့် ပဲတီစိမ်း (Pakakois) မှာ ယခင်က အမေရိကန်ဒေါ်လာ ၇၁၅ မှ ယခုအခါ အမေရိကန်ဒေါ်လာ ၆၉၅ သို့ အသီးသီးကျဆင်းခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိသော CNF ဈေးနှုန်းမှာမူ လာမည့် ရက်သတ္တပတ်များတွင် ပုံမှန်အတိုင်းရှိနေမည်ဟု ခန့်မှန်းရသည်။ အိန္ဒိယနိုင်ငံ ဈေးကွက်များတွင် ပဲအဝင်များသဖြင့် ဝယ်လိုအားကျဆင်းမည်ဟု ခန့်မှန်းရသည်။

အခြားနိုင်ငံများမှ တင်သွင်းလာသော ပဲမျိုးစုံအနက် ဩစတြေးလျမှ အရောင်းကျဆင်းမှုကြောင့် ကုလားပဲဈေးနှုန်းမြင့်တက်စေရန် ဆက်လက် အထောက်အကူပြုလျက်ရှိသည်။ ဇွန်မှ စက်တင်ဘာအထိ ကြိုရောင်းသော ကုလားပဲ(Desi) ဈေးကို ဩစတြေးလျနိုင်ငံက တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၀၀သတ်မှတ်သည်။ အောက်တိုဘာနှင့်နိုဝင်ဘာအတွက် ကြိုရောင်း ဈေးမှာမူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၆၀ နှုန်းသတ်မှတ်ထားသည်။

**ပြည်တွင်းပဲများ၏ ဈေးနှုန်းအခြေအနေ**

ပဲမျိုးစုံလက်ငင်း ဈေးကွက်တွင် ဈေးနှုန်းများ ဆက်လက်ကျဆင်းနေပြီး ဇွန်လအတွင်းတွင် ဤအခြေအနေမှ ပြန်လည်နာလန်ထူလာမည့် အခြေအနေကို မတွေ့ရသေးပေ။ ဈေးကွက် အခြေအနေ ကသောင်းကနင်း ဖြစ်နေသည့်အတွက် ဝယ်လက်တို့က ဝယ်လိုအားမရှိဘဲ ရှိနေသည်ကို တွေ့ရသည်။ ဈေးကွက်တွင် ငွေဖြစ်လွယ်မှု အားနည်းခြင်း၊ GST အခွန်နှင့် ပတ်သက်၍ ရှုပ်ထွေးမှုများရှိနေခြင်းနှင့် သွင်းကုန် လုပ်ငန်းများက လျှော့ဈေးဖြင့် ရောင်းချမှု မဟာဗျူဟာကို ကျင့်သုံးနေခြင်း စသည့်အကြောင်းတရားများကြောင့် ဈေးနှုန်းအခြေအနေမှာ အကျဘက်သို့ ဦးတည်နေသည်။ ပဲထုတ်လုပ်မှု စံချိန်တင် မြင့်တက်ခြင်း၊ ပဲတင်သွင်းမှု မြင့်မားခြင်းနှင့် သိုလှောင် လက်ကျန်ကို အစိုးရ ရှင်းလင်းရေး မဟာဗျူဟာချမှတ်ခြင်းနှင့် ကြိတ်ခွဲရေး လုပ်ငန်းများအတွက် အမြတ်အစွန်းနည်းခြင်းတို့ကြောင့် ပဲမျိုးစုံ လက်ငင်းဈေးကွက်ကို မတည်မငြိမ်ဖြစ်စေခဲ့သည်။

မိုးရာသီပဲများအတွက် ဈေးနှုန်းအခြေအနေ မှာ စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ စိုက်ပျိုးဧရိယာနှင့် မိုးရွာသွန်းမှု အခြေအနေပေါ်တွင် မူတည်နေသည်။ လောလောဆယ် ဈေးကွက်အခြေအနေ အပေါ်ယုံကြည်မှု အားနည်းနေသည်ကို တွေ့ရသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးဧရိယာ ၁၅ ရာခိုင်နှုန်း မှ ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းမှုကြောင့် ဇူလိုင်တွင် ဈေးနှုန်းများ မြင့်တက်လာဖွယ်ရှိသည်။ ပဲစိုက်ပျိုးမှု အခြေအနေကို ဇူလိုင်တွင် ရှင်းလင်း ပြတ်သားစွာ တွေ့မြင်နိုင်ပြီး အထူးသဖြင့် ပဲစင်းငုံ ထုတ်လုပ်မှုကျဆင်းမည့် လက္ခဏာရှိသည်။

**အပြည်ပြည်ဆိုင်ရာ ဈေးကွက်အခြေအနေ**

ကနေဒါနိုင်ငံ အွန်တေရီယို ပြည်နယ်အတွင်းရှိ ပဲအဓိက စိုက်ပျိုးသည့် ရပ်ဝန်းများတွင် မိုးကောင်းနေသည့်အတွက် ပြည်နယ်အတွင်းရှိ ပဲစိုက်ပျိုးမှု တိုးတက်နှုန်းမှာ နှေးကွေးလျက်ရှိသည်။ မိုးရွာသွန်းမှု ဆက်လက် ကောင်းမွန်မည့်အခြေအနေရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ထပ်မံ အဟန့်အတား ဖြစ်ပွားစေနိုင်ကြောင်း သတင်းများအရ သိရသည်။

## ဂူဂျာရတ်ပြည်နယ်တွင် ပဲမျိုးစုံနှင့် ဝါဂွမ်းလျှော့ချ၍ မြေပဲ စိုက်ဧရိယာတိုးချဲ့မည်

ဂူဂျာရတ်ပြည်နယ်တွင် အနောက် တောင်မုတ်သုံလေ စတင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် ပဲမျိုးစုံနှင့် ဝါ ဂွမ်းအစား မြေပဲကို အစားထိုးစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းဌာနတွင် ဖော်ပြသည်။ ၂၀၁၆-၁၇ ခုနှစ် စိုက်ပျိုးရာသီ တွင် ပြည်နယ်အတွင်း၌ မြေပဲဟက်တာ ၁ ဒသမ ၆၄ သန်းစိုက်ပျိုးခဲ့ရာ သုံးနှစ်အတွင်း အများဆုံး စိုက်ပျိုးသော ဧရိယာဖြစ်သည်။

ယခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲစိုက်ပျိုးဧရိယာမှာ ယခင်နှစ်က စိုက်ပျိုးခဲ့သော ဧရိယာထက် ပိုမိုစိုက်ပျိုးကြလိမ့်မည်ဟု ခန့်မှန်းကြသည်။ ပဲမျိုးစုံ စိုက်ပျိုးမှုဧရိယာသည် ဝါဂွမ်းစိုက်ပျိုးသည့် မြေဧရိယာ ကျဆင်းမှုထက် ပိုမိုကျဆင်းနိုင်သည်။ ဝါဂွမ်း စိုက်ပျိုးမှုဧရိယာမှာ ၂၀၁၆-၁၇ ခုနှစ်အတွင်းက ဟက်တာ ၁၀ ဒသမ ၅ သန်းရှိခဲ့ရာ သုံးနှစ်အတွင်း စံချိန်တင် အနည်းဆုံး ဧရိယာဖြစ်သည်။ ယခင်နှစ်က ဝါဂွမ်း စိုက်ပျိုးသည့်နယ်မြေများတွင် ဝါပိုးများကျရောက်မှုကြောင့် တောင်သူများ အရှုံးပေါ်ခဲ့ရသည်။

ယခင်နှစ်က မြေပဲစိုက်ပျိုးမှု စံချိန်တင်မြင့်တက်ခဲ့သည့်အတွက် မြေပဲထုတ်လုပ်မှု ပမာဏမှာ တန်ချိန် ၂ ဒသမ ၆သန်းရှိသည့်အတွက် လွန်ခဲ့သည့်နှစ်များအတွင်း အမြင့်ဆုံး ထုတ်လုပ်မှုဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး စောစီးစွာ ရွာသွန်းမှုကြောင့် ယခုနှစ်တွင် ဝါဂွမ်းအထွက်နှုန်းကောင်းမွန်မည်ဟု ခန့်မှန်းပြီး ဝါ ဂွမ်းထုတ်လုပ်ရေး စက်ရုံများနှင့် ကုန်သည်များက ပြည်ပမှ ဝါဂွမ်းတင်သွင်းမှု အမှာစာများကို ဆိုင်း ငံ့ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းများ ပြုလုပ်လျက်ရှိသည်။

လောလောဆယ်တွင်မူ ဝါဂွမ်းဘေထုပ် သုညဒသမ ၂ သန်းရှိ ပဋိညာဉ်စာချုပ်များကို ဖျက်သိမ်းထားပြီးဖြစ်သည်။ ယခုနှစ်တွင် ဝါဂွမ်းတင်သွင်းမှုမှာ ထူးထူးခြားခြား ကျဆင်းမည်ဟု ခန့်မှန်းရသည်။

၂၀၁၆-၁၇ ခုနှစ် သီးနှံရာသီအတွင်း အိန္ဒိယနိုင်ငံ ၏ ဝါ ဂွမ်းတင်သွင်းမှုမှာ ဘေထုပ် သုံးသန်းခန့်ရှိခဲ့ရာ အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ ယခုနှစ်တွင် ဘေထုပ် ၂ ဒသမ ၅ သန်း ပိုမိုတင်သွင်းနိုင်ဖွယ်မရှိဟု ခန့်မှန်းကြသည်။

## ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းလျက်ရှိသဖြင့် အစိုးရက ဝင်ရောက်ဖြေရှင်းရန် အိန္ဒိယ ဗဟိုဘဏ်က တိုက်တွန်း

ရောင်းလိုအား အလျှံပယ်မြင့်တက်မှုကြောင့် ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဈေးနှုန်းကျဆင်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် အစိုးရက ဝင်ရောက်၍ ထိန်းသိမ်းကွပ်ကဲရန် အိန္ဒိယ ဗဟိုဘဏ်က တိုက်တွန်းကြောင်း ကွန်မိုဒီတီသတင်းတွင် ဖော်ပြသည်။

ယခုနှစ်အတွင်း ပဲမျိုးစုံ ထွက်ရှိမှု စံချိန်တင် မြင့်တက်ခဲ့သဖြင့် ဈေးနှုန်းများ ကျဆင်းလျက်ရှိရာ အထူးသဖြင့် ပဲစင်းငုံခွဲခြမ်းဈေးနှုန်းမှာ အနိမ့်ဆုံး ထောက်ပံ့ကြေးဈေးနှုန်း (MSP) ဖြစ်သည့် တစ်ကွင်တယ်ကို ရူပီး ၅၀၅၀ အောက်ကျဆင်းခဲ့သည်။

ထုတ်လုပ်မှု စံချိန်တင်မြင့်တက်ခြင်းနဲ့ ပြည်ပမှတင်သွင်းခြင်းတို့ကြောင့် ရောင်းလိုအား အလျှံပယ်ကြွယ်ဝမှုဒဏ်ကိုခံရပြီး ပဲဈေးနှုန်းများ ကျဆင်းခဲ့ကြောင်းနှင့် ဈေးနှုန်းကျဆင်းမှုကို ထိန်းချုပ်ရန် မူဝါဒဆိုင်ရာ ကြီးကြပ်ထိန်းကွပ်မှုများ ဆောင်ရွက်ရန်လိုကြောင်း အိန္ဒိယ ဗဟိုဘဏ်မှ တစ်လ နှစ်ကြိမ် ထုတ်ပြန်သော ၂၀၁၇-၂၀၁၈ ငွေကြေးမူဝါဒ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

စိုက်ဧရိယာ တိုးချဲ့မှု၊ ဝယ်ယူဖြည့်တင်းမှု၊ အရန်သိုလှောင်မှုနှင့် ပြည်ပမှ တင်သွင်းမှုတို့ကြောင့် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ ဈေးနှုန်းများ တစ်ဟုန်ထိုးကျဆင်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ပြည်တွင်းပြည်ပမှ ပဲမျိုးစုံတန်ချိန် နှစ်သန်းကို ကြားခံအရန်သိုလှောင်မှုအဖြစ် အစိုးရက ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူခဲ့သည့် ပမာဏအနက် တန်ချိန် ၁ ဒသမ ၆ သန်းမှာ ပြည်တွင်းတောင်သူများထံမှ အစိုးရက တိုက်ရိုက်ဝယ်ယူခဲ့ခြင်းဖြစ်သည်။

မုတ်သုံမိုးကောင်းမွန်မှု၊ MSP နှုန်းမြင့်တက်မှုနှင့် အစိုးရက ဝယ်ယူဖြည့်တင်းမှုတို့ကြောင့် ပဲမျိုးစုံထုတ်လုပ်မှုမှာ ယခင်နှစ်က တန်ချိန် ၁၆ ဒသမ ၃၅ သန်းရှိရာမှ ဇွန်တွင် ကုန်ဆုံးမည့် ၂၀၁၆-၁၇ ခုနှစ် သီးနှံရာသီတွင် တန်ချိန် ၂၂ ဒသမ ၄၀ သန်းရှိမည်ဟု လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ခန့်မှန်းသည်။




ဖြိုတိန်၌ ရွေးကောက်ပွဲရလဒ်၊ ဥရောပဗဟိုဘဏ်၏ မူဝါဒ အစည်းအဝေးနှင့် အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးဟောင်းဂျိမ်းကိုမီး၏ အထက်လွှတ်တော်ကြားနာစစ်ဆေးမှုစသည့် အရေးကြီးသော အဖြစ်အပျက်များ နီးကပ်ချိန်တွင် ရင်းနှီးမြှုပ်နှံသူများက အခြေအနေကို သတိထားစောင့်ကြည့်လေ့လာလျက်ရှိသည့်အတွက် အာရှငွေကြေးများ၏တန်ဖိုးများ ကျဆင်းခဲ့သည်။

ကိုမီး၏ စာဖြင့်ထွက်ဆိုချက်များက ဒေါ်နယ်ထရမ့်နှင့်ရုရှားနိုင်ငံတို့၏ ဆက်သွယ်မှုနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှုများအတွက် တစ်စုံတစ်ရာထူးခြားမှုမရှိသေးသည့်အတွက် ဇွန် ၈ ရက်တွင် ဒေါ်လာအညွှန်းကိန်းက ပြန်လည်မြင့်တက်လာခဲ့သည်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်၏ ရည်ညွှန်းဖလှယ်နှုန်းမှာ ဇွန် ၉ ရက်က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၇၉၇၁ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ ယခင်နေ့က သတ်မှတ်ခဲ့သော အမေရိကန် တစ်ဒေါ်လာ ၆ ဒသမ ၇၉၃၀ နှုန်းနှင့် နှိုင်းယှဉ်ပါက ဒေါ်လာတန်ဖိုးမြင့် တက်ပြီး ယွမ်ငွေတန်ဖိုး ကျဆင်းခဲ့သည်။

ယွမ်ငွေကြေး၏ ရည်ညွှန်းဖလှယ်နှုန်းကို သတ်မှတ်ရာတွင် ဝယ်လိုအားနှင့်ရောင်းလိုအားအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်၏ ကြီးကြပ်မှုအရ ဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနက ပြောသည်။

ပြည်တွင်း လက်ငင်းဈေးကွက်တွင် ယွမ်ငွေကြေး၏ ဖလှယ်နှုန်းမှာ ဇွန် ၉ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၀၀၀ ယွမ်နှုန်းရှိခဲ့ရာ ယမန်နေ့ဈေးပိတ်ချိန်ကရှိခဲ့သော ဈေးနှုန်းအောက် သုည ဒသမ ၀၅ ရာခိုင်နှုန်းသာကျဆင်းခဲ့သည်။

**အိန္ဒိယရူပီး**

ကမ္ဘာ့ငွေကြေးဈေးကွက် အခြေအနေအရ သွင်းကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များ၏ အမေရိကန်ဒေါ်လာဝယ်လိုအားပိုမိုမြင့်တက်လာသည့်အတွက် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ဇွန် ၉ ရက်က ရူပီးတန်ဖိုးမှာ သုည ဒသမ ၀၆ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၄ ဒသမ ၂၇ ရူပီးနှုန်းရှိခဲ့သည်။ ကမ္ဘာ့အရေးအခင်းများ ဖြစ်ပေါ်တိုးတက်မှုအရ ပင်လယ်ရပ်ခြားဒေသတွင် အဓိကငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းကလည်း ရူပီးတန်ဖိုးကို ဂယက်ရိုက်ခတ်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

နယူးယောက်တွင် ဇွန် ၈ ရက်နေ့ကဖလှယ်နှုန်းများနှင့်အညီ တိုကျိုဈေးကွက်တွင်လည်း ဇွန်၉ ရက်က အမေရိကန်ဒေါ်လာတန်ဖိုးမှာ ၁၀၉ ဒသမ ၅ ယန်းအထက်တွင်ရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့်ယန်းငွေ ဖလှယ်နှုန်းမှာ ဇွန် ၈ ရက် ညနေ ၅ နာရီက နယူးယောက်ဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာကို ၁၀၉ ဒသမ ၉၅ ယန်းနှုန်းနှင့် တိုကျိုဈေးကွက်တွင် ၁၀၉ ဒသမ ၇၆ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ ဈေးအဖွင့်တွင် တစ်ဒေါ်လာကို ၁၀၉ ဒသမ ၉၀ ယန်းနှုန်း ရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာမူ ဇွန် ၈ ရက်ညနေပိုင်းက နယူးယောက်ဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၀၈ နှင့် ၁၂၃ ဒသမ ၃၈ ယန်းနှုန်းဖြင့် လည်းကောင်း၊ တိုကျိုဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၅၉ နှင့် ၁၂၃ ဒသမ ၅၈ ယန်းနှုန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၁၉၂ နှင့် ၁၂၃ဒသမ ၀၂ ယန်းနှုန်းရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

ရင်းဂစ်ငွေကြေးကို ဝယ်လိုအားမရှိသည့်အတွက် ဇွန် ၈ ရက်ကတန်ဖိုးကျဆင်းနေခဲ့သော ရင်းဂစ်ငွေကြေးတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာ၌ ဇွန် ၉ ရက်တွင်လည်း ဆက်လက်ကျဆင်းခဲ့သည်။

ရင်းဂစ်တန်ဖိုးသည် ဇွန် ၈ ရက် ဈေးပိတ်ချိန်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၆၇၀ ရင်းဂစ်နှုန်း ရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၂၆၉၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

အခြားအဓိကငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးမှာအတက်အကျ အမျိုးမျိုးရှိခဲ့သည်။

**တောင်ကိုရီးယားဝမ်**

ဇွန် ၉ ရက်နေ့ နံနက်ပိုင်းတွင် တောင်ကိုရီးယားစတော့ရှယ်ယာ ဈေးနှုန်းများမြင့်တက်ခဲ့ရာ တစ်ရက်အတွင်း မြင့်တက်မှုနှုန်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ အလားတူပင် တောင်ကိုရီးယား ဝမ်တန်ဖိုးမှာ ယခင်နေ့က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက နှစ်ဝမ် မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၂၀ ဒသမ ၁၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ဘတ်ငွေတန်ဖိုးသည် နှစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ရာမှ ယခုရက်သတ္တပတ်စောစောပိုင်းက ပြန်လည်ကျဆင်းခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ပြန်လည်မြင့်တက်ခဲ့သည်။ ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ဘတ်ငွေတန်ဖိုးသည် ဇွန် ၉ ရက်က သုည ဒသမ ၁၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၄ ဒသမ ၀၂ ဘတ်နှုန်းရှိခဲ့သည်။

## စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ထိုင်းဗဟိုဘဏ်က ငွေကြေးစည်းမျဉ်းများကိုလျှော့ချ

ပုဂ္ဂလိကကဏ္ဍမှ ဘဏ်လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ်ကို လျှော့ကျစေရန်အတွက် နိုင်ငံခြားငွေကြေးဖလှယ်ရေး စည်းမျဉ်းဥပဒေအချို့ကို ထိုင်းဗဟိုဘဏ်က လျှော့ချပေးခဲ့ကြောင်း ဘီဇနက်မိုင်ရာသတင်းတွင် ဖော်ပြသည်။

လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းပြတ်သားစေရန် ကြီးကြပ်ထိန်းသိမ်းမှုဆိုင်ရာ ပြောင်းလဲမှုအတွက် အချိန်ဇယားကို ထိုင်းဗဟိုဘဏ်က ဇွန် ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဗဟိုဘဏ်၏ ဆောင်ရွက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ၏ ဘဏ်လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်ကို နှစ်စဉ် ဘတ်တစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၉ သန်း) သက်သာစေနိုင်ပြီး၊ အချို့သောပြောင်းလဲမှုများမှာ ယခုလမှစ၍ အကျိုးသက်ရောက်မှုရှိစေနိုင်ကြောင်း ဗန်ကောက်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဗီရက်ထိုင်းဆန်တီပရာဘိုက ပြောသည်။

ဘတ်ငွေကြေးတန်ဖိုးမြင့်တက်မှုကို ဗဟိုဘဏ်က စိုးရိမ်မှုရှိကြောင်းနှင့် ငွေကြေးမူဝါဒကော်မတီက အခြေအနေကို လေ့လာစောင့်ကြည့်နေကြောင်းနှင့် လိုအပ်ပါက အရေးယူဆောင်ရွက်ရန် အသင့်ရှိကြောင်း ဗီရက်ထိုင်းက ပြောသည်။ ပို့ကုန်ကိုအားထားနေရသည့် ထိုင်းနိုင်ငံက ကုန်သွယ်မှုတွင် အခွင့်သာမှုရရှိစေရန်အတွက် ဘတ်ငွေကြေးဖလှယ်နှုန်းကို ဈေးကစားနေကြောင်း စောစောပိုင်းက စွပ်စွဲမှုများကိုလည်း သူကငြင်းဆိုခဲ့သည်။

**ဘဏ်တင်-စုစည်းတင်ပြသည်**

## အိန္ဒိယဗဟိုဘဏ်က အဓိကအတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထားရှိ




အိန္ဒိယဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချခန့်မှန်းပြီး ဗဟိုဘဏ်၏ ရည်ညွှန်း အတိုးနှုန်းကို ၆ ဒသမ ၂၅ နှုန်းအတိုင်း မပြောင်းလဲဘဲ ဆက်လက်ထားရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဗဟိုဘဏ်မှ ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ ထုတ်ချေးသော အတိုးနှုန်းကိုလည်း ခြောက်နှစ်ခွဲအတွင်း အနိမ့်ဆုံးနှုန်းအတိုင်း ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ရာ ထိုဆုံးဖြတ်ချက်မှာ ငွေကြေးမူဝါဒကော်မတီ အစည်းအဝေးမတိုင်မီ ရိုက်တာသတင်းဌာနက လေ့လာဆန်းစစ်ရေးမှူး ၆၀ ဦး၏ သဘောထားကို စစ်တမ်းကောက်ယူခဲ့ရာ ၅၆ ဦး၏ သဘောထားနှင့်ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။

ဗဟိုဘဏ်မှ ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ ထုတ်ချေးသောအတိုးနှုန်းကိုလည်း မူလသတ်မှတ်သော ခြောက်ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် ဘဏ်များက အရန်ထားရှိမည့် ငွေဖြစ်လွယ်မှုအချိုးကို သုည ဒသမ ၅၀ ရာခိုင်နှုန်းလျှော့ချပြီး ဇွန် ၂၄ ရက်နေ့မှစ၍ ၂၀ ရာခိုင်နှုန်းသတ်မှတ်ခဲ့သည်။

ဗဟိုဘဏ် ငွေကြေးမူဝါဒကော်မတီက မဲခွဲဆုံးဖြတ်ရာတွင် ငါးမဲ တစ်မဲဖြင့်ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ရာ ယခင်နှစ် စက်တင်ဘာက ငွေကြေးမူဝါဒကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်း ကျင်းပသော အစည်းအဝေးငါးကြိမ်အနက် ပထမဆုံးအကြိမ် သဘောထားကွဲလွဲမှုဖြစ်သည်။


MITSUBISHI
MOTORS
Yangon License
Available Now !
L200
PAJERO
PAJERO SPORT
ASX
Call us : 09 260 902 943, 01 514 522


Tasaki
Air Conditioners
EU
BAC
Ducted Type
BFCA
Floor Standing
AHU
Double Skin
DPRT
Packaged Air Cooled
CE
BVC
Top Discharge Condensing Unit
PWC
Package Water Cooled
Floor / Ceiling Mounted (Manual Swing)
FGY Series
Wall Mounted
FWME Series
Low Static Ceiling Concealed
BIC Series
Outdoor (Side Discharge)
CS Series
Floor Standing (Plastic Casing)
BFCA Series
Outdoor (Top Discharge)
CTM Series
Address : No.F 52, Thiri Yadanar Highway Complex, North Okkalapa Township, Yangon. Tel : 09 402501816

# GRAND HANTHA INTERNATIONAL HOSPITAL

## SOFT OPENING CEREMONY

## လှိုက်လှဲဝမ်းသာစွာဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

GREEN. GRAND. CARE FOR THE PEOPLE





**GRAND HANTHA INTERNATIONAL HOSPITAL** ပထမအဆင့် ဖွင့်ပွဲ အထိမ်းအမှတ် ကျန်းမာရေး စစ်ဆေးမှု ကုသိုလ်ပြုခြင်း ခံယူတော်မူရန် သီတင်းသုံး ကြွရောက်ချီးမြှင့်တော်မူကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး (၄၇)ပါး၊ မဟာစည်သာသနာ့ ရိပ်သာမှ ဆရာတော် (၁၀)ပါး၊ မြိတ်မြို့မှ ဆရာတော် (၁၅)ပါး၊ သဘာဝတရားရိပ်သာ ဆရာတော်တို့အားလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မေလ (၂၇) ရက် နေ့တွင် ကျင်းပပြုလုပ်သော ပထမအဆင့် ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ကြွရောက်ချီးမြှင့်၍ ဆေးရုံ ကမ္ပည်းမော်ကွန်းအား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပါသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း အားလည်းကောင်း၊ အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပါသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ မြန်မာနိုင်ငံဆေးကောင်စီ နာယက ဒေါက်တာမောင်မောင်ဝင့်၊ ကမာရွတ်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးသာထွန်းကျော်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ **GRAND HANTHA INTERNATIONAL HOSPITAL** ၏ Founder ဝဏ္ဏကျော်ထင် ဦးဌေးမြင့် နှင့် Clinical Chair ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းအေး တို့အား လည်းကောင်း၊ **GRAND HANTHA INTERNATIONAL HOSPITAL** အောင်မြင်စွာ ဖွင့်လှစ်နိုင်ရန် တည်ဆောက်ပေးသော Yuzana Construction Co.,Ltd. နှင့်တည်ဆောက်စဉ်ကာလအတွင်း ကြွရောက်ချီးမြှင့်၍ အကြံကောင်း ဉာဏ်ကောင်းနှင့် အားပေးလမ်းညွှန်မှုများပေးခဲ့ကြပါသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း နှင့်ဇနီး ဒေါ်ခင်လေးသက်၊ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘာသာရပ်အလိုက် ပါမောက္ခများ၊ ပြည်တွင်းပြည်ပမှ ဆရာဝန်ကြီးများနှင့် နည်းပညာရှင်များကိုလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ ဆေးပညာရှင် ပါမောက္ခကြီးများ၊ ဆရာဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးကိုလည်းကောင်း၊ ဂုဏ်ပြုပန်းခြင်းများ၊ ပန်းချီကားချပ်များ၊ လက်ဆောင်များ ပေးပို့ကြခြင်း၊ သတင်းစာများ၊ Phone, Email, Facebook များမှတစ်ဆင့် ဂုဏ်ယူဝမ်းမြောက် ဆုမွန်ကောင်း စကားများ ချီးမြှင့်ပေးကြသော World Class Medical Equipment & Devices, Hospital Specialized Construction Materials Supplier ကုမ္ပဏီကြီးများ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကြီးများ၊ ပြည်တွင်း ပြည်ပမှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ၊ မိဘ ပြည်သူများ အားလုံးကိုလည်းကောင်း၊ မှတ်တမ်းတင် သတင်းနှင့် ဓာတ်ပုံ၊ ဗွီဒီယိုများ ရိုက်ကူးပေးကြပသော သတင်းစဉ်၊ MRTV၊ MRTV-4၊ Sky Net၊ MNTV၊ မိုးကိုဦးအဖွဲ့၊ Exposure အဖွဲ့၊ မီဒီယာအသီးသီးမှ သတင်းထောက်များ၊ ဖဲကြိုးနှင့် ဗန်းကိုင် အလှမယ်လေးများအား မေတ္တာဖြင့် ကူညီစီစဉ်ပေးပါသော Talents & Models Agency မှ MD ဒေါ်တင်မိုးလွင်၊ Signature မှ မအေးသာနှင့် အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ယုဇနမိသားစုများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင် လှိုက်လှဲဝမ်းသာစွာ ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အတူတကွ ကြီးပွားတိုးတက် အောင်မြင်ပါစေကြောင်း **GRAND HANTHA INTERNATIONAL HOSPITAL** မိသားစုမှ ဆုမွန်ကောင်းနှင့်အတူ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။



COMMERCE INTERNATIONAL

# ဆန်တင်သွင်းသောနိုင်ငံများ၏ ဝယ်လိုအားမြင့်တက်မှုကြောင့် လေးနှစ်အတွင်း ထိုင်းဆန်စျေးနှုန်း အမြင့်ဆုံးသို့ ရောက်ရှိ

ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် ထိုင်းဆန်စျေးနှုန်းသည် လေးနှစ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိပြီး ဗီယက်နမ်ဆန်စျေးမှာလည်း နှစ်နှစ်အတွင်း အမြင့်ဆုံးနှုန်းသို့ရောက်ရှိခဲ့ကြောင်း ဇွန် ၈ ရက် တွင် ကုန်သည်များက ပြောကြားခဲ့သည်ကို ရိုက်တာသတင်းတွင်ဖော်ပြသည်။

ထိုင်းငါးမှတ်ဆန်၏ အခြေခံစံထားစျေးနှုန်းမှာ ဗန်ကောက်အက်ဖ်အိုဘီစျေးနှုန်းအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၄၀ မှ ၄၅၇ အကြားရှိခဲ့ရာ ယခင်ရက်သတ္တပတ်က ရှိခဲ့သော စျေးနှုန်းဖြစ်သည့် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၃၀ မှ မြင့်တက် လာခြင်းဖြစ်သည်။

ထိုင်းဆန်စျေးနှုန်းများမှာ ကုန်သည်များ စတင်တင်ပို့သော မတ်မှစ၍ မှန်မှန်မြင့်တက်လာခဲ့ရာ ၂၀၁၃ ခုနှစ် ဩဂုတ်နောက်ပိုင်းတစ်ကြိမ်မှ မရောက်ဘူးသေးသော အခြေအနေသို့ ရောက်ရှိခဲ့သည်။

"သဘော်ာတွေက ဝင်လာနေဆဲ ဖြစ်ပါတယ်။ ပို့ကုန်လုပ်ငန်းတွေကလည်း သဘော်ာတင်ပို့နိုင်ဖို့အတွက် ဆန်များကို ဝယ်ယူနေကြပါတယ်" ဟု ဗန်ကောက်ရှိ ကုန်သည်တစ်ဦးကပြောသည်။

ယခုအခါပို့ကုန်လုပ်ငန်းများက စာချုပ်ချုပ်ဆိုစဉ်ကာလက ပေါက်စျေးထက် စျေးများစွာပိုပေးပြီး ဆန်များကို ဝယ်ယူလျက်ရှိနေသဖြင့် အချို့ကုန်သည်များက စာချုပ်သစ်များချုပ်ဆိုရန် လက်ရှောင်လျက်ရှိကြောင်း သူကပြောသည်။

ယခုနှစ်ယခုအချိန်အထိ ထိုင်းအစိုးရက ဆန်တန်ချိန် ၅ ဒသမ ဝ၉ သန်း ဝယ်ယူခဲ့ရာ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဇွန် ၇ ရက်တွင် အစိုးရက ထုတ်ပြန်သည်။



ဗီယက်နမ်ငါးမှတ်ဆန်မှာ ဆိုင်ဂုံအက်ဖ်အိုဘီစျေးအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၉၅ ဒသမ ၄၀၀ အထိ ရောက်ရှိခဲ့ရာ ယခင်ရက်သတ္တပတ်ကရှိခဲ့သော တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၀၀ မှ မြင့်တက်လာခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာနောက်ပိုင်းအမြင့်ဆုံးစျေး နှုန်းဖြစ်သည်။

ယခုနှစ်တွင် ဆန်အဓိက တင်သွင်းသော နိုင်ငံများမှ ဝယ်လိုအားမြင့်တက်လာသည့်အတွက် ကမ္ဘာတွင် ဒုတိယနှင့် တတိယအများဆုံး ဆန်တင်ပို့နိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်စျေးနှုန်းများ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ကုန်သည်များက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရန်ဆန်သိုလှောင်လက်ကျန်မှာ ၁၀ နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိပြီး ရေလွှမ်းမိုးမှုကြောင့် ဆန်ထုတ်လုပ်မှု လျော့ကျခဲ့သဖြင့် ပြည်တွင်းဆန်စျေးများ စံချိန်တင်မြင့်တက်မှုကို ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့ဖြစ်ရာ အစိုးရအချင်း ချင်းချုပ်ဆိုသော စာချုပ်အရ ဗီယက်နမ်ဆန်တန်ချိန် နှစ်သိန်းခွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက တင်သွင်းမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၇ ခုနှစ် အကုန်အထိ ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန်ငါးသိန်းကို တင်သွင်းရန်နှင့် ၂၀၂၂ ခုနှစ်အထိ နှစ်စဉ် ဗီယက်နမ် ဆန်တန်ချိန်တစ်သန်းဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အလားတူ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်လည်း ဆွေးနွေးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံကလည်း ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့က ဆန်တန်ချိန် နှစ်သိန်းခွဲ တင်သွင်းရန် လာမည့်လတွင် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြည်ပမှ ဝယ်လိုအားမြင့်တက်မှုကြောင့် ကမ္ဘာတွင်ဆန်အများဆုံး တင်ပို့သော အိန္ဒိယ နိုင်ငံတွင် ပေါင်းဆန်ငါးမှတ်ဆန်စျေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၄၁၅ မှ ၄၁၈ အထိရောက်ရှိခဲ့သည်။

## ရောင်းလိုအားမြင့်တက်မှုကြောင့် ရေနံစိမ်းစျေးနှုန်းများ ဆက်လက်ကျဆင်း

ထုတ်လုပ်မှုကို ပြန်လည်ထိန်းချုပ်ထားခြင်းဖြင့် ရေနံတင်ပို့သောနိုင်ငံများအဖွဲ့(အိုပက်) က စျေးကွက်ကို ထိန်းချုပ်နိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိသော်လည်း ရေနံစိမ်းရောင်းလိုအား ဆက်လက်မြင့်တက်နေသည်ကို တွေ့ရသည့်အတွက် ဇွန် ၉ ရက်တွင် ရေနံစိမ်းစျေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဘရင့်ရေနံစိမ်း ကြိုရောင်းစျေးနှုန်းများမှာ ဇွန် ၉ ရက်ဂရင်းနစ်စံတော် ချိန် နံနက် ၃၉ မိနစ်က တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၇ နှုန်း သို့ရောက်ရှိခဲ့ရာ ယမန်နေ့စျေးပိတ်ချိန်က စျေးနှုန်းအောက် သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အိုပက်အဖွဲ့က ခေါင်းဆောင်ပြီး ရေနံထုတ်လုပ်မှုကို ၂၀၁၈ ခုနှစ် ပထမသုံးလပတ်အထိ လျှော့ချထားရန် ဆုံးဖြတ်ခဲ့သည့် မေ ၂၅ ရက်က အဖွင့်စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုစျေးနှုန်းသည် ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အမေရိကန်ပြည်ထောင်စု အနောက်တက္ကဆပ်ရေနံစိမ်း (West Texas Intermediate - WTI) ၏ ကြိုရောင်းစျေးမှာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၄၄ နှုန်းသို့ ရောက်ရှိခဲ့ရာ ဇွန် ၈ ရက်စျေးပိတ်ချိန်က စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၄၄ ရာခိုင်နှုန်းကျဆင်းပြီး မေ ၂၅ ရက်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ရေနံအရန်သိုလှောင်မှုမှာ ယခုရက်သတ္တပတ်တွင် စည် ၅၁၃ ဒသမ ၂ သန်းထိရောက်ရှိခဲ့ကြောင်း စွမ်းအင်သတင်းအချက်အလက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ (Energy Information Administraion -EIA) မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

ရေနံစိမ်းလက်ကျန်များ မြင့်တက်လာရခြင်းမှာ အမေရိကန်ရေနံစိမ်း ထုတ်လုပ်မှုမြင့်တက်လာခြင်းက တစ်စိတ်တစ်ပိုင်းအားဖြင့်ပါဝင် သည်။ အမေရိကန်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၁၆ ခုနှစ် နှစ်လယ်က ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်ရက်ကိုစည် ၉ ဒသမ ၃ သန်းအထိ ရောက်ရှိခဲ့သည်။ လာမည့်နှစ်တွင် တစ်ရက်ကိုစည် ၁၀ သန်းအထိ စံချိန်တင် ထုတ်လုပ်နိုင်မည်ဟု EIA က ခန့်မှန်းထားရာ ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုတွင် ထိပ်တန်း နေရာကို ရောက်ရှိနေသော ဆော်ဒီအာရေဗီးယားနိုင်ငံကို စိန်ခေါ်လာနိုင်သည်။

## ခြံမွေးတိရစ္ဆာန်ထွက်ပစ္စည်းများအား ပြည်ပသို့တင်ပို့မှုကို မြှင့်တင်ရန် ဗီယက်နမ်နိုင်ငံက နည်းလမ်းရှာ

ဗီယက်နမ်နိုင်ငံ၏ ခြံမွေးတိရစ္ဆာန်လုပ်ငန်းမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသော်လည်း ပြည်ပသို့ တင်ပို့မှုကို ကောင်းစွာ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံမှ ထွက်ရှိသော ခြံမွေးတိရစ္ဆာန် ထွက်ကုန်အများစုမှာ ပြည်တွင်း စျေးကွက်များတွင်သာ ရောင်းချလျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဖမ်ဗန်ဒေါင်းကပြောသည်။

ဒေါင်း၏ အဆိုအရ သားသတ်ရုံများ၊ တိရစ္ဆာန် မွေးမြူရေးခြံများ၏ အရည်အသွေး နိမ့်ကျမှုနှင့် ရောဂါအန္တရာယ်များကြောင့် ပြည်ပသို့ ခြံမွေးတိရစ္ဆာန် ထွက်ကုန်တင်ပို့မှုသည် ဖွံ့ဖြိုးတိုးတက်မှု အလားအလာနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေသေးကြောင်း သိရသည်။

"ဗီယက်နမ်နိုင်ငံရဲ့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေက အသေးစားလုပ်ငန်းများသာဖြစ်ပြီး နေရာအမျိုးမျိုးမှာ ပြန့်ကျဲနေပါတယ်။ မွေးမြူတဲ့နေရာမှာလည်း တိရစ္ဆာန်တွေပြည့်ကျပ်နေတဲ့အတွက် ရောဂါဖြစ်ပွားမယ့် အန္တရာယ်ရှိနေပြီး ခြံမွေးတိရစ္ဆာန်ထွက်ကုန်တင်ပို့မှုကို ထိခိုက်နိုင်ပါတယ်" ဟု ယခုရက်သတ္တပတ်တွင် ဟန်ွိုင်းမြို့၌ ကျင်းပသော နှီးနှောဖလှယ်ပွဲတစ်ခု၌ ဒေါင်းကပြောသည်။

၂၀၁၆ ခုနှစ်တွင် ပြည်ပသို့ ဝက်သားတင်ပို့မှုမှာ စုစုပေါင်းတန်ချိန် ၁၁၀၀၀ ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ပထမငါးလတွင် ဝက်သားတင်ပို့မှုသည် တန်ချိန် ၁၀၆၀၀ ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၆ သန်းနီးပါးရှိခဲ့သည်။

ကြက်ငှက်မွေးမြူရေး လုပ်ငန်းများမှ ကြက်အရှင်နှင့် အေးခဲကြက်သားနှစ်မျိုးစလုံးကို ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိကြောင်း ဒေါင်းကပြောသည်။ လောလောဆယ်တွင်မူ ဂျပန်နိုင်ငံသို့ ကြက်သားတင်ပို့ရန် မှတ်ပုံတင်ထားသော ကုမ္ပဏီနှစ်ခုရှိသည်။ ဥစားကြက်ဘဲ မွေးမြူရေးလုပ်ငန်းကိုကြည့်ပါက ဟောင်ကောင်၊ စင်ကာပူနှင့် ဂျပန်သို့ ဆေးဘဲဥနှင့် စည်သွပ်ငုံးဥတင်ပို့သော ကုမ္ပဏီငါးခုရှိသည်။

စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကုန်သွယ်ဖက်များက ဗီယက်နမ်ဝက်သားကို တင်သွင်းလိုသည့်ဆန္ဒ ရှိကြသော်လည်း ဗီယက်နမ် ထွက်ကုန်များ၏ ထုတ်လုပ်မှုနှင့် ကျန်းမာရေးဘေးအန္တရာယ်ကင်းရှင်းမှုတွင် သက်ဆိုင်ရာနိုင်ငံတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အတွက် စိတ်ပြောင်းသွားကြကြောင်း နှီးနှောဖလှယ်ပွဲတက်ရောက်လာသော ဝက်သားထုတ်လုပ်တင်ပို့ရေး ကုမ္ပဏီဖြစ်သည့် သန်းလွှိုင်ကုမ္ပဏီဥက္ကဋ္ဌ ငုယင်ဒပ်ဟောင်ကပြောသည်။

ခြံမွေးတိရစ္ဆာန် ထွက်ကုန်များ ပြည်ပသို့တင်ပို့မှုကိုမြှင့်တင်ရန်အတွက် ခြံမွေးတိရစ္ဆာန် ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုအရေအတွက်နှင့် စျေးနှုန်းကို အဓိကမထားဘဲ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တွင် အရည်အသွေး တိုးတက်ကောင်းမွန်ရေးကို အလေးပေး ဆောင်ရွက်သင့်ကြောင်းနှင့် အဓိကအလေးပေးဆောင်ရွက်သင့်သော အခြေအနေနှစ်ခုမှာ ကုန်ထုတ်လုပ်မှုပစ္စည်းများနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးတို့ပင်ဖြစ်ကြောင်း ဟောင်က ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်